MTSH

Myanmar Thilawa SEZ Holdings Public Co., Ltd

Shwe Zabu River View Complex

23G–1, No. 3B, Tower (A), 9th Floor (Penthouse),
Strand Road, Ahlone Township, Yangon.

Tel : +951 2301772, 2301773, 2301853
E–mail : info@mtshmyanmar.com
Websiter : www.mtshmyanmar.com

MTSH

ANNUAL REPORT

2025-2026

MTSH

Myanmar Thilawa SEZ Holdings Public Co., Ltd

Annual Report 2025–2026

Beyond The Horizon
Expand, Enable, Envision

MTSH

MYANMAR THILAWA SEZ HOLDINGS PUBLIC Co., LTD.

BEYOND THE HORIZON

Expand, Enable, Envision

Annual Report 2025-2026

Table of Contents

Message from THE CHAIR

Vision, Mission, and Values

01. Corporate Profile 10

Understanding MTSH

- Company Profile and Business Overview
- Corporate Structure and Subsidiaries
- Highlight of the Year
- Operational Footprint and Investment Landscape
- Annual Performance Review

02. Leadership and Governance 20

Driving Accountability and Long–Term Stewardship

- Board of Directors
- Top Management
- Comittee Composition and Competency
- Reports from Board of Directors
- Enterprise Risk Management
- Corporate Governance
- Board Independence and Attendance

03. Financial and Operational Performance 59

Delivering Sustainable Economic Value

- Financial and Operational Highlights
- Group Financial Performance Summary
- Revenue, Gross Profit and Net Profit After Tax
- Yearly Revenue Overview from Different Business Units
- Balance Sheet and Cash Flow Summary
- Auditor's Report and Financial Outlook





Table of Contents

04. Strategic Investments and Growth 68

Building Future-Ready Businesses

- Existing Business Portfolio
- Industrial Infrastructure Development
- Property Development & Supporting Infrastructure
- Renewable Energy Infrastructure
- Strategic Investments Highlight

05. Investor Relations and Stake holder Engagement 77

Strengthening Market Confidence

- Annual General Meeting Highlights
- Shareholding Structure and Major Shareholders
- Share Price Performance and Market Activity
- Dividend Policy and Payout History
- MTSH Shareholder Overview & Distribution
- Investor Communications and Disclosure Practices
- Stakeholder Engagement Approach

06. Sustainability Report 91

Environmental, Social and Governance Performance

6.1 Sustainability at MTSH
6.2 Economic Resilience
6.3 Social Resilience
6.4 Institutional Resilience
6.5 Environmental Resilience
6.6 SDGs Alignment

07. Financial Statements 116

Audited Consolidated Financial Statements

- Independent Auditor's Report
- Consolidated Financial Statements
- Notes to the Financial Statements



CHAIRMAN's Message

DEAR VALUED SHAREHOLDERS,

I am pleased to present MTSH's Annual Report for the fiscal year 2025–2026. Despite the numerous challenges encountered during the past financial year, the Company was able to transform these challenges into opportunities through the sound strategic efforts of the Board of Directors, Top Management, and employees responsible for the respective business functions. Supported by professional and systematic management, these collective efforts enabled the Company to achieve profitable growth.

In line with the objectives established in the previous financial year (2024–2025), MTSH's subsidiary, Thilawa Property Development Limited (TPD), successfully commenced the operation of its 3.37 MW solar power generation and distribution pilot project at Thilawa Garden City (R&C Area), Zone A of the Thilawa Special Economic Zone, on 31 May 2026. Future projects for generating electricity from solar energy will continue to be expanded. The successful implementation of this project represents an important milestone for the Company, as it has enabled us to establish another strong pillar of our business.

This implementation has contributed to the solar energy sector, fulfilling a portion of the essential electricity demand required to boost national productivity in alignment with the policies and guidance of state leaders. At present, it not only meets a part of the power requirements of the Thilawa Special Economic Zone, but also supplies electricity to existing investments within the R&C project, including infrastructure, hotels, offices, commercial spaces, residential buildings, and dormitories. Furthermore, standard annual profits will begin to accrue from the service income generated by these operational services.

Looking ahead, the Company is expanding its solar energy projects to help meet the electricity demand not only within the Thilawa Special Economic Zone but also in other industrial zones and industrial sectors across Myanmar. Through these initiatives, we aim to develop and create new and sustainable revenue streams.

Our joint venture company, Myanmar Japan Thilawa Development Ltd (MJTD), has continued to advance its renewable energy strategy in line with its commitment to sustainable growth. By the end of the reporting period, MJTD had increased its commercial solar power generation capacity to 5.4 MW. In April 2026, a further 2 MW was added, and the Company is progressively expanding its capacity with the ultimate objective of reaching a total generation capacity of 30 MW. This project is already generating additional revenue for the Company and is expected to contribute further to its sustainable and long-term growth.

We are also pleased to share the positive development that domestic and foreign investments are once again flowing into the Thilawa Special Economic Zone.

During the current fiscal year, MJTD invited the land sub-leases 3.9 hectares (9.64 acres) with the investors, alongside ongoing negotiations with several other prospective companies. Furthermore, fully developed infrastructure is already in place across 27.34 hectares (67.56 acres) of land, ready for immediate development by incoming local and foreign investors. Consequently, the company continuously invites and engages in discussions with domestic and international business operators looking to invest.

The Group has achieved significant financial growth, with Gross Profit increasing by 14% year-on-year to reach 7,181 million Myanmar Kyats, and Operating Profit surging by 59% to reach 10,782 million Myanmar Kyats. This operational revenue growth was primarily driven by a substantial rise in MJTD's profitability, which boosted proportional net profit by 61% in this fiscal year to 7.1 billion Kyats.

MTSH also continues to place strong emphasis on supporting the development of the Manufacturing and Logistics sectors, which are important to the sustainable development of the national economy.

During the fiscal year 2025–2026, MTSH also continued to lead and collaborate on Corporate Social Responsibility (CSR) initiatives together with our joint venture company, MJTD, and Locator companies operating within the Thilawa Special Economic Zone.

To provide assistance to victims affected by the strong earthquake that struck Mandalay Region on March 28, 2025, MTSH donated 500 million MMK to the State Administration Council. Additionally, MTSH contributed 422 million MMK to various organizations for relief and resettlement supplies, residential units, and 4-unit barracks for earthquake-affected staff. Furthermore, funds totaling 1.5 billion MMK from the developer of the Thilawa Special Economic Zone and 129.3 million MMK donated by investor companies within the Thilawa SEZ were pooled and directly handed over to aid those impacted by the earthquake.

In the education sector, stationery supplies were provided to more than 4,861 students across seven villages and wards. In addition, support was provided to 29 scholarship students and two teachers. The Company also supported vocational training programs that produced 67 trainees, while 105 participants took part in activities commemorating World Environment Day. These CSR initiatives were effectively implemented through our leadership and collaboration with Locator companies within the Thilawa Special Economic Zone.

In addition, to enhance the competitiveness of Myanmar's exports and the logistics and transportation sector in the international market, and to enable more effective participation in regional and global trade networks, the Company is working to reduce the costs associated with repeated loading and unloading and multi-stage transportation. To improve Supply Chain Productivity, we are also working towards the development of a Multimodal Logistics Network and a Logistics-Dependent Industrial Zone that will strengthen Connectivity among ports, railway networks, expressways, and industrial zones, thereby establishing the most cost-efficient transportation routes for different categories of goods.

As part of these efforts, the Company is pursuing investment in the MSME Commercial Hub project, which aims to support the domestic production and supply of components currently imported from overseas for major manufacturing factories within the Special Economic Zone. The project will provide opportunities for domestic and international Micro, Small and Medium-sized Enterprises (MSMEs) by reducing the financial burden associated with land and building construction costs, while facilitating access to technology and markets. Ready-built factory facilities will also be developed to attract MSME businesses and support their establishment and expansion.

Since MTSH was originally established in 2014, the shareholding of the nine major public companies has decreased from the initial 45% to 21.93%, while public share ownership has increased to 78.07%. We sincerely appreciate the confidence and investment of our shareholders. Despite various challenges and opportunities, the Company has remained committed to providing regular annual dividend distributions to our shareholders.

In conclusion, during the 2025–2026 fiscal year, MTSH is continuing its efforts to expand and build strong economic pillars by reinforcing the solar energy, MSME, and logistics sectors, alongside the ongoing annual progress of the Thilawa Special Economic Zone (TSEZ). As a public company with 16,505 public shareholders holding a 78.07% stake, our Board of Directors and employees deeply value the trust and support of our shareholders. We solemnly affirm our commitment to delivering sustainable economic growth while dedicatedly fulfilling our responsibilities to maximize shareholder value.

Sincerely,

Chairman

Myanmar Thilawa SEZ Holdings Public Company Limited

ဥက္ကဋ္ဌ၏ ဥယျောဇဉ်

လေးစားအပ်ပါသောအစုရှယ်ယာရှင်များ၊ မိတ်ဖက်များနှင့် မိတ်ဆွေများ ခင်ဗျာ . . .

MTSH ၏ ၂၀၂၅–၂၀၂၆ ဘဏ္ဍာရေးနှစ်အတွက် နှစ်ပတ်လည်အစီရင်ခံ တင်ပြလိုသည်မှာ ပြီးခဲ့သောဘဏ္ဍာနှစ် အတွင်း စိန်ခေါ်မှုများစွာ ရှိနေခဲ့သော်လည်း စိန်ခေါ်မှုများကို အခွင့်အလမ်းများအဖြစ် ဒါရိုက်တာအဖွဲ့ဝင်များ၊ Top Management များနှင့် သက်ဆိုင်ရာ လုပ်ငန်းဌာနတွင် တာဝန်ယူထားကြသော ဝန်ထမ်းများ၏နည်းဗျူဟာ မှန်ကန်စွာကြိုးစား တည်ဆောက်နိုင်ခဲ့မှု၊ ကျွမ်းကျင်၍ စနစ်ကျသောစီမံခန့်ခွဲမှုတို့ကြောင့် ကုမ္ပဏီသည် အမြတ်အစွန်းများရရှိခဲ့ကြောင်း ဦးစွာပဏာမတင်ပြလိုပါသည်။

ယခင်ဘဏ္ဍာရေးနှစ် ၂၀၂၄ – ၂၀၂၅ တွင် ချမှတ်ခဲ့သည့်ရည်မှန်းချက်များနှင့်အညီ MTSH ၏ အဖွဲ့ဝင်ကုမ္ပဏီ Thilawa Property Development Limited (TPD) သည် သီလဝါအထူးစီးပွားရေးဇုန် Zone A ရှိ Thilawa Garden City (R&C Area) အတွင်း၌ (၃.၃၇ မဂ္ဂါဝပ်) နေရောင်ခြည် စွမ်းအင်သုံး လျှပ်စစ်ထုတ်လုပ်ရေးနှင့် ဖြန့်ဖြူးရေးကနဦး စီမံကိန်းကို ၂၀၂၆ ခုနှစ် မေလ ၃၁ ရက်နေ့တွင် အောင်မြင်စွာ စတင်ဖွင့်လှစ်နိုင်ခဲ့ပါသည်။ နေရောင်ခြည်မှ လျှပ်စစ်စွမ်းအင်ထုတ်လုပ်ခြင်းစီမံကိန်းများစွာ ဆက်လက်တိုးချဲ့ဆောင်ရွက်သွားမည်ဖြစ်ပါသည်။ ဤသို့ အကောင်အထည်ဖော်နိုင်ခဲ့ခြင်းသည် ကုမ္ပဏီအတွက် အရေးပါသည့်စီးပွားရေးမဏ္ဍိုင်တစ်ခု ခိုင်မာစွာထပ်မံတည်ဆောက်နိုင်ခဲ့ခြင်းပင်ဖြစ်ပါသည်။

ဤဆောင်ရွက်မှုသည်နိုင်ငံတော်အကြီးအကဲများ၏ မူဝါဒနှင့် လမ်းညွှန်ချက်များနှင့်အညီ နိုင်ငံ၏ထုတ်ကုန်များ တိုးတက်ထုတ်လုပ်နိုင်ရန် မရှိမဖြစ်လိုအပ်လျက်ရှိသော လျှပ်စစ်လိုအပ်ချက်တစိတ်တစ်ပိုင်းကို နေရောင်ခြည်စွမ်းအင်ဖြည့်ဆည်းပေးနိုင်ရေးဆိုင်ရာ ကဏ္ဍတွင် ပါဝင်အကောင်အထည်ဖော်နိုင်ခဲ့ခြင်းဖြစ်ပါသည်။ ယခုအခါ သီလဝါအထူးစီးပွားရေးဇုန်၏ လျှပ်စစ်ဓာတ်အားလိုအပ်ချက်တစိတ်တစ်ပိုင်းကို ဖြည့်ဆည်းပေးနိုင်ခဲ့သည့်အပြင် R&C စီမံကိန်းအတွင်း ရင်းနှီးမြှုပ်နှံထားရှိပြီးဖြစ်သည့် အခြေခံအဆောက်အဦများ၊ ဟိုတယ်နှင့်ရုံးခန်းများ၊ ဆိုင်ခန်းများနှင့် လူနေအဆောက်အဦများနှင့် Dormitory များသို့ လျှပ်စစ်ဓါတ်အားပေးနိုင်ခဲ့ပြီဖြစ်ပါသည်။ ထို့အပြင် ဝန်ဆောင်မှုလုပ်ငန်းများမှ ရရှိသည့်ဝင်ငွေများ (Service Income) မှလည်း နှစ်စဉ်ထိုက်သင့်သော အကျိုးအမြတ်များ စတင်ရရှိမည်ဖြစ်ပါသည်။

ရှေ့ဆက်၍ ကုမ္ပဏီအနေဖြင့် သီလဝါအထူးစီးပွားရေးဇုန်အပြင် အခြားသောပြည်တွင်းစက်မှုဇုန်များနှင့် စက်မှုကဏ္ဍများ၏ လျှပ်စစ်ဓာတ်အားလိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်ရန် နေရောင်ခြည်စွမ်းအင်သုံးစီမံကိန်းများကို တိုးချဲ့ဆောင်ရွက်လျက်ရှိပြီး၊ ထိုမှတစ်ဆင့် ထိုက်သင့်သောဝင်ငွေရလမ်းကြောင်းသစ်များ တိုးတက်ဖန်တီးသွားရန် ရည်ရွယ်ထားပါသည်။

ထို့အပြင် MTSH ၏ ဖက်စပ်ကုမ္ပဏီဖြစ်သော Myanmar Japan Thilawa Development Ltd (MJTD)သည် TSEZ တွင် လာရောက်ရင်းနှီးမြှုပ်နှံကြမည့် ပြည်တွင်း၊ ပြည်ပ လုပ်ငန်းရှင်များအတွက် နေရောင်ခြည်စွမ်းအင် မဟာဗျူဟာအတိုင်း ယခုအစီရင်ခံသည့်ကာလအတွင်းစီးပွားဖြစ် နေရောင်ခြည်စွမ်းအင်သုံးလျှပ်စစ် ထုတ်လုပ်မှုကို (၅.၄) မဂ္ဂါဝပ် အထိ တိုးမြှင့်နိုင်ခဲ့သည့်အပြင် ၂၀၂၆ ခုနှစ်၊ ဧပြီလတွင်လည်း (၂) မဂ္ဂါဝပ် ထပ်မံတိုးချဲ့နိုင်ခဲ့သဖြင့် စုစုပေါင်း ၃၀ မဂ္ဂါဝပ် ထုတ်လုပ်နိုင်ရန် အဆင့်ဆင့်တိုးချဲ့ဆောင်ရွက်လျက်ရှိရာ၊ အဆိုပါ စီမံကိန်းမှ ကုမ္ပဏီ၏ဝင်ငွေများ ပိုမိုရရှိနေပြီဖြစ်၍ ရေရှည်ခိုင်မာသည့် တိုးတက်မှုကို အထောက်အကူပြုပေးမည်ဖြစ်ပါသည်။ ထို့အပြင် သီလဝါအထူးစီးပွားရေးဇုန်အတွင်းသို့ ပြည်တွင်းပြည်ပရင်းနှီးမြှုပ်နှံမှုများ ပြန်လည်ဝင်ရောက်လျက်ရှိသည်ကိုလည်း သတင်းကောင်းတင်ပြအပ်ပါသည်။

ယခုဘဏ္ဍာရေးနှစ်အတွင်း MJTD သည် စက်ရုံတည်ဆောက် ရင်းနှီးမြှုပ်နှံသူများနှင့် မြေဧရိယာ (၃.၉) ဟက်တာ/ (၉.၆၄ ဧက) အတွက် နှစ်ရှည်မြေငှားရမ်းမှုများဝင်ရောက်လာသည့်အပြင် ဆက်လက်ညှိနှိုင်းလျက်ရှိသည့်ကုမ္ပဏီများလည်းရှိပါသည်။ ထို့အပြင် ထပ်မံဝင်ရောက်ရင်းနှီးမြှုပ်နှံကြမည့် ပြည်တွင်းပြည်ပရင်းနှီးမြှုပ်နှံသူများအတွက်လည်း ချက်ချင်းဝင်ရောက် တည်ဆောက်ရင်းနှီးမြှုပ်နှံရန် အခြေခံအဆောက်အဦးများ အရံသင့်ရှိထားပြီးဖြစ်သော မြေ (၂၇.၃၄)ဟက်တာ/ (၆၇.၅၆ ဧက) အတွက် Infrastructure များ အရံသင့်တည်ဆောက်ထားပြီးဖြစ်၍ ရင်းနှီးမြှုပ်နှံမှုများဆောင်ရွက်လိုသည့် ပြည်တွင်းပြည်ပလုပ်ငန်းရှင်များအား စဉ်ဆက်မပြတ် ဖိတ်ခေါ်ဆွေးနွေးလျက်ရှိပါသည်။

ကုမ္ပဏီအုပ်စုအနေဖြင့် သိသာထင်ရှားသော ဘဏ္ဍာရေးဆိုင်ရာ တိုးတက်ကောင်းမွန်မှုများကို ရရှိခဲ့ပြီး၊ စုစုပေါင်းအမြတ် (Gross Profit) သည် ယခင်ဘဏ္ဍာနှစ်နှင့်နှိုင်းယှဉ်လျှင် ၁၄ % တိုးတက်လာကာ မြန်မာကျပ်ငွေ ၇,၁၈၁ သန်းအထိလည်းကောင်း၊ လုပ်ငန်းလည်ပတ်မှုအမြတ် (Operating Profit) သည် ၅၉ % အထိ မြင့်တက်လာကာ မြန်မာကျပ်ငွေ ၁၀,၇၈၂ သန်း အထိလည်းကောင်း အသီးသီးတိုးအမြတ်ငွေသည် ယခုဘဏ္ဍာရေးနှစ်တွင် ၆၁ % အထိ တိုးတက်လာပြီး ကျပ် (၇.၁) ဘီလီယံ အထိရှိလာခဲ့ပါသည်။

MTSH အနေဖြင့် နိုင်ငံတော်၏ စီးပွားစဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အရေးပါသောကုန်ထုတ်လုပ်မှု (Manufacturing) နှင့် ထောက်ပံ့ပို့ဆောင်ရေး (Logistics) ကဏ္ဍများ ဖွံ့ဖြိုးတိုးတက်စေရန်လည်း အလေးထားကြိုးစားဆောင်ရွက်လျက်ရှိပါသည်။

ထို့အပြင် နိုင်ငံပို့ကုန်နှင့် ထောက်ပံ့ပို့ဆောင်ရေးနှင့် သယ်ယူပို့ဆောင်ရေး (Logistics) ကဏ္ဍတွင် နိုင်ငံတကာနှင့် ယှဉ်ပြိုင်နိုင်စွမ်းမြှင့်တင်၍ ဒေသတွင်းနှင့် ကမ္ဘာ့ကုန်သွယ်ရေးကွန်ရက်များအတွင်း ထိရောက်စွာ ယှဉ်ပြိုင်နိုင်ရန်၊ အကြိမ်ကြိမ်တင်/ ချရမှုနှင့် အဆင့်ဆင့်ပို့ဆောင်ရမှုကုန်ကျစရိတ်များကိုလျှော့ချကာ Supply Chain Productivity ကို မြှင့်တင်ပေးနိုင်ရန်ရည်ရွယ်၍ ကုန်ပစ္စည်းအလိုက် စရိတ်အနည်းဆုံး သယ်ယူပို့ဆောင်မှုလမ်းကြောင်းများဖြစ်သော ဆိပ်ကမ်းများ၊ မီးရထားလမ်းများ၊ အမြန်လမ်းမကြီးများနှင့် စက်မှုဇုန်များအကြား Connectivity ကို အားကောင်းစေသည့် Multimodal Logistics Network နှင့် Logistics-Dependent Industrial Zone တစ်ခုပေါ်ပေါက်လာစေရန်လည်း ဆောင်ရွက်လျက်ရှိပါသည်။

ထိုသို့ဆောင်ရွက်ရာတွင် အထူးစီးပွားရေးဇုန်အတွင်းရှိ ကုန်ထုတ်လုပ်ငန်းစက်ရုံကြီးများအတွက် လိုအပ်သောအစိတ်အပိုင်းများကို ပြည်ပနိုင်ငံများမှ တင်သွင်းနေရခြင်းကို ပြည်တွင်းတွင် ထုတ်လုပ်ဖြည့်ဆည်း ပေးနိုင်မည့် MSME Commercial Hub စီမံကိန်းတွင် ရင်းနှီးမြှုပ်နှံရန် ဆောင်ရွက်လျက်ရှိပါသည်။ အဆိုပါစီမံကိန်းသည် ပြည်တွင်းပြည်ပ အငယ်စား၊ အသေးစားနှင့် အလတ်စား (MSME) စီးပွားရေးလုပ်ငန်းရှင်များကိုလည်းကောင်း၊ မြေနှင့်အဆောက်အဦများ ဆောက်လုပ်ရေးစရိတ် ဝန်ထုတ်ဝန်ပိုးမဖြစ်စေဘဲ နည်းပညာနှင့်စွေးကွက်ရှိသော ပြည်တွင်းပြည်ပ MSME လုပ်ငန်းရှင်များကိုဖော်ဆောင်၍ အရံသင့်စက်ရုံအဆောက်အဦများတည်ဆောက်ထားရှိကာ ဖိတ်ခေါ်သွားမည်ဖြစ်ပါသည်။

၂၀၂၅–၂၀၂၆ ဘဏ္ဍာရေး နှစ်အတွင်း လူမှုအကျိုးပြု CSR လုပ်ငန်းများကိုလည်း MTSH မှ ဦးဆောင်ကာ မိတ်ဖက်ကုမ္ပဏီဖြစ်သည့် MJTD, သီလဝါအထူးစီးပွားရေးဇုန်အတွင်းရှိ Locator ကုမ္ပဏီများနှင့်အတူ TSEZ တွင် ရင်းနှီးမြှုပ်နှံထားကြသော စက်ရုံများပူးပေါင်းဆောင်ရွက်ခဲ့ပါသည်။

MTSH အနေဖြင့် ၂၀၂၅ ခုနှစ် မတ်လ ၂၈ ရက်နေ့၊ မန္တလေးတိုင်း ဒေသကြီးတွင် အင်အားပြင်းမြေငလျင်လှုပ်ခတ်မှုကြောင့် ထိခိုက်နစ်နာဆုံးရှုံးခဲ့သည့် ငလျင်ဘေးဒါဏ်သင့် ပြည်သူများကိုကူညီထောက်ပံ့နိုင်ရေးအတွက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသို့ ငွေကျပ် ၅,၀၀၀ သိန်းအပြင် အသင်းအဖွဲ့များသို့ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးသုံးပစ္စည်းများ၊ ငလျင်ဘေးသင့် ဝန်ထမ်းများနေထိုင်ရန် နေအိမ်ခန်းများ၊ ၄ ခန်းတွဲ ဘာရာအဆောက်အဦများအတွက် ငွေကျပ် ၄,၂၂၀ သိန်းအားလည်းကောင်း၊ သီလဝါအထူးစီးပွားရေးဇုန်၏ ရင်းနှီးတည် ဆောက်သူမှ ငွေကျပ်သိန်း ၁၅,၀၀၀ အားလည်းကောင်း၊ သီလဝါအထူးစီးပွားရေးဇုန်တွင် လာရောက်ရင်းနှီးမြှုပ်နှံသည့်ကုမ္ပဏီများမှ လှူဒါန်းသော တန်ဖိုးငွေကျပ် ၁,၂၉၃ သိန်း တို့ကိုစုစည်း၍ ငလျင်ဒဏ်ထိခိုက်နစ်နာသူများထံ အသီးသီးလက်ရောက်လှူဒါန်းနိုင်ခဲ့ပါသည်။

ပညာရေးကဏ္ဍတွင် ကျေးရွာ/ရပ်ကွက် (၇) ခုရှိ ကျောင်းသူ/ကျောင်းသား (၄,၈၆၁) ဦးကျော်အား စာရေးကိရိယာများ ထောက်ပံ့ပေးနိုင်ခဲ့သည့်အပြင်၊ ပညာသင်ဆုရ ကျောင်းသား/သူ (၂၉) ဦးနှင့် ဆရာ/ဆရာမ (၂) ဦး တို့ကိုပါ ကူညီထောက်ပံ့ပေးနိုင်ခဲ့ပါသည်။ ထို့ပြင် သက်မွေးဝမ်းကျောင်းသင်တန်းများမှ သင်တန်းသား/သူ (၆၇)ဦး သင်တန်းများပေးနိုင်ခဲ့ပြီး၊ ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့အထိမ်းအမှတ် လှုပ်ရှားမှုများတွင် ပါဝင်သူ (၁၀၅) ဦး အထိပူးပေါင်း ပါဝင်ခဲ့ကြသည့်အတွက် CSR အခန်းကဏ္ဍတွင် မိမိတို့နှင့် သီလဝါဇုန်အတွင်းရှိ Locator ကုမ္ပဏီများကြား ထိရောက်သော ပူးပေါင်းဆောင်ရွက်မှုကို ဖော်ပြနေပါသည်။

MTSH သည်၎င်း၏ မူလစတင်တည်ထောင်စဉ် ၂၀၁၄ခုနှစ်က အများပိုင်ကုမ္ပဏီကြီး (၉) ခု၏ ရှယ်ယာပါဝင်မှု– မူလ ၄၅ % မှ ယခုအခါ ၂၁.၉၃ % သို့ လျော့နည်းခဲ့ပြီး၊ အများပြည်သူ၏ ရှယ်ယာပိုင်ဆိုင်မှုမှာ ၇၈.၀၇% အထိ တိုးတက်လာခဲ့ပါသည်။ ထို့ကြောင့် ရှယ်ယာရှင်များ၏ ယုံကြည်မှုကို အခြေခံသော ရင်းနှီးမြှုပ်နှံမှုများကို ကျေးဇူးတင်ရှိပါကြောင်းနှင့် ကုမ္ပဏီအနေဖြင့်လည်း စိန်ခေါ်မှုနှင့် အခွင့်အလမ်းများမှပင် မိမိတို့၏ ရှယ်ယာရှင်များအတွက် နှစ်စဉ်မပြတ် အမြတ်ဝေစု (Dividend) များကို ပုံမှန်ခွဲဝေပေးလျက်ရှိကြောင်း တင်ပြပါသည်။

အချုပ်အားဖြင့် MTSH သည် ၂၀၂၅–၂၀၂၆ ဘဏ္ဍာရေးနှစ်အတွင်း နှစ်စဉ်ဆောင်ရွက်ဆဲ TSEZ အောင်မြင်တိုးတက်ရေးအပြင် နေရောင်ခြည်စွမ်းအင်၊ MSME နှင့် Logistics ကဏ္ဍများတွင် အားဖြည့်ကာ ခိုင်မာသော စီးပွားရေးမဏ္ဍိုင်များကို တိုးချဲ့တည်ဆောက်နိုင်ရန် ဆက်လက်ကြိုးပမ်းဆောင်ရွက်လျက်ရှိပါသည်။ မိမိတို့ဒါရိုက်တာအဖွဲ့ဝင်များ၊ ဝန်ထမ်းများအနေဖြင့် အများပြည်သူရှယ်ယာရှင် (၁၆,၅၀၅)ဦး ၇၈.၀၇ % အထိပါဝင်သည့် ကုမ္ပဏီကြီးဖြစ်သည့်အားလျော်စွာ ရှယ်ယာရှင်များ၏ ယုံကြည်အားပေးမှုကို အစဉ်အလေးထားလျက်ရှိပါကြောင်းနှင့် ရေရှည်တည်တံ့သည့် စီးပွားရေးဖွံ့ဖြိုးမှုများနှင့်အတူ ရှယ်ယာရှင်များ အကျိုးအတွက် ကျရာတာဝန်ကိုကျေပွန်စွာ ဆက်လက်ကြိုးစားဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အလေးအနက်တင်ပြအပ်ပါသည်။



ဝင်းအောင်
ဥက္ကဋ္ဌ

Vision . Mission . Values

Our Vision

To become a regional leader in attracting foreign direct investments, fostering sustainable development and environmental stewardship and driving the comprehensive socio-economic growth of the Republic of the Union of Myanmar through the development of Thilawa SEZ in Yangon Region.

ရန်ကုန်တိုင်းဒေသကြီးအတွင်း သီလဝါအထူး စီးပွားရေးဇုန်ကို တာဝန်သိစွာ နည်းလမ်းတကျ ဖော်ဆောင်ခြင်း၊ သဘာဝပတ်ဝန်းကျင်ဆိုင်ရာ စိုးရိမ် ဖွယ်အလားအလာများကို ထုတ်ဖော်ဖြေရှင်းခြင်း၊ သီလဝါအထူးစီးပွားရေးဇုန်ကို နိုင်ငံခြားတိုက်ရိုက် ရင်းနှီးမြှုပ်နှံမှုများအတွက် အချက်အချာနေရာဖြစ်လာ စေရန်လုပ်ဆောင်ခြင်းဖြင့် ပြည်ထောင်စုသမ္မတမြန်မာ နိုင်ငံတော်၏ လူမှုစီးပွားဘဝတိုးတက်မှုကိုမြှင့်တင်ရန်။

Our Mission

To promote the sustainable socio-economic advancement of the Republic of the Union of Myanm ar by responsibly developing Thilawa SEZ in Yangon Region, addressing environmental concerns and positioning ourselves as a premier destination for foreign direct investments.

နိုင်ငံခြားတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှုများကို ဆွဲဆောင်ကာ ရေရှည်တည်တံ့ခိုင်မြဲသော ဖွံ့ဖြိုးတိုးတက်မှုနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းမှုတို့ကို မြှင့်တင်ရာတွင် ဒေသတွင်းဦးဆောင်သူတစ်ဦးဖြစ်လာရန်နှင့် ရန်ကုန်တိုင်းဒေသကြီးရှိ သီလဝါအထူးစီးပွားရေးဇုန် ဖွံ့ဖြိုးတိုးတက် ရေးမှတစ်ဆင့် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်၏ လူမှုစီးပွားဘဝ ဘက်စုံဖွံ့ဖြိုး တိုးတက်ရေးကို တွန်းအားပေးဆောင်ရွက်ရန်။

Core Values



Sustainability
(ရေရှည်တည်တံ့နိုင်ရေး)
Committed to sustainable development practices that balance economic growth with environmental responsibility.

Integrity
(ဂုဏ်သိက္ခာ/ သမာဓိ)
Upholding the highest standards of integrity and transparency in all our operations and dealings.

Collaboration
(ဟန်ချက်ညီညီပူးပေါင်းဆောင်ရွက်ရေး)
Fostering strong partnerships with stakeholders, including local communities, businesses, and government entities, to achieve common goals.

Excellence
(အမြင့်မားဆုံးအရည်အသွေးဖော်ဆောင်ရေး)
Striving for excellence in all aspects of our work, ensuring high-quality outcomes and continuous improvement.

Innovation
(အတွေးအမြင်အသစ်များ ဖော်ဆောင်ရေး)
Encouraging innovative approaches and solutions to attract and retain foreign direct investments.

Community Focus
(လူမှုအဖွဲ့အစည်းအကျိုးအလေးပေးထမ်းဆောင်ရေး)
Prioritizing the socio-economic well-being of the local communities in the Yangon Region and beyond.

Environmental Stewardship
(သဘာဝပတ်ဝန်းကျင်ကို တာဝန်သိစွာ အသုံးချရေး)
Dedicated to protecting and enhancing the environment through responsible and proactive measures.

SECTION

01

Corporate Profile

Understanding MTSH

Like a forest, enduring organizations grow through strong foundations, interconnected systems, and responsible stewardship. Supported by deep-rooted values and a clear vision, they create resilience and long-term success.



COMPANY PROFILE AND BUSINESS OVERVIEW

Myanmar Thilawa SEZ Holdings Public Company Limited (MTSH) is a publicly listed investment holding company established in 2013 to represent Myanmar private-sector participation in the development of the Thilawa Special Economic Zone (SEZ). Founded by a consortium of Myanmar public companies, MTSH serves as a strategic investment platform focused on industrial development, infrastructure, property development, and related growth opportunities.

The Group's business model combines long-term strategic investments with active portfolio management, generating value through its interests in industrial zone development, commercial and residential property development, infrastructure enhancement, and emerging renewable energy initiatives. Since its listing on the Yangon Stock Exchange in 2016, MTSH has remained committed to delivering sustainable returns to shareholders while supporting Myanmar's economic modernization and industrial advancement.

Among founding promoters, the following corporations continue to remain shareholders of the Company.

1. Golden Land East Asia Development Public Company Limited (GLAD)
2. Myanma Agricultural & General Development Public Company Limited (MAGDPL)
3. Myanmar Edible Oil Industrial Public Company Limited (MEOI)
4. Myanmar Technologies and Investment Corporation Public Company Limited (MTIC)
5. National Development Company Group Public Company Limited (NDCG)
6. New City Development Public Company Limited (NCD)

Company Registration Number : 151830293

Certificate of Commencement of Business : 66 of 2013-2014

ကုမ္ပဏီအကျဉ်းချုပ်နှင့် လုပ်ငန်းဆောင်ရွက်မှုခြုံငုံသုံးသပ်ချက်

မြန်မာသီလဝါ အက်စ်အီးဇက် ဟိုးလ်ဒင်းစ် အများနှင့်သက်ဆိုင်သော ကုမ္ပဏီလီမိတက်သည် သီလဝါအထူး စီးပွားရေးဇုန် ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစဉ်တွင် မြန်မာပုဂ္ဂလိကကဏ္ဍ၏ ပါဝင်ဆောင်ရွက်မှုကို ကိုယ်စားပြု ရန် ၂၀၁၃ ခုနှစ်တွင်တည်ထောင်ခဲ့သည့် အများပိုင်စာရင်းဝင်ရင်းနှီးမြှုပ်နှံမှုဟိုးလ်ဒင်းကုမ္ပဏီတစ်ခု ဖြစ်ပါသည်။

မြန်မာအများပိုင်ကုမ္ပဏီများ၏ စုစည်းပူးပေါင်းမှုဖြင့် တည်ထောင်ခဲ့သော MTSH သည် စက်မှုဖွံ့ဖြိုးတိုးတက် ရေး၊ အခြေခံအဆောက်အအုံဖွံ့ဖြိုးရေး၊ အိမ်ခြံမြေဖွံ့ဖြိုးရေးနှင့် ဆက်စပ်တိုးတက်မှုအခွင့်အလမ်းများအပေါ် အဓိကအာရုံစိုက်ထားသည့် မဟာဗျူဟာမြောက် ရင်းနှီးမြှုပ်နှံမှုပလက်ဖောင်းတစ်ခုအဖြစ် ရပ်တည်လျက်ရှိ ပါသည်။

လုပ်ငန်းစု၏ လုပ်ငန်းပုံစံမှာ ရေရှည်မဟာဗျူဟာမြောက် ရင်းနှီးမြှုပ်နှံမှုများနှင့် ထိရောက်သော ရင်းနှီးမြှုပ်နှံမှု အစုအဖွဲ့ (Portfolio) စီမံခန့်ခွဲမှုတို့ကို ပေါင်းစပ်ထားပြီး စက်မှုဇုန်ဖွံ့ဖြိုးရေး၊ စီးပွားရေးနှင့် လူနေအိမ်ရာဖွံ့ဖြိုးရေး၊ အခြေခံအဆောက်အအုံမြှင့်တင်ရေးနှင့် ပေါ်ပေါက်လာသော ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်ကဏ္ဍ များတွင် ရင်းနှီးမြှုပ်နှံထားမှုများမှ တစ်ဆင့် တန်ဖိုးဖန်တီးလျက်ရှိပါသည်။

၂၀၁၆ ခုနှစ်တွင် ရန်ကုန်စတော့အိတ်ချိန်း (Yangon Stock Exchange - YSX) တွင် စာရင်းဝင်ခဲ့ပြီးနောက် MTSH သည် ရှယ်ယာရှင်များအတွက် ရေရှည်တည်တံ့သော အကျိုးအမြတ်များ ဖန်တီးပေးနိုင်ရန်နှင့် မြန်မာနိုင်ငံ၏ စီးပွားရေးခေတ်မီဖွံ့ဖြိုးတိုးတက်ရေးနှင့် စက်မှုကဏ္ဍ တိုးတက်ရေးကို အထောက်အကူပြုနိုင်ရန် စဉ်ဆက်မပြတ် ကတိကဝတ် ပြု ဆောင်ရွက်လျက်ရှိပါသည်။

ကုမ္ပဏီတည်ထောင်ရာတွင်ပါဝင်ခဲ့သည့် အဓိကတည်ထောင်သူများအနက် အောက်ပါကုမ္ပဏီများသည် ယနေ့ထိ ကုမ္ပဏီ၏ ရှယ်ယာရှင်များအဖြစ် ဆက်လက်ပါဝင်လျက်ရှိပါသည်။

၁။ ရွှေနိုင်ငံအရှေ့အာရှဖွံ့ဖြိုးတိုးတက်ရေး အများနှင့်သက်ဆိုင်သော ကုမ္ပဏီလီမိတက်

၂။ မြန်မာ့လယ်ယာထွက်ကုန်နှင့် အထွေထွေဖွံ့ဖြိုးတိုးတက်ရေးအများပိုင် ကုမ္ပဏီလီမိတက် (အမ်အေဂျီဒီပီအယ်လ်)

၃။ မြန်မာအယ်ဒီဘယ်(လ်)အွိုင်း(လ်) အင်ဒတ်စထရီရယ် အများနှင့်သက်ဆိုင်သော ကုမ္ပဏီလီမိတက် (အမ်အီးအိုင်စီအို)

၄။ မြန်မာနည်းပညာနှင့် ရင်းနှီးမြှုပ်နှံမှုကော်ပိုရေးရှင်းအများပိုင် ကုမ္ပဏီလီမိတက်

၅။ အမျိုးသားဖွံ့ဖြိုးတိုးတက်ရေးကုမ္ပဏီအုပ်စု လီမိတက်

၆။ မြို့တော်သစ်ဖွံ့ဖြိုးတိုးတက်ရေး အများပိုင်ကုမ္ပဏီလီမိတက်တို့ အပါအဝင် အစုရှယ်ယာရှင်ပေါင်း (၁၆,၅၀၅) ဦးရှိလာပြီး၊ ယခုအချိန်ထိ မြန်မာနိုင်ငံတွင် အစုရှယ်ယာရှင်အများဆုံးပါဝင်သည့် အများနှင့်သက်ဆိုင်သောကုမ္ပဏီဖြစ်ပါသည်။

ကုမ္ပဏီမှတ်ပုံတင်အမှတ် : ၁၅၁၈၃၀၂၉၃

လုပ်ငန်းစတင်ဆောင်ရွက်သည့် လက်မှတ်အမှတ် : ၆၆ (၂၀၁၃-၂၀၁၄)

Corporate Structure



Note : Out of 9 Founding Shareholders, 6 founders are remaining

: MMS Thilawa Development Co., Ltd owned by

(1) Mitsubishi Corporation, (2) Marubeni Corporation, (3) Sumitomo Corporation

(4) Sumitomo Mitsui Banking Corporation, (5) Mizuho Bank and, (6) MUFG Bank

CORPORATE STRUCTURE AND SUBSIDIARIES

MTSH operates through a focused portfolio comprising one associate company and one subsidiary company.

ကော်ပိုရိတ်ဖွဲ့စည်းပုံနှင့် လက်အောက်ခံကုမ္ပဏီများ

MTSH သည် ဆက်စပ်ကုမ္ပဏီ (Associate Company) တစ်ခုနှင့် လက်အောက်ခံကုမ္ပဏီ (Subsidiary Company) တစ်ခုတို့ပါဝင်သော အာရုံစိုက်ထားသည့် ရင်းနှီးမြှုပ်နှံမှုအစုအဖွဲ့ဖြင့် လုပ်ငန်းဆောင်ရွက်လျက်ရှိပါသည်။

Myanmar Japan Thilawa Development Limited (MJTD)

MJTD is the developer and operator of the industrial zone within the Thilawa SEZ. Through its investment in MJTD, MTSH participates in industrial infrastructure development, land leasing, utility management, and investor facilitation activities.

MJTD သည် သီလဝါအထူးစီးပွားရေးဇုန်ဖွံ့ဖြိုးတိုးတက်ရေးနှင့် လုပ်ငန်းလည်ပတ်စီမံခန့်ခွဲခြင်းတို့ကို ဆောင်ရွက်သည့်ကုမ္ပဏီဖြစ်ပါသည်။ MJTD တွင် ရင်းနှီးမြှုပ်နှံထားမှုမှတစ်ဆင့် MTSH သည် စက်မှုအခြေခံအဆောက်အဦ ဖွံ့ဖြိုးရေး၊ မြေငှားရမ်းမှုလုပ်ငန်းများ၊ Utility ဝန်ဆောင်မှုများ စီမံခန့်ခွဲခြင်းနှင့် ရင်းနှီးမြှုပ်နှံသူများအား ပံ့ပိုးကူညီခြင်းဆိုင်ရာ လုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်လျက်ရှိပါသည်။



Thilawa Property Development Limited (TPD)



TPD is the Group's property development arm, responsible for developing and managing residential, commercial, and supporting urban facilities within the Thilawa ecosystem. Its developments are designed to complement industrial activities and support the needs of businesses, employees, and residents.

TPD သည် အုပ်စု၏ အိမ်ခြံမြေဖွံ့ဖြိုးရေးလုပ်ငန်းဆောင်ရွက်သည့် ကုမ္ပဏီဖြစ်ပြီး သီလဝါဂေဟစနစ် (Thilawa Ecosystem) အတွင်းရှိ လူနေအိမ်ရာ၊ စီးပွားရေးအဆောက်အအုံများနှင့် မြို့ပြအထောက်အကူပြုအဆောက်အအုံများကို ဖွံ့ဖြိုးတည်ဆောက်ခြင်းနှင့် စီမံခန့်ခွဲခြင်းတို့ကို တာဝန်ယူဆောင်ရွက်ပါသည်။ ယင်းဖွံ့ဖြိုးရေးစီမံကိန်းများသည် စက်မှုလုပ်ငန်းများကို အထောက်အကူပြုနိုင်ရန်နှင့် စီးပွားရေးလုပ်ငန်းများ၊ ဝန်ထမ်းများနှင့် နေထိုင်သူများ၏ လိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်ရန် ရည်ရွယ်ထားပါသည်။

Operational Footprint and Investment Landscape

လုပ်ငန်းဆောင်ရွက်မှုနယ်ပယ်နှင့် ရင်းနှီးမြှုပ်နှံမှုအခြေအနေ



The Group's investment portfolio is concentrated within the Thilawa SEZ, Myanmar's leading industrial and investment destination. Through MJTD and TPD, MTSH maintains exposure to both industrial and urban development segments, creating a balanced platform for long-term growth.

Industrial assets within the portfolio support manufacturing, logistics, and invest

ment activities, while property developments provide commercial, residential, and community infrastructure that enhance the attractiveness and functionality of the wider ecosystem. In addition, the Group continues to pursue opportunities in infrastructure enhancement and renewable energy development, reflecting its commitment to operational resilience, sustainability, and future-ready growth.

By maintaining a disciplined investment approach and leveraging the strategic advantages of the Thilawa ecosystem, MTSH continues to strengthen its position as a key participant in Myanmar's industrial development landscape.

လုပ်ငန်းစု၏ရင်းနှီးမြှုပ်နှံမှုအစုအဖွဲ့သည် မြန်မာနိုင်ငံ၏အထင်ကရ စက်မှုနှင့်ရင်းနှီးမြှုပ်နှံမှုဗဟိုချက်ဖြစ်သော သီလဝါအထူးစီးပွားရေးဇုန်အတွင်း အဓိကအာရုံစိုက်ထားပါသည်။

MJTD နှင့် TPD တို့မှတစ်ဆင့် MTSH သည် စက်မှုဖွံ့ဖြိုးရေးနှင့် မြို့ပြဖွံ့ဖြိုးရေးကဏ္ဍနှစ်ရပ်စလုံးတွင် ပါဝင်ရင်းနှီးမြှုပ်နှံထားပြီး ရေရှည်တိုးတက်မှုအတွက် ဟန်ချက်ညီသော လုပ်ငန်းအခြေခံကို တည်ဆောက်ထားပါသည်။

လုပ်ငန်းစု၏ စက်မှုဆိုင်ရာပိုင်ဆိုင်မှုများသည် ကုန်ထုတ်လုပ်မှု၊ ထောက်ပံ့ပို့ဆောင်ရေးနှင့် ရင်းနှီးမြှုပ်နှံမှု လုပ်ငန်းများကို အထောက်အကူပြုလျက်ရှိပြီး အိမ်ခြံမြေဖွံ့ဖြိုးရေးစီမံကိန်းများသည် စီးပွားရေး၊ လူနေအိမ်ရာနှင့် လူမှုအသိုက်အဝန်းဆိုင်ရာ အခြေခံအဆောက်အအုံများကို ပံ့ပိုးပေးခြင်းဖြင့် ဂေဟစနစ်တစ်ခုလုံး၏ ဆွဲဆောင်မှုနှင့် လုပ်ငန်းလည်ပတ်နိုင်စွမ်းကို မြှင့်တင်ပေးလျက်ရှိပါသည်။

ထို့အပြင် လုပ်ငန်းစုသည် အခြေခံအဆောက်အဦများ မြှင့်တင်ရေးနှင့် ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်ဖွံ့ဖြိုးရေးဆိုင်ရာ အခွင့်အလမ်းများကိုလည်း ဆက်လက်ရှာဖွေလျက်ရှိပြီး ယင်းသည် လုပ်ငန်း၏ ခံနိုင်ရည်ရှိမှု၊ ရေရှည်တည်တံ့မှုနှင့် အနာဂတ်အတွက် အဆင်သင့်ဖြစ်မှုတို့အပေါ် ကတိကဝတ်ကို ထင်ဟပ်စေပါသည်။

စနစ်တကျစည်းကမ်းရှိသော ရင်းနှီးမြှုပ်နှံမှုချဉ်းကပ်မှုနှင့် သီလဝါဂေဟစနစ်၏ မဟာဗျူဟာမြောက် အားသာချက်များကို အသုံးချခြင်းဖြင့် MTSH သည် မြန်မာနိုင်ငံ၏ စက်မှုဖွံ့ဖြိုးတိုးတက်ရေးကဏ္ဍတွင် အရေးပါသော ပါဝင်သူတစ်ဦးအဖြစ် ၎င်း၏ရပ်တည်မှုကို ဆက်လက်ခိုင်မာစေလျက်ရှိပါသည်။

Highlight of the Year

Strategic Partnership for Growth

MTSH and GCL System Integration Technology Co., Ltd. (GCLSI) entered into a strategic cooperation agreement on 18th June 2026 to develop up to 200 MW of solar photovoltaic projects in Myanmar by combining MTSH's available land resources with GCLSI's expertise in photovoltaic project investment, engineering, construction, and technology, with implementation planned in phases under a ground-mounted centralized station model and Phase I targeted to commence within one year.

This strategic partnership is expected not only to accelerate the development of Myanmar's renewable energy sector, but also to serve as a critical foundation for building a sustainable energy ecosystem and strengthening the nation's energy security.









Highlight of the Year

ဖွံ့ဖြိုးတိုးတက်မှုအတွက် မဟာဗျူဟာမြောက် မိတ်ဖက်ပူးပေါင်းဆောင်ရွက်မှု







MTSH နှင့် GCL System Integration Technology Co., Ltd. (GCLSI) တို့သည် ၂၀၂၆ ခုနှစ်၊ ဇွန်လ ၁၈ ရက်နေ့တွင် မြန်မာနိုင်ငံအတွင်း နေရောင်ခြည်စွမ်းအင် (Solar Photovoltaic) စီမံကိန်း စုစုပေါင်း ၂၀၀ မဂ္ဂါဝပ် (MW) အထိ ထုတ်လုပ်ဖြန့်ဝေနိုင်ရန် မဟာဗျူဟာမြောက် ပူးပေါင်းဆောင်ရွက်ရေး သဘောတူညီချက်ကို လက်မှတ်ရေးထိုးခဲ့ပါသည်။

အဆိုပါ ပူးပေါင်းဆောင်ရွက်မှုအရ MTSH ၏ မြေအရင်းအမြစ်များနှင့် GCLSI ၏ Solar Photovoltaic စီမံကိန်းများဆိုင်ရာ ရင်းနှီးမြှုပ်နှံမှု၊ အင်ဂျင်နီယာ၊ တည်ဆောက်ရေးနှင့် နည်းပညာဆိုင်ရာ ကျွမ်းကျင်မှုများကို ပေါင်းစပ်အသုံးချ၍ Ground-mounted Centralized Station ပုံစံဖြင့် အဆင့်ဆင့်အကောင်အထည်ဖော်သွားမည်ဖြစ်ပြီး ပထမအဆင့် (Phase I) ကို တစ်နှစ်အတွင်း စတင်ဆောင်ရွက်နိုင်ရန် ရည်မှန်းထားပါသည်။

ဤမဟာဗျူဟာမြောက် မိတ်ဖက်ပူးပေါင်းဆောင်ရွက်မှုသည် မြန်မာနိုင်ငံ၏ ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်ကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးကို အရှိန်အဟုန်မြှင့်တင်ပေးရုံသာမက၊ ရေရှည်တည်တံ့သော စွမ်းအင်ဂေဟစနစ်တစ်ရပ် တည်ဆောက်ရေးနှင့် နိုင်ငံ၏ စွမ်းအင်လုံလောက်မှုကို အထောက်အပံ့ပြုနိုင်ရန်လည်း အရေးပါသောအခြေခံအုတ်မြစ်တစ်ရပ်ဖြစ်လာမည်ဟု ယုံကြည်ပါသည်။

Strategic Role and Priorities of the Group

Together, MJTD and TPD enable MTSH to support both the industrial and urban development of the Thilawa SEZ. While MJTD focuses on industrial infrastructure and investment promotion, TPD develops the commercial and residential facilities necessary to support businesses, employees, and communities within the SEZ ecosystem.

Priorities

- Strengthen the performance and value of the Group's strategic investments.
- Expand sustainable infrastructure and renewable energy initiatives.
- Enhance operational efficiency and portfolio resilience.
- Uphold high standards of corporate governance, transparency, and accountability.
- Deliver long-term value for shareholders while contributing to broader economic development.

လုပ်ငန်းစု၏ မဟာဗျူဟာမြောက်အခန်းကဏ္ဍနှင့် ဦးစားပေးဆောင်ရွက်ချက်များ

MJTD နှင့် TPD တို့သည် သီလဝါအထူးစီးပွားရေးဇုန်၏ စက်မှုနှင့် မြို့ပြဖွံ့ဖြိုးရေးကဏ္ဍများကို တစ်ပြိုင်နက်တည်း အထောက်အကူပြုနိုင်ရန် MTSH အား ပံ့ပိုးပေးလျက်ရှိပါသည်။

MJTD သည် စက်မှုအခြေခံအဆောက်အဦဖွံ့ဖြိုးရေးနှင့် ရင်းနှီးမြှုပ်နှံမှုမြှင့်တင်ရေးကို အဓိကထားဆောင်ရွက်သော်လည်း TPD သည် စီးပွားရေးလုပ်ငန်းများ၊ ဝန်ထမ်းများနှင့် လူမှုအသိုက်အဝန်းများအတွက် လိုအပ်သောစီးပွားရေးနှင့် လူနေအိမ်ရာဆိုင်ရာ အဆောက်အဦများကို ဖွံ့ဖြိုးတည်ဆောက်ပေးလျက်ရှိပါသည်။

ဦးစားပေးဆောင်ရွက်ချက်များ

- လုပ်ငန်းစု၏ မဟာဗျူဟာမြောက် ရင်းနှီးမြှုပ်နှံမှုများ၏ စွမ်းဆောင်ရည်နှင့် တန်ဖိုးကို မြှင့်တင်ရန်။
- ရေရှည်တည်တံ့သော အခြေခံအဆောက်အဦနှင့် ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင် စီမံကိန်းများကို တိုးချဲ့ရန်။
- လုပ်ငန်းဆောင်ရွက်မှု ထိရောက်မှုနှင့် ရင်းနှီးမြှုပ်နှံမှုအစုအဖွဲ့၏ ခံနိုင်ရည်ကို မြှင့်တင်ရန်။
- ကော်ပိုရိတ်အုပ်ချုပ်မှု၊ ပွင့်လင်းမြင်သာမှုနှင့် တာဝန်ခံမှုဆိုင်ရာ မြင့်မားသော စံနှုန်းများကို ထိန်းသိမ်းရန်။
- ရှယ်ယာရှင်များအတွက် ရေရှည်တန်ဖိုးဖန်တီးပေးရင်း ပိုမိုကျယ်ပြန့်သော စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူပြုရန်။



MTSH ANNUAL PERFORMANCE REVIEW

3 SHARE OF PROFIT FROM MJTD

7.1

BILLION MMK

▲ 61.0% YoY

1 NET PROFIT

11.4

BILLION MMK

▲ 13.6% YoY

7 CASH & BANK BALANCE

8.8

BILLION MMK
USD 1.4 MILLION

Strong liquidity position

5 GROSS PROFIT

7.2

BILLION MMK

▲ 13.5% YoY

11 REVENUE

10.7

BILLION MMK

▼ 46.6% YoY

9 SOLAR PROJECT INVESTMENT

8.0

BILLION MMK

Asset under construction for future growth

FY 2025-2026

4 RETURN ON EQUITY (ROE)

10.7%

Strong returns to shareholders

2 EARNINGS PER SHARE

290

MMK PER SHARE

▼ 12.9% YoY

8 TOTAL ASSETS

116.8

BILLION MMK

▲ 10.3% YoY

6 GROSS MARGIN

66.9%

OF REVENUE

vs 31.4% in FY2025

12 AUDIT & COMPLIANCE

NO MATERIAL MISSTATEMENT

Unqualified Audit Report

10 CAPITAL EXPENDITURE

10.0

BILLION MMK (APPROX)

Land acquisition & solar project investment

SECTION

02

Leadership And Governance

Driving Accountability and Long-Term Stewardship

A healthy canopy does not overshadow the forest it regulates light, protects growth, and sustains balance. Likewise, principled leadership creates the conditions for transparency, resilience, and long-term success.



MTSH

BOARD STRUCTURE



Board of Directors

Our Board of Directors consists of 13 members;

* 1 Chairman,
* 1 Vice Chairman,
* 4 Independent Directors,
* 2 Executive Directors and
* 5 Noñ Executive Directors

ကျွန်ုပ်တို့၏ ဒါရိုက်တာအဖွဲ့ကို အဖွဲ့ဝင်(၁၃) ဦးဖြင့် ဖွဲ့စည်းထားပြီး ဥက္ကဋ္ဌ (၁) ဦး၊ ဒုဥက္ကဋ္ဌ (၁) ဦး၊ လွတ်လပ်သော ဒါရိုက်တာ (၄) ဦး၊ အမှုဆောင်ဒါရိုက်တာ (၂) ဦး၊ အမှုဆောင်မဟုတ်သော ဒါရိုက်တာ (၅) ဦး ပါဝင်ပါသည်။

Board of Directors' Profile



U Win Aung
Chairman

Date of Appointment : 08 July 2013
Last Re-elected : 20 Sep 2024

U Win Aung is the Chairman of the Myanmar Thilawa SEZ Holdings Public Co., Ltd. He is one of the initiators and the lead negotiator between Japan and Myanmar Government leaders as well as founder Chairman for Myanmar private sector's involvement in the implementation of the Thilawa SEZ jointly with the Japanese investors, to create investment opportunities for Myanmar Citizens.

U Win Aung founded and continues as the Chairman of the Dagon Group of Companies since its establishment in 1990. Since 1993, Dagon Group of Companies has successfully implemented property development projects. Dagon Group of Companies engages in wide range of business in general trading, residential and commercial development such as shopping malls, hotel development, integrated agricultural development, value added food industry, logistics and distribution, automobile distribution, petroleum distribution, and in other business sectors. He is the Chairman of Myanmar Agro Exchange Public Limited (MAEX) which specializes in agri value chain & infrastructure development such as Danyingon wholesale market that sells vegetables, fruits and flowers. He is also founder and Chairman of Golden Land East Asia Development Limited (GLAD), which is one of the founding public companies of MTSH.

U Win Aung served as President of UMFCCI from 2011 to 2016, Chairman of ASEAN Business Advisory Council (ABAC) from 2013 to 2014 & Chairman of Greater Mekong Sub-region Business Forum (GMS-BF) from 2002 - 2004 and 2012 - 2014. He was also one of the members of the National Economic and Social Advisory Council (NESAC) and UN-ESCAP Advisory Council.

ဦးဝင်းအောင်သည် Myanmar Thilawa SEZ Holdings Public Co., Ltd ၏ ဥက္ကဋ္ဌဖြစ်ပါသည်။ ဦးဝင်းအောင်သည် မူလအစ သီလဝါအထူးစီးပွားရေးဇုန် အကောင်အထည်ပေါ်ပေါက်လာနိုင်ရေးအတွက် ဂျပန်- မြန်မာ ပုဂ္ဂလိက နှင့် မြန်မာနိုင်ငံအစိုးရအဖွဲ့အကြီးအကဲများအကြား ညှိနှိုင်းမှုများဆောင်ရွက်ခဲ့ပြီး ဂျပန်နိုင်ငံမှလုပ်ငန်းရှင်များနှင့်တွဲဖက်၍ မြန်မာနိုင်ငံသားများ ရင်းနှီးမြှုပ်နှံခွင့် ရရှိရေးအတွက် ဖော်ဆောင်နိုင်ရန်နှင့် စိတ်ဝင်စားသူအများပြည်သူများမှ အစုရှယ်ယာထည့်ဝင်နိုင်ခွင့်ရရှိရန် ပုဂ္ဂလိက ကဏ္ဍမှ ဦးဆောင်ညှိနှိုင်း ကမကထပြုခဲ့သူတစ်ဦး ဖြစ်ပါသည်။

သီလဝါအထူးစီးပွားရေးဇုံ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်နှင့် ရင်းနှီးမြှုပ်နှံသူများအရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်နိုင်ရန် ဖွဲ့စည်းထားသည့် မြန်မာ-ဂျပန် ဖက်စပ်ကုမ္ပဏီတစ်ခုဖြစ်သော Myanmar Japan Thilawa Development Ltd (MJTD) ၏ ဥက္ကဋ္ဌအဖြစ်လည်း တာဝန်ယူဆောင်ရွက်လျက်ရှိပါသည်။

ဦးဝင်းအောင်သည် Dagon International Ltd ကို ၁၉၉၀ ခုနှစ်တွင် ဦးဆောင်ဖွဲ့စည်းတည်ထောင်ကာ Dagon Group of Companies အဖြစ် တိုးချဲ့တည်ထောင်ကာ ၁၉၉၃ ခုနှစ်မှစ၍ အိမ်ရာဖွံ့ဖြိုးရေးစီမံကိန်းများကိုဖော်ဆောင်ခဲ့ပါသည်။ ကုန်သွယ်မှုလုပ်ငန်းများ၊ သစ်လုပ်ငန်း၊ ဟိုတယ်လုပ်ငန်း၊ shopping mall များ၊ ဘက်စုံလယ်ယာစိုက်ပျိုးရေးလုပ်ငန်းများ၊ တန်ဖိုးမြှင့်စားသောက်ကုန်ထုတ်လုပ်ငန်း၊ ထောက်ပံ့ဆောင်ရေးနှင့် ကုန်စည်ဖြန့်ဖြူးခြင်း၊ မော်တော်ယာဉ်နှင့် စက်သုံးဆီဖြန့်ဖြူးရေးလုပ်ငန်းများကို ဖော်ဆောင်လျက်ရှိသောစီးပွားရေးလုပ်ငန်းစုကြီးကို ဦးဆောင်နေသူတစ်ဦးလည်းဖြစ်ပါသည်။

နိုင်ငံတကာအဆင့်မီ တည်းကုန်း ဟင်းသီးဟင်းရွက် သစ်သီးဝလံ ပန်းမန်လက်ကားဈေးစီမံကိန်း၊ အခြေခံအဆောက်အဦးများနှင့် ပွဲရုံနှင့်လူနေအဆောက်အအုံများ တည်ဆောက်အကောင်အထည်ဖော်ဆောင်လျက်ရှိသည့် မြန်မာအက်ဂရို အိတ်(စ်)ချိန်း အများပိုင်လီမိတက် (Myanmar Agro Exchange Public Ltd. - MAEX)ကို ဦးဆောင်တည်ထောင်သူ ဥက္ကဋ္ဌတစ်ဦးဖြစ်ပါသည်။ ဦးဝင်းအောင်သည် MTSH တွင် ကနဦးဦးဆောင်ပါဝင်တည်ထောင်ခွင့်ရခဲ့သော အများပိုင် ကုမ္ပဏီ(၉) ခုအနက် တစ်ခုအပါအဝင်ဖြစ်သော Golden Land East Asia Development Limited (GLAD) ၏ ဥက္ကဋ္ဌတစ်ဦးလည်းဖြစ်ပါသည်။

ဦးဝင်းအောင်သည် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် (UMFCCI) ၏ ဥက္ကဋ္ဌအဖြစ် ၂၀၁၁ ခုနှစ်မှ ၂၀၁၆ ခုနှစ် တာဝန်ယူ ဆောင်ရွက်ခဲ့ပါသည်။ ထို့ပြင် အာဆီယံစီးပွားရေးအကြံပေးကောင်စီ (ABAC = ASEAN Business Advisory Council) ၏ ဥက္ကဋ္ဌအဖြစ် ၂၀၁၃ မှ ၂၀၁၄ အထိ၊ မဟာမဲခေါင်ဒေသခွဲ စီးပွားရေးဖိုရမ် (GMS-BF = Greater Mekong Sub – region Business Forum) ၏ ဥက္ကဋ္ဌအဖြစ် ၂၀၀၂ မှ ၂၀၀၄ခုနှစ်အထိ နှင့် ၂၀၁၂ မှ ၂၀၁၄ခုနှစ်အထိ တာဝန်ထမ်းဆောင်ခဲ့ပါသည်။ အမျိုးသား စီးပွားရေးနှင့် လူမှုရေးအကြံပေးကောင်စီ (NESAC) အဖွဲ့ဝင်အဖြစ် (၂၀၁၂ မှ ၂၀၁၆ခုနှစ်အထိ) နှင့် ကုလသမဂ္ဂအရှေ့အာရှနှင့် ပစိဖိတ်နိုင်ငံများဖွံ့ဖြိုးတိုးတက်ရေး UN-ESCAP တို့၏ အကြံပေး ကောင်စီတွင် အဖွဲ့ဝင်တစ်ဦး ဖြစ်ခဲ့ပါသည်။

U Tun Lwin

Vice Chairman

Date of Appointment : 08 July 2013
Last Re-elected : 22 June 2023



U Tun Lwin is a Vice Chairman of the Company. He has been the Chairman of MAGDPL since 2012, which is one of the biggest shareholders of our Company. MAGDPL is a public company and is currently developing container and general cargo handling International Terminal at plot number 29 of the Thilawa Port Area, among other business operations.

He is the Director of MAPCO. He is serving as the Vice Chairman of National Resources Development Company Limited too. He is presently the Managing Director of Shwe Me Group of Companies. He is the Chairman of SCG – Shwe Me Logistics (Myanmar) Co., Ltd, Director of Betagro (Myanmar) Co., Ltd and ICP Shwe Me Fertilizer Co., Ltd.

He is currently serving as the Chairman of Myanmar Pulses, Beans and Sesame Seeds Merchants Association, the Central Executive Committee Member of UMFCCI and the Treasurer of Myanmar-Japan Association.

The companies he is associating are currently exporting agricultural products, importing construction materials and general cargo, providing logistics services, developing terminal at Thilawa port area, growing teak plantations and involving in other business sectors too. He attended the Audit Committee Master Programme in April 2018 jointly sponsored by International Finance Corporation and Myanmar Institute of Directors.

ဦးထွန်းလွင်သည် ကုမ္ပဏီ၏ ဒုတိယ ဥက္ကဋ္ဌတစ်ဦး ဖြစ်ပါသည်။ သူသည် ကျွန်ုပ်တို့ကုမ္ပဏီ၏ ရှယ်ယာအများဆုံး ပိုင်ဆိုင်သူများအနက်မှ တစ်ဦးဖြစ်သည့် MAGDPL၏ ဥက္ကဋ္ဌအဖြစ် ၂၀၁၂ ခုနှစ်ကတည်းက တာဝန်ထမ်းဆောင်ပါသည်။ MAGDPL သည် အများပိုင်ကုမ္ပဏီတစ်ခုဖြစ်ကာ (အခြားလုပ်ငန်းများအပါအဝင်) ကွန်တိန်နာများနှင့် အထွေထွေကုန်စည်ကိုင်တွယ်ခြင်း လုပ်ကိုင်သည့် သီလဝါ ဆိပ်ကမ်းအကွက် (၂၉)ရှိ အပြည်ပြည်ဆိုင်ရာ ဆိပ်ခံတံတားအား ဆောက်လုပ်ခြင်းနှင့် စီမံဆောင်ရွက်ခြင်းကို လုပ်ကိုင်နေပါသည်။

သူသည် MAPCO တွင် ဒါရိုက်တာအဖြစ် တာဝန်ထမ်းဆောင်နေပါသည်။ သူသည် National Resources Development Company Limited ၏ ဒုတိယ ဥက္ကဋ္ဌအဖြစ်လည်း တာဝန်ထမ်းဆောင်လျက်ရှိပါသည်။ သူသည် Shwe Me Group of Companies ၏ အုပ်ချုပ်မှုဒါရိုက်တာ တစ်ဦးလည်း ဖြစ်ပါသည်။ သူသည် SCG – Shwe Me Logistics (Myanmar) Co., Ltd. ၏ ဥက္ကဋ္ဌ၊ Betagro (Myanmar) Co., Ltd. နှင့် I C P Shwe Me Fertilizer Co., Ltd. တို့၏ ဒါရိုက်တာလည်း ဖြစ်ပါသည်။

သူသည် မြန်မာနိုင်ငံပဲမျိုးစုံနှင့် နှမ်းကုန်သည်များအသင်း၏ ဥက္ကဋ္ဌလည်းဖြစ်ပြီး၊ UMFCCI တွင် ဗဟိုအလုပ်အမှုဆောင်နှင့် Myanmar-Japan Association တို့တွင်လည်း ဘဏ္ဍာရေးမှူးအဖြစ် တာဝန်ယူထားပါသည်။

သူပါဝင်ဆောင်ရွက်နေသည့် ကုမ္ပဏီများသည် လယ်ယာစိုက်ပျိုးရေးထုတ်ကုန်များ ပြည်ပတင်ပို့ခြင်း၊ ဆောက်လုပ်ရေး ပစ္စည်းများနှင့် အထွေထွေကုန်စည်များ တင်သွင်းပြန်ပြုပြုခြင်း၊ ထောက်ပံ့ပို့ဆောင်ရေး ဝန်ဆောင်မှုများပေးခြင်း၊ သီလဝါ ဆိပ်ကမ်းတွင် ဆိပ်ခံတံတား တည်ဆောက်ရေး ဆောင်ရွက်ခြင်းနှင့် ကျွန်းသစ်စိုက်ပျိုးရေးအပါအဝင် စီးပွားရေး ကဏ္ဍများစုံတွင် လုပ်ငန်းများ ဆောင်ရွက်ပါသည်။ သူသည် ၂၀၁၈ခုနှစ် ဧပြီလတွင် IFC နှင့် Myanmar Institute of Director (MIoD) တို့မှ ကျင်းပသည့် Audit Committee Master Programme သင်တန်းကိုလည်း တက်ရောက်ခဲ့ပါသည်။



Prof. Dr. Aung Tun Thet

Independent Director

Date of Appointment : 01 November 2014
Last Re-elected : 19 Sep 2025

Prof. Dr. Aung Tun Thet is an Independent Director of the Company. He is the Honorary Professor at the University of British Columbia, in Vancouver Canada, Research Professor at Kyung Hee University of Global Finance and Trade, in Seoul Korea, Chairman of the UN Global Compact Myanmar Network, Advisor to the Union of Myanmar Federation of Commerce and Industries, Visiting professor at Yangon University and Yangon University of Economics, Member of Myanmar Investment Commission and Distinguished Professor at Shan State Buddhist University.

Prof. Dr. Aung Tun Thet holds a Bachelor of Commerce from Yangon University, a Post-Graduate Diploma in Management Studies from the University of Brighton, M.Sc. in Operations Research from the University of Warwick and a Ph.D. in Management Sciences from the University of Manchester and a Post-doctoral Research Fellow from University of Marburg. He was awarded an Honorary Doctorate D.Litt. Degree by the Yangon University of Economics in 2015.

ပါမောက္ခဒေါက်တာ အောင်ထွန်းသက်သည် ကုမ္ပဏီ၏ လွတ်လပ်သော ဒါရိုက်တာ တစ်ဦးဖြစ်ပါသည်။ သူသည် ကနေဒါနိုင်ငံဗန်ကူးဘားမြို့ရှိ University of British Columbia တွင် ဂုဏ်ထူးဆောင် ပါမောက္ခအနေဖြင့် လည်းကောင်း၊ ကိုရီးယားနိုင်ငံ ဆိုးလ်မြို့ရှိ ဂွမ်းဟီ ကမ္ဘာလုံးဆိုင်ရာဘဏ္ဍာရေးနှင့်ကုန်သွယ်မှု တက္ကသိုလ်တွင် သုတေသနပါမောက္ခအနေဖြင့်လည်းကောင်း၊ UN Global Compact Myanmar Network တွင် ဥက္ကဋ္ဌအနေဖြင့်လည်းကောင်း၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်၏ အကြံပေးအဖြစ်လည်းကောင်း၊ ရန်ကုန်တက္ကသိုလ်နှင့် ရန်ကုန်စီးပွားရေးတက္ကသိုလ်တို့၏ ဧည့်ပါမောက္ခတစ်ဦးအနေဖြင့် လည်းကောင်း၊ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင် (MIC) တွင် အဖွဲ့ဝင်တစ်ဦးအဖြစ် လည်းကောင်း၊ ရှမ်းပြည်နယ် ဗုဒ္ဓတက္ကသိုလ်တွင် ထူးချွန်ပါမောက္ခအနေဖြင့်လည်းကောင်း တာဝန်ထမ်းဆောင်လျက်ရှိပါသည်။

ပါမောက္ခဒေါက်တာ အောင်ထွန်းသက်သည် ရန်ကုန်တက္ကသိုလ်မှ ဝါဏိဇ္ဇဘွဲ့အား လည်းကောင်း၊ University of Brighton မှ စီမံခန့်ခွဲမှုဆိုင်ရာဘွဲ့လွန်ဒီပလိုမာ အား လည်းကောင်း၊ University of Warwick မှ မဟာသိပ္ပံဘွဲ့ (Operations Research) အား လည်းကောင်း၊ University of Manchester မှ ပါရဂူဘွဲ့ (Management Sciences) အားလည်းကောင်း၊ University of Marburg မှ Post-Doctoral Research Fellow တို့အား ရရှိခဲ့ပါသည်။ သူသည် ရန်ကုန်စီးပွားရေးတက္ကသိုလ်မှ ချီးမြှင့်သည့် ဂုဏ်ထူးဆောင်ပါရဂူဘွဲ့ (D.Litt. Degree) ကိုလည်း ၂၀၁၅ ခုနှစ်တွင် ရရှိခဲ့ပါသည်။

U Aung Nyunt
Independent Director

Date of Appointment : 23 October 2016
Last Re-elected : 19 Sep 2025



U Aung Nyunt is an Independent Director of the Company. He was appointed in October 2016. From 1966 to 2007, nearly (41) years of services at Myanmar Timber Enterprise – Finance/ Account Department, Planning Department and retired as a General Manager (Planning). As an attached duty in 1991, he served as a Director (Finance) for two years at National Industrial Holding Company Limited (NIHL) (Public Company). From 1995 to 1996, he was a part time Director of Myanmar Forest Products Joint Venture Company Limited (Forest J.V), Myanmar Korea Timber International Company Limited (MKTI), Myanmar Seal Company Limited (M.S.L) and International Business Centre (I.B.C) Co., Ltd. Starting from 2008 to 2013, he was an Independent Auditor for the Union of Myanmar Federation of Chambers of Commerce and Industry (UMFCCI), Myanmar Engineering Society (MES), NGO-Japan Seeds Asia Project, Trustee Board of Pyi Shwe San Taw Pagoda and International Business Centre Company Limited (I.B.C) under the name of Aung Nyunt and Associates (Auditors). During his service at the Ministry, he has joined and attended various Financial Management Seminars in (9) different countries. He attended the Audit Committee Master Programme in April 2018 jointly sponsored by International Finance Corporation and Myanmar Institute of Directors. He was born in 1944 and studied at Myoma National High School. He graduated with B.Com (Accounting) in 1964 and Registered Accountant (Full-fledge) (now CPA) in 1965 respectively.

ဦးအောင်ညွန့်သည် ဒါရိုက်တာအဖွဲ့ဝင်တစ်ဦးဖြစ်ပြီး ၂၀၁၆ ခုနှစ်၊ အောက်တိုဘာလမှစ၍ လွတ်လပ်သော ဒါရိုက်တာအဖြစ် ခန့်အပ်ခြင်းခံခဲ့ရပါသည်။ ၁၉၆၆ မှ ၂၀၀၇ ခုနှစ်အထိ (၄၁)နှစ်ခန့် မြန်မာ့သစ်လုပ်ငန်း-ဘဏ္ဍာရေး/ ငွေစာရင်းဌာနနှင့် စီမံကိန်းဌာနတို့တွင် တာဝန်ထမ်းဆောင်ခဲ့ပြီး အထွေထွေမန်နေဂျာ (စီမံကိန်း) ရာထူးဖြင့် အငြိမ်းစားရယူခဲ့ပါသည်။ တွဲဖက်တာဝန်ဖြင့် ၁၉၉၁ ခုနှစ်တွင် နေရှင်နယ်အင်ဒတ်စ်ထရီရယ်ဟိုလ်ဒင်းကုမ္ပဏီလီမိတက် (NIHL) (အများပိုင်ကုမ္ပဏီ)တွင် (၂) နှစ်ခွဲခန့် ဒါရိုက်တာ (ဘဏ္ဍာရေး) တာဝန်ထမ်းဆောင် ခဲ့ပါသည်။ ၁၉၉၅ခုနှစ်မှ ၁၉၉၆ ခုနှစ်အထိ မြန်မာ့သစ်တောထွက်ပစ္စည်း ဖက်စပ်ကော်ပိုရေးရှင်းလီမိတက် (Forest J.V) (အများပိုင်ကုမ္ပဏီ)၊ နိုင်ငံခြားဖက်စပ် မြန်မာ-ကိုရီးယား အပြည်ပြည်ဆိုင်ရာကုန်သွယ်မှုကုမ္ပဏီ (MKTI) မြန်မာဆီးလ် ကုမ္ပဏီလီမိတက် (M.S.L) နှင့် အပြည်ပြည်ဆိုင်ရာကုန်သွယ်မှုဗဟိုဌာန ကုမ္ပဏီလီမိတက် (I.B.C) တို့တွင် မြန်မာ့သစ်လုပ်ငန်း၏ အချိန်ပိုင်းဒါရိုက်တာအဖြစ် တာဝန်ယူဆောင်ရွက်ခဲ့ပါသည်။ ၂၀၀၈ ခုနှစ်မှစ၍ ၂၀၁၃ခုနှစ်အထိ အောင်ညွန့်နှင့် အဖွဲ့စာရင်းစစ်အမည်ဖြင့် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် (UMFCCI)၊ မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်း (MES)၊ NGO-Japan Seeds Asia Project၊ ပြည်မြို့ရွှေဆံတော်ဂေါပက ဘဏ္ဍာတော်ထိန်းအဖွဲ့၊ အပြည်ပြည်ဆိုင်ရာ စီးပွားရေးဗဟိုဌာနလီမိတက် (I.B.C) တို့ကို (၆)နှစ်ခန့် လက်မှတ်ရေးထိုးသူစာရင်းကိုင်အဖြစ် တာဝန်ယူဆောင်ရွက်ခဲ့ပြီး စာရင်းစစ်အစီရင်ခံစာများ ထုတ်ပြန်ခဲ့ပါသည်။ အစိုးရတာဝန်ဖြင့် နိုင်ငံ (၉)နိုင်ငံတွင် ဘဏ္ဍာရေး စီမံခန့်ခွဲမှု ပညာဆွေးနွေးပွဲများ တက်ရောက်ခဲ့ပါသည်။ သူသည် ၂၀၁၈ခုနှစ်၊ ဧပြီလတွင် IFC နှင့် Myanmar Institute of Director (MIoD)တို့မှ ကျင်းပသည့် Audit Committee Master Programme သင်တန်းကိုလည်းတက်ရောက်ခဲ့ပါသည်။ သူသည် ၁၉၄၄ ခုနှစ်တွင် မွေးဖွားပြီး၊ မြို့မအမျိုးသားအထက်တန်းကျောင်းတွင် ပညာဆည်းပူးခဲ့ပါသည်။ ၁၉၆၄ ခုနှစ်တွင် B.Com (Accounting)၊ ၁၉၆၅ ခုနှစ်တွင် Registered Accountant (Full-fledge) (ယခု C.P.A) ဘွဲ့ အသီးသီး ရရှိခဲ့ပါသည်။



U Toe Aung Myint

Independent Director

Date of Appointment : 30 March 2021
Last Re-elected : 19 Sep 2025

U Toe Aung Myint is an Independent Director of the company. He served in Ministry of Mining in 1980 and served as officer in Ministry of Defense from 1981 to 1984. From 1985 to 2018, he worked in Ministry of Commerce for 33years and retired as Permanent Secretary in August 2018. As an attached duty, from August 2016 to August 2018 he participated as Member of Myanmar Special Economic Zone Central Working Body and served as Joint Secretary in Myanmar Special Economic Zone Central Body. He was a member of Myanmar Investment Commission from 2016 to January 2021. He is a member of Board of Directors in Myanmar Citizens Bank since 2013 to until now.

He was born in 1958 and graduated with Bachelor of Science in Geology from Rangoon Arts and Sciences University in 1979. He got Certificate of Administration Course from Yangon Institute of Economic in 1987 and Certificate of Export Market Development Programme from Japan -Singapore (AOIS/TDB) in 1999. He attended Mekong Institute in Thailand and got Certificate of Enterprise Reform for the GMS in 2002 and Certificate of Leadership for Competitive Enterprise System in the GMS in 2004. He received Certificate of Global Supply Chain Policy for Senior Officer Course from Temasek Foundation International in 2012, Diploma in International Economic Relations and Development (IERD) from Graduate School of Administration and Development of Ministry of Planning, Finance and Industry in 2017 and Certificate of Temasek Foundation International Governance and Public Administration Programme from Civil Service College (Singapore) in 2017.

ဦးတိုးအောင်မြင့်သည် ကုမ္ပဏီ၏ လွှပ်လပ်သောဒါရိုက်တာတစ်ဦးဖြစ်ပါသည်။ သူသည် သတ္တုတွင်းဝန်ကြီးဌာနတွင် ၁၉၈၀ခုနှစ်အတွင်း တာဝန်ထမ်းဆောင်ခဲ့ဖူးပြီး ၁၉၈၁ခုနှစ်မှ၁၉၈၄ခုနှစ်အထိ ကာကွယ်ရေးဝန်ကြီးဌာနဌ အရာရှိအဖြစ် တာဝန် ထမ်းဆောင်ခဲ့ပါသည်။ ၁၉၈၅ခုနှစ်မှစ၍ ၂၀၁၈ခုနှစ်အထိ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနတွင် နှစ်ပေါင်း(၃၃)နှစ်တိုင်တိုင် တာဝန်ထမ်း ဆောင်ခဲ့ပြီး အမြဲတမ်းအတွင်းဝန်ရာထူးဖြင့် သြဂုတ်လ ၂၀၁၈ခုနှစ်တွင် အငြိမ်းစား ယူခဲ့ပါသည်။ တွဲဖက်တာဝန်များ အနေဖြင့် သြဂုတ်လ ၂၀၁၆ခုနှစ်မှ သြဂုတ်လ ၂၀၁၈ခုနှစ်အထိ မြန်မာအထူးစီးပွားရေးဇုန် ဗဟိုလုပ်ငန်းအဖွဲ့တွင် အဖွဲ့ဝင် အဖြစ်လည်းကောင်း၊ မြန်မာအထူးစီးပွားရေးဇုန်ဗဟိုအဖွဲ့တွင် တွဲဖက်အတွင်း ရေးမှူးအဖြစ်လည်းကောင်း ဆောင်ရွက်ခဲ့ပါသည်။ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှု ကော်မရှင်တွင်လည်း ၂၀၁၆ခုနှစ်မှ ဇန်နဝါရီလ ၂၀၂၁ ခုနှစ် အထိအဖွဲ့ဝင်အဖြစ် ဆောင်ရွက်ခဲ့ပါသည်။ ၂၀၁၃ခုနှစ်မှစ၍ ယခုအချိန်အထိ မြန်မာနိုင်ငံသားများ ဘဏ်တွင် ဒါရိုက်တာအဖွဲ့ဝင်(ဒါရိုက်တာ)အဖြစ် တာဝန်ယူဆောင်ရွက်နေဆဲ ဖြစ်ပါသည်။

သူသည် ၁၉၅၈ ခုနှစ်တွင် မွေးဖွားခဲ့သူဖြစ်ပြီး ရန်ကုန်ဝိဇ္ဇာနှင့် သိပ္ပံတက္ကသိုလ်ကြီးမှ ဘူမိဗေဒဆိုင်ရာ သိပ္ပံဘွဲ့အား ၁၉၇၉ ခုနှစ်တွင် ရရှိခဲ့ပါသည်။ ၁၉၈၇ ခုနှစ်တွင် ရန်ကုန် စီးပွားရေးတက္ကသိုလ်မှ ပေးအပ်သော စီမံခန့်ခွဲမှု လေ့ကျင့်ရေး သင်တန်းဆင်းလက်မှတ်ကိုလည်းကောင်း၊ ၁၉၉၉ခုနှစ်တွင် ဂျပန်-စင်္ကာပူ (AOIS/TDB)မှ ပေးအပ်သော Certificate of Export Market Development Programme ကိုလည်းကောင်း ရရှိခဲ့ပါသည်။ Mekong Institute တွင် တက်ရောက်ခဲ့ပြီး Certificate of Enterprise Reform for the GMS အား ၂၀၀၂ ခုနှစ်တွင် လည်းကောင်း၊ Certificate of Leadership for Competitive Enterprise System in the GMS အား ၂၀၀၄ ခုနှစ်တွင်လည်းကောင်း ရရှိခဲ့ပါသည်။ ၂၀၁၂ ခုနှစ်တွင် Temasek Foundation International မှ Certificate of Global Supply Chain Policy for Senior Officer Course၊ ၂၀၁၇ ခုနှစ်တွင် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန လက်အောက်ရှိ စီမံခန့်ခွဲမှု နှင့် ဖွံ့ဖြိုးရေးသင်တန်းကျောင်းမှ ပေးအပ်သော Diploma in International Economic Relations and Development (IERD) နှင့် Civil Service College (Singapore) မှ ပေးအပ်သော Certificate of Temasek Foundation International Governance and Public Administration Programme တို့ကို ရရှိခဲ့ပါသည်။

U Htay Chun

Independent Director

Date of Appointment : 06 October 2022
Last Re-elected : 19 Sep 2025



U Htay Chun is an Independent Director of the Company. He served at the Planning Department for 22 years, from 1972 to 1994, and at the Directorate of Investment and Companies Administration for 16 years, from 1994 to 2010, under the Ministry of National Planning and Economic Development. He retired as the Deputy Director General of the Directorate of Investment and Companies Administration in 2010. He has 38 years' experience as a Government Officer.

After retirement, he also served as a Commission member of the Securities and Exchange Commission of Myanmar for 8 years, from 2014 to 2022, and as a Commission member of the Myanmar Investment Commission for 5 years, from 2016 to 2021.

U Htay Chun holds B. Econ (Statistics) in 1971 and Diploma in Economic Planning in 1979 from Yangon Institute of Economic and Registered Lawyer from Ministry of Education in 1981.

ဦးဌေးဝွန်သည် ကုမ္ပဏီ၏ လွတ်လပ်သော ဒါရိုက်တာတစ်ဦး ဖြစ်ပါသည်။ ဦးဌေးဝွန်သည် အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန၊ စီမံကိန်းရေးဆွဲရေးဦးစီးဌာနတွင် ၁၉၇၂ ခုနှစ် မှ ၁၉၉၄ ခုနှစ်အထိ လုပ်သက် (၂၂) နှစ်၊ ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာနတွင် ၁၉၉၄ ခုနှစ် မှ ၂၀၁၀ ခုနှစ် အထိ လုပ်သက် (၁၆)နှစ် တာဝန်ထမ်းဆောင်ခဲ့ပြီး ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန၊ ဒုတိယညွှန်ကြားရေးမှူးချုပ် ရာထူးဖြင့် ၂၀၁၀ ခုနှစ်တွင် အငြိမ်းစားယူခဲ့ပါသည်။ ဦးဌေးဝွန်သည် စုစုပေါင်း လုပ်သက် (၃၈)နှစ် နိုင်ငံဝန်ထမ်းအရာရှိအဖြစ် တာဝန်ထမ်းဆောင်ခဲ့ပါသည်။

နိုင်ငံဝန်ထမ်းအဖြစ်မှ အငြိမ်းစားယူခဲ့ပြီးနောက် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန၊ ငွေချေးသက်သေခံ လက်မှတ်လုပ်ငန်းကြီးကြပ်ရေးကော်မရှင်တွင် ကော်မရှင်အဖွဲ့ဝင်အဖြစ် ၂၀၁၄ ခုနှစ်မှ ၂၀၂၂ ခုနှစ် အထိ (၈)နှစ်၊ မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်တွင် ၂၀၁၆ ခုနှစ်မှ ၂၀၂၁ ခုနှစ်အထိ (၅)နှစ်၊ ကော်မရှင် အဖွဲ့ဝင်အဖြစ် တာဝန်ထမ်းဆောင်ခဲ့ပါသည်။

ဦးဌေးဝွန်သည် ရန်ကုန်စီးပွားရေးတက္ကသိုလ်မှ B. Econ (စာရင်းအင်းပညာ) ဘွဲ့ကို ၁၉၇၁ ခုနှစ်တွင် လည်းကောင်း၊ စီးပွားရေး စီမံကိန်း ဒီပလိုမာကို ၁၉၇၉ ခုနှစ်တွင် လည်းကောင်း ရရှိခဲ့ပြီး ပညာရေးဝန်ကြီးဌာနမှ အသိအမှတ်ပြုမှတ်ပုံတင်ရှေ့နေလက်မှတ်ကို ၁၉၈၁ ခုနှစ်တွင် ရရှိခဲ့ပါသည်။



U Thaung Han

Non Executive Director

Date of Appointment : 29 June 2021
Last Re-elected : 20 Sep 2024

U Thaung Han is a Director of the Company. He is the Board member of New City Public Company Limited, which is one of the founding shareholders of MTSH. He is Co-Founder and Managing Director of CB Life Insurance Company which was established in 2021. He is also Secretary of Myanmar Insurance Association which was established in October 2017.

He is also the Managing Director of CB Securities Limited and Management Committee Member of CB Bank. He was in Agriculture Commodity Trading/ Export & Import before he joined CB Financial group.

He graduated from Rangoon Institute of Technology in 1987 and achieved Master of Business Administration from Jinan University Guanzhou, China in 2013.

ဦးသောင်းဟန်သည် ကုမ္ပဏီ၏ ဒါရိုက်တာတစ်ဦးဖြစ်ပါသည်။ သူသည် ကျွန်ုပ်တို့ ကုမ္ပဏီ၏ ကနဦး ရှယ်ယာအများဆုံးပိုင်ဆိုင်သူများအနက် တစ်ဦးဖြစ်သည့် New City Public Company Limited ၏ ဒါရိုက်တာအဖွဲ့ဝင်တစ်ဦးလည်း ဖြစ်ပါသည်။ သူသည် ၂၀၁၂ ခုနှစ်ကတည်းက တည်ထောင်ခဲ့သည့် CB Life Insurance Company ၏ တည်ထောင်သူနှင့် အုပ်ချုပ်မှုဒါရိုက်တာတစ်ဦး ဖြစ်ပါသည်။ သူသည် ၂၀၁၇ ခုနှစ်၊ အောက်တိုဘာလတွင် တည်ထောင်ခဲ့သည့် မြန်မာနိုင်ငံ အာမခံအသင်း၏ အတွင်းရေးမှူးအနေဖြင့် တာဝန်ထမ်းဆောင်လျက်ရှိပါသည်။

ဦးသောင်းဟန်သည် CB Securities Limited ၏ အုပ်ချုပ်မှုဒါရိုက်တာတစ်ဦးဖြစ်ပြီး၊ CB Bank ၏ စီမံခန့်ခွဲမှု ကော်မတီအဖွဲ့ဝင်လည်းဖြစ်ပါသည်။ သူသည် CB Financial Group သို့မဝင်ရောက်မီ စိုက်ပျိုးရေး၊ ကုန်စည် ကူးသန်းရောင်းဝယ်ရေးနှင့် ပို့ကုန်၊ သွင်းကုန်ဆိုင်ရာလုပ်ငန်းများကို လုပ်ကိုင်ဆောင်ရွက်ခဲ့သူတစ်ဦး ဖြစ်ပါသည်။

ဦးသောင်းဟန်သည် ၁၉၈၇ခုနှစ်တွင် Rangoon Institute of Technology မှ ဘွဲ့ရရှိခဲ့ပြီး၊ ၂၀၁၃ခုနှစ်တွင် တရုတ်နိုင်ငံ Guanzhou မြို့ Jinan တက္ကသိုလ်မှ Master of Business Administration (MBA) ဘွဲ့ကို ရရှိထားသူတစ်ဦးလည်း ဖြစ်ပါသည်။

Dr. Nyan Thit Hlaing
Non-Executive Director

Date of Appointment : 02 August 2013
Last Re-elected : 22 June 2023



Dr. Nyan Thit Hlaing is a Director of Myanmar Thilawa SEZ Holdings Public Company Limited. He is also one of the Directors in Thilawa Property Development Limited (TPD).

He is currently Vice Chairman of the National Development Company Group Limited (NDCG), which is one of the Principal Shareholders of our Company. NDCG is a Public Company engaged primarily in the business of construction, trading and general services. He is a Director of Proven Technology Industrial Co., Ltd (TOYO Battery).

He is also the Executive Director of Small and Medium Enterprise Development Bank which is established to provide financial assistance to small and medium enterprises (SME) in the country. He is Vice President of Myanmar Construction Entrepreneur Federation. Dr. Nyan Thit Hlaing graduated with a Bachelor of Medicine from the University of Medicine (1) Yangon in 1995.

ဒေါက်တာ ဉာဏ်သစ်လှိုင်သည် မြန်မာသီလဝါ အက်(စ်)အီးဇက် ဟိုးဒင်းပတ် ဘလစ် အများနှင့်သက်ဆိုင်သော ကုမ္ပဏီလီမိတက်၏ ဒါရိုက်တာတစ်ဦးဖြစ်ပါသည်။ သူသည် Thilawa Property Development Limited (TPD)၏ ဒါရိုက်တာတစ်ဦးလည်း ဖြစ်ပါသည်။

သူသည်လက်ရှိတွင် အမျိုးသားဖွံ့ဖြိုးတိုးတက်ရေးကုမ္ပဏီအုပ်စု လီမိတက် (NDCG)၏ ဒုတိယဥက္ကဋ္ဌတစ်ဦးဖြစ်ပါသည်။ NDCG သည် ကျွန်ုပ်တို့ ကုမ္ပဏီ၏ ရှယ်ယာအများဆုံး ပိုင်ဆိုင်သူများအနက်မှ တစ်ဦး ဖြစ်ပြီး၊ အဓိကအားဖြင့် ဆောက်လုပ်ရေးလုပ်ငန်း၊ ကုန်သွယ်ခြင်းလုပ်ငန်းနှင့် အထွေထွေဝန်ဆောင်မှုလုပ်ငန်းများကို ဆောင်ရွက်သည့် အများပိုင်ကုမ္ပဏီတစ်ခုဖြစ်သည်။ သူသည် Proven Technology Industrial Co., Ltd ၏ ဒါရိုက်တာအဖွဲ့ဝင် တစ်ဦးဖြစ်ပါသည်။

သူသည် ပြည်တွင်းရှိ အသေးစားနှင့် အလတ်စားလုပ်ငန်းများ၌ ငွေကြေးဆိုင်ရာ ထောက်ပံ့မှုပေးနေသည့် အသေးစားနှင့် အလတ်စားလုပ်ငန်းများဖွံ့ဖြိုးရေးဘဏ်တွင်လည်း အမှုဆောင်ဒါရိုက်တာတစ်ဦးအဖြစ် ဆောင်ရွက်လျက်ရှိပြီး မြန်မာနိုင်ငံဆောက်လုပ်ရေးဆိုင်ရာလုပ်ငန်းရှင်များ ဖက်ဒရေးရှင်း၏ ဒု-ဥက္ကဋ္ဌလည်းဖြစ်ပါသည်။ ဒေါက်တာ ဉာဏ်သစ်လှိုင်သည် ၁၉၉၅ ခုနှစ်တွင် ရန်ကုန် ဆေးတက္ကသိုလ် (၁) မှ Bachelor of Medicine ဘွဲ့ဖြင့် အောင်မြင်ခဲ့ပါသည်။



U Myint Zaw

Chief Executive Officer

Date of Appointment : 29 September 2018
Last Re-elected : 22 June 2023

U Myint Zaw is a veteran in the trading and investment industry with over 20 years of experience. He is currently the Chief Executive Officer of Myanmar Thilawa SEZ Holdings Public Co., Ltd and its subsidiary, Thilawa Property Development Limited, U Myint Zaw bad been working for the company since the company's incorporation in 2013.

Throughout his career, U Myint Zaw has managed the trading of commodities such as agricultural products and palm oil, invested in manufacturing of automotive spare parts, hospitality and services, construction and property development. He has a background in the development of rental factories business, condominium projects, hotels, and auto parts manufacturing.

During his tenure as Sales & Marketing Director at MTSH, U Myint Zaw's primary responsibility was marketing Thilawa SEZ to potential investors and promoting events. He has also served as the Officer and General Manager of the Administration & HR Department, where he successfully established new standard operating procedures, company rules, and procurement policies, as well as handled general affairs at MJTD.

U Myint Zaw's educational qualifications include a Bachelor of Science (Chemistry) degree from Yangon University, a Master of Business Administration (MBA) from the University of Thai Chamber of Commerce, a Diploma of Business Law (DBL) from Yangon University, and a Myanmar Directorship Certification from the Myanmar Institute of Director (MIoD) and Singapore Management University (SMU).

ဦးမြင့်ဇော်သည် ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှု လုပ်ငန်းများတွင် အတွေ့အကြုံ အနှစ် ၂၀ ကျော်ရှိသည့် လုပ်ငန်းကျွမ်းကျင်သူတစ်ဦးဖြစ်သည်။ သူသည် လက်ရှိတွင် မြန်မာသီလဝါအက်(စ်)အီးဇက် ဟိုးဒင်း ပတ်ဘလစ် အများနှင့် သက်ဆိုင်သော ကုမ္ပဏီလီမိတက် (MTSH)နှင့် MTSH၏ လက်အောက်ခံ ကုမ္ပဏီခွဲတစ်ခုဖြစ်သော Thilawa Property Development Limited တို့တွင် အမှုဆောင်အရာရှိချုပ်အဖြစ် တာဝန်ယူဆောင်ရွက်လျက် ရှိပါသည်။ ဦးမြင့်ဇော်သည် ကုမ္ပဏီ စတင်တည်ထောင်သည့် ကနဦးအစ ၂၀၁၃ ခုနှစ်မှ စတင်၍ ကုမ္ပဏီတွင် တာဝန်ထမ်းဆောင်ခဲ့သူ တစ်ဦးလည်းဖြစ်ပါသည်။

ဦးမြင့်ဇော်သည် လူသုံးကုန်ပစ္စည်းကုန်သွယ်မှုလုပ်ငန်းများဖြစ်သည့် လယ်ယာထွက်ကုန်နှင့် စားအုန်းဆီလုပ်ငန်း၊ ယာဉ်အပိုပစ္စည်းများ ထုတ်လုပ်ရောင်းချခြင်းလုပ်ငန်း၊ ဟိုတယ်နှင့် ဝန်ဆောင်မှုလုပ်ငန်း၊ ဆောက်လုပ်ရေးနှင့် မြေယာဖွံ့ဖြိုးရေးလုပ်ငန်းများစသည့် လုပ်ငန်းနယ်ပယ်များစွာကို စီမံခန့်ခွဲခဲ့ပါသည်။ ထို့အပြင် စက်ရုံငှါးရမ်းခြင်းလုပ်ငန်း၊ လူနေအဆောက်အအုံ စီမံကိန်းလုပ်ငန်းများ၊ ဟိုတယ်နှင့် ယာဉ်အပိုပစ္စည်းများ ထုတ်လုပ်ခြင်းလုပ်ငန်းစသည်တို့နှင့် ပတ်သက်၍ အတွေ့အကြုံရင့်သန်သူတစ်ဦးလည်း ဖြစ်ပါသည်။

မြန်မာသီလဝါ အက်(စ်) အီးဇက် ဟိုးဒင်းပတ်ဘလစ် အများနှင့် သက်ဆိုင်သော ကုမ္ပဏီ လီမိတက် (MTSH) တွင် ဦးမြင့်ဇော်သည် Sales & Marketing Director အနေဖြင့် တာဝန်ထမ်းဆောင်စဉ်က သူ၏ အဓိကလုပ်ငန်းတာဝန်များမှာ သီလဝါအထူးစီးပွားရေးဇုန်တွင် အလားအလာရှိသော ရင်းနှီးမြှုပ်နှံသူများကို ဈေးကွက်ဖော်ဆောင်ခြင်းနှင့် အရောင်းမြှင့်တင်ခြင်းလုပ်ငန်းများ ဆောင်ရွက်ခြင်းဖြစ်သည်။ သူသည် MJTD တွင်လည်း Administration & HR Department ၏ General Manager & Officer တစ်ဦး အနေဖြင့် တာဝန်ထမ်းဆောင်လျက်ရှိပြီး၊ လုပ်ငန်းလည်ပတ်မှုဆိုင်ရာ စံနှုန်းမီလုပ်ထုံးလုပ်နည်းအသစ်များ (SOP) သတ်မှတ်ခြင်း၊ ကုမ္ပဏီ၏ စည်းမျဉ်းစည်းကမ်းများ၊ အဝယ်တော်ကိစ္စရပ်များနှင့် ပတ်သက်သော မူဝါဒများချမှတ်ခြင်းများအပြင် MJTD ၏ အထွေထွေရေးရာကိစ္စများကိုလည်း ကိုင်တွယ်ဆောင်ရွက်လျက် ရှိပါသည်။

ဦးမြင့်ဇော်သည် ရန်ကုန်တက္ကသိုလ်မှ B.Sc (Chemistry) ဘွဲ့၊ University of Thai Chamber of Commerce မှ Master of Business Administration ဘွဲ့၊ ရန်ကုန်တက္ကသိုလ်မှ Diploma in Business Law (DBL) တို့ကိုရရှိခဲ့ပြီး၊ Singapore Management University (SMU) နှင့် မြန်မာဒါရိုက်တာများ အင်စတီကျူ (MIoD)တို့မှ ပူးပေါင်း ဖွဲ့စည်းထားသော မြန်မာနိုင်ငံတွင် ပထမဦးဆုံးကျင်းပသည့် Myanmar Directorship Certification ကို တက်ရောက်ထားသူ တစ်ဦးလည်း ဖြစ်ပါသည်။

U Thurane Aung
Executive Director

Date of Appointment : 01 September 2019
Last Re-elected : 19 Sep 2025



U Thurane Aung is the Project Director of our Company and Vice President of Myanmar Japan Thilawa Development Limited (MJTD). His diversify experiences came from more than 20 years of service in Dagon Group, which is one of the leading conglomerates in Myanmar with diversified businesses in sectors that include property development and construction, hospitality, timber, agriculture, commodity trading, plantation, retail and distribution, petroleum, automobile and food processing.

His primary responsibility in MTSH is to coordinate among the stakeholders for the smooth running of existing business as well as develop new opportunities and investment within Thilawa SEZ and beyond.

He also contribute much of his time for the development of the different business sectors he is in by becoming Vice President of Myanmar Construction Entrepreneur Federation, Vice-President of Yangon Region Young Entrepreneur Association (YRYEA). He holds a Bachelor of Arts (Honors) in Business Information Management & Finance, which he obtained from the University of Westminster, United Kingdom in 2004. He is also a winner of the esteemed title of "Asia's Most Admirable Young Leaders" at the prestigiouos Asia Corporate Excellence & Sustainability Awards (ACES) 2021.

ဦးသူရိန်အောင်သည် ကျွန်ုပ်တို့ကုမ္ပဏီ၏ စီမံကိန်းဒါရိုက်တာဖြစ်ပြီး မြန်မာ-ဂျပန်သီလဝါဒီဗလော့မန့်လီမိတက် (MJTD) ၏ ဒုတိယဥက္ကဋ္ဌ (Vice President) ဖြစ်ပါသည်။ ဦးသူရိန်အောင်၏ များပြားကျယ်ပြန့်လှသော လုပ်ငန်းအတွေ့အကြုံများမှာ ဒဂုန်ကုမ္ပဏီများအုပ်စုတွင် လုပ်သက် နှစ် (၂၀) ကျော် ဦးဆောင်လုပ်ကိုင်မှုများမှ ရရှိလာခြင်း ဖြစ်ပါသည်။

ဦးသူရိန်အောင်သည် ဒဂုန်ကုမ္ပဏီများအုပ်စု၏ အမှုဆောင်အရာရှိချုပ်အဖြစ် တာဝန်ထမ်းဆောင်နေစဉ်တွင် နိုင်ငံတကာကုမ္ပဏီပေါင်းများစွာနှင့် ချိတ်ဆက်၍ ဖက်စပ်လုပ်ငန်းများ၊ စီးပွားရေးလုပ်ငန်းအသစ်များကို အောင်မြင်စွာညှိနှိုင်း၍ အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ပါသည်။ ဦးသူရိန်အောင်၏ ဖြစ်နိုင်ခြေများ လေ့လာဆန်းစစ်ခြင်းနှင့် ညှိနှိုင်းဆောင်ရွက်မှုများပြုလုပ်ခြင်းစသည့် အတွေ့အကြုံ ကောင်းများသည် မြန်မာသီလဝါအက်(စ်) အီးဇက် ဟိုးဒင်းပတ်ဘလစ် အများနှင့် သက်ဆိုင်သောကုမ္ပဏီလီမိတက်(MTSH) ၏ကနဦးအစမှပင် MTSH နှင့် ဂျပန်လုပ်ငန်းစုတို့၏ ဖက်စပ်လုပ်ငန်းဖြစ်သော မြန်မာ-ဂျပန်သီလဝါဒီဗလော့မန့်လီမိတက် (MJTD) ဖြစ်ပေါ်လာအောင်ကြိုးပမ်းဆောင်ရွက်ခဲ့ခြင်းများတွင် လွန်စွာအထောက်အကူပြုခဲ့ပါသည်။

ဦးသူရိန်အောင်၏ မြန်မာသီလဝါအက်(စ်)အီးဇက်ဟိုးဒင်းပတ်ဘလစ်အများနှင့် သက်ဆိုင်သော ကုမ္ပဏီလီမိတက် (MTSH) ရှိ အဓိကလုပ်ငန်းတာဝန်များမှာ လက်ရှိလုပ်ငန်းများ အဆင်ပြေချောမွေ့စွာ ဆောင်ရွက်နိုင်ရေးအတွက်ရင်းနှီးမြှုပ်နှံသူများနှင့် ညှိနှိုင်းခြင်းလုပ်ငန်းများအပြင် သီလဝါ SEZ အတွင်းနှင့် အခြားနေရာများတွင်ပါ စီးပွားရေးလုပ်ငန်း အခွင့်အလမ်းသစ်များရှာဖွေခြင်းနှင့် ရင်းနှီးမြှုပ်နှံမှုများတိုးတက်စေရန် ဆောင်ရွက်ခြင်းများဖြစ်ပါသည်။

ဦးသူရိန်အောင်သည် စီးပွားရေးလုပ်ငန်းကဏ္ဍမျိုးစုံ ဖွံ့ဖြိုးတိုးတက်ရေးအတွက် မြန်မာနိုင်ငံဆောက်လုပ်ရေးဆိုင်ရာလုပ်ငန်းရှင်များ ဖက်ဒရေးရှင်း၏ ဒု-ဥက္ကဋ္ဌ အဖြစ်လည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီး လူငယ်စွန့်ဦးတီထွင်လုပ်ငန်းရှင်များအသင်း၏ ဒု-ဥက္ကဋ္ဌအဖြစ်လည်းကောင်း ပါဝင်ဆောင် ရွက်လျက်ရှိပါသည်။

ဦးသူရိန်အောင်သည် ၂၀၀၄ ခုနှစ်တွင် ယြိတိန်နိုင်ငံ၊ လန်ဒန်မြို့ရှိ Westminster တက္ကသိုလ်မှ စီးပွားရေးဆိုင်ရာသတင်းအချက်အလက် စီမံခန့်ခွဲမှုပညာနှင့် ဘဏ္ဍာရေးဘာသာရပ် (Business Information Management & Finance) ဖြင့် ဝိဇ္ဇာ (ဂုဏ်ထူး)ဘွဲ့ကိုရရှိခဲ့သူဖြစ်ပါသည်။ ဦးသူရိန်အောင်သည် Asia Corporate Excellence & Sustainability Awards (ACES) 2021 တွင် "အာရှ၏ အထင်ကြီးလေးစားဖွယ် အကောင်းဆုံးလူငယ်ခေါင်းဆောင်များ" ဘွဲ့ကို ရရှိထားသူလည်း ဖြစ်ပါသည်။



U Min Oo

Non-Executive Director

Date of Appointment : 01 September 2019
Last Re-elected : 19 Sep 2025

U Min Oo is a Director of the Company. He is the Board member of Myanmar Technologies and Investment Corporation Public Company Limited (MTI), which is one of the founding shareholders of MTSH. He is the Vice President of Myanmar Computer Professionals Association (MCPA) and President of Myanmar Business Executives Association (MBE).

He also serves as the Executive Committee member of Myanmar Computer Federation. He graduated with a Master of Computer Technology from University of Computer Studies, Yangon in 1999 and achieved Master of Business Administration from Yangon University of Economic in 2005.

He holds Post Graduate Diploma in Law, Diploma in Political Science and enhanced Diplomatic Skill from Ministry of Foreign Affairs.

ဦးမင်းဦးသည် ကုမ္ပဏီ၏ ဒါရိုက်တာတစ်ဦးဖြစ်ပါသည်။ သူသည် MTSH ကုမ္ပဏီ၏ ကနဦးရှယ်ယာ အများဆုံးပိုင်ဆိုင်သူများအနက် တစ်ဦးဖြစ်သည့် Myanmar Technologies and Development Public Company Limited (MTI) ၏ ဒါရိုက်တာအဖွဲ့ဝင်အဖြစ်လည်းကောင်း၊ Myanmar Computer Professionals Association (MCPA) ၏ ဒုတိယဥက္ကဋ္ဌ အဖြစ်လည်းကောင်း၊ Myanmar Business Executives Association (MBE) ၏ ဥက္ကဋ္ဌ အဖြစ် လည်းကောင်း တာဝန်ယူဆောင်ရွက်လျက် ရှိပါသည်။

ထို့ပြင် ဦးမင်းဦးသည် မြန်မာကွန်ပျူတာအဖွဲ့ချုပ်၏ အလုပ်အမှုဆောင်အဖွဲ့ဝင် တစ်ဦး ဖြစ်ပါသည်။ သူသည် ၁၉၉၉ ခုနှစ်တွင် ရန်ကုန်ကွန်ပျူတာ တက္ကသိုလ်က Master of Computer Technology (M.C.Tech) ဘွဲ့၊ ၂၀၀၅ ခုနှစ်တွင် ရန်ကုန်စီပွားရေးတက္ကသိုလ်က Master of Business Administration (MBA) ဘွဲ့များ ရရှိခဲ့ပါသည်။

သူသည် Post Graduate Diploma in Law, Diploma in Political Science လက်မှတ်တို့ကို ရရှိခဲ့ပြီး၊ နိုင်ငံခြားရေးဝန်ကြီးဌာနက ဖွင့်လှစ်သည့် အဆင့်မြင့်သံတမန်ရေးရာကျွမ်းကျင်မှုသင်တန်းကို တတ်မြောက် အောင်မြင်ထားသူ တစ်ဦးလည်းဖြစ်ပါသည်။

Daw Aye Aye Aung
Non-Executive Director

Date of Appointment : 01 September 2019
Last Re-elected : 20 Sep 2024



Daw Aye Aye Aung is a Director of the Company. She is the Managing Director of Asia Mega Link Co., Ltd. She is the Director of Asia Mega Link Services Co., Ltd and Yatanarpon Teleport Public Co., Ltd as well.

She is also a Central Executive Committee Member of Yangon International Airport Information Technology Communication Center and the Director of Myanmar Agro Exchange Public Limited (MAEX).

She graduated with a B.E (Electronic) and also a professional Engineer (P.E) recognized by the Myanmar Engineering Council. She was awarded the ASEAN Engineer Certificate of AFEO Governing Board in 2014. She achieved the Master of Business Administration from Yangon Institute of Economic in 2002.

ဒေါ်အေးအေးအောင်သည် ကုမ္ပဏီ၏ ဒါရိုက်တာအဖွဲ့ဝင်တစ်ဦးဖြစ်ပါသည်။ သူမသည် Asia Mega Link Co., Ltd ၏ အုပ်ချုပ်မှုဒါရိုက်တာတစ်ဦးဖြစ်ပြီး၊ Asia Mega Link Services Co., Ltd နှင့် Yatanarpon Teleport Public Co., Ltd ၏ ဒါရိုက်တာတစ်ဦးအဖြစ် တာဝန်ထမ်းဆောင်လျက်ရှိပါသည်။

ဒေါ်အေးအေးအောင်သည် Yangon International Airport Information Technology Communication Center ၏ ဗဟိုအလုပ်အမှုဆောင် အဖွဲ့ဝင်တစ်ဦးဖြစ်ပြီး၊ Myanmar Agro Exchange Public Limited (MAEX) ၏ ဒါရိုက်တာ အဖွဲ့ဝင်တစ်ဦးလည်း ဖြစ်ပါသည်။

ဒေါ်အေးအေးအောင်သည် B.E (Electronic) ဖြင့် ဘွဲ့ရရှိကာ မြန်မာနိုင်ငံအင်ဂျင်နီယာများကောင်စီမှ အသိအမှတ်ပြုသည့် Professional Engineering (P.E) တစ်ဦးဖြစ်ပါသည်။ သူမသည် ၂၀၁၄ ခုနှစ်တွင် AFEO Governing Board ၏ အသိအမှတ်ပြုသည့် ASEAN Engineer လက်မှတ်အား ဘရူနိုင်းနိုင်ငံမှ ချီးမြှင့်ခြင်းခံရပါသည်။ သူမသည် ၂၀၀၂ ခုနှစ်တွင် ရန်ကုန်စီးပွားရေးတက္ကသိုလ်မှ Master of Business Administration (MBA) ဘွဲ့ကို ရရှိထားသူတစ်ဦးလည်း ဖြစ်ပါသည်။



U Wanna Khine

Non-Executive Director

Date of Appointment : 23 September 2022
Last Re-elected : 19 Sep 2025

U Wanna Khine is a Director of Myanmar Thilawa SEZ Holdings Public Company Limited.

He has been working as a Managing Director at Denko Trading Co., Ltd. and as a Director at Gold Delta Co., Ltd and Eden Group Company Limited. Denko Trading Co., Ltd is a Company that fulfills the growing demand of Fuel Consumption of Myanmar People as much as possible and Gold Delta Co., Ltd specializes in farming and production of high quality rice.

In a career spanning over two decades, U Wanna Khine has worked in senior management level in industries across the spectrum including construction, hotels & resorts, banking, fuel supplies, agriculture and energy.

ဦးဝဏ္ဏခိုင်သည် မြန်မာသီလဝါ အက်(စ်)အီးဇက်ပိုးဒင်း ပတ်ဘလစ် အများနှင့် သက်ဆိုင်သော ကုမ္ပဏီလီမိတက်၏ ဒါရိုက်တာအဖွဲ့ဝင်တစ်ဦးဖြစ်ပါသည်။

သူသည် Denko Trading Co., Ltd. ၏ အုပ်ချုပ်မှု ဒါရိုက်တာတစ်ဦးဖြစ်သကဲ့သို့ Gold Delta Co., Ltd. နှင့် Eden Group Company Limited တွင်လည်း ဒါရိုက်တာတစ်ဦးအဖြစ် တာဝန်ယူဆောင်ရွက်လျက် ရှိပါသည်။ Denko Trading Co., Ltd. သည် မြန်မာနိုင်ငံတွင်ရှိသည့် ပြည်သူလူထုအတွက် စက်သုံးဆီလိုအပ်ချက်ကို တတ်စွမ်းသရွေ့ဖြည့်ဆည်းလျက်ရှိသော ကုမ္ပဏီတစ်ခုဖြစ်ပြီး Gold Delta Co., Ltd သည် အရည်အသွေးပြည့်ဝသည့် ဆန်စပါးစိုက်ပျိုးထုတ်လုပ်ရေးနှင့် သက်ဆိုင်သည့် လုပ်ငန်းများကို ဆောင်ရွက်လျက်ရှိသည့် ကုမ္ပဏီတစ်ခု ဖြစ်ပါသည်။

ဦးဝဏ္ဏခိုင်သည် ဆောက်လုပ်ရေးလုပ်ငန်းများ၊ ဟိုတယ်နှင့် စားသောက်ဆိုင်လုပ်ငန်းများ၊ ဘဏ်လုပ်ငန်း၊ စက်သုံး ဆီလုပ်ငန်း၊ လယ်ယာစိုက်ပျိုးရေးနှင့် စွမ်းအင်လုပ်ငန်းများစသည့် နယ်ပယ်အသီးသီးတွင် နှစ်ပေါင်း (၂၀)ကျော် အတွေ့အကြုံရှိသည့် အကြီးတန်းစီမံခန့်ခွဲသူတစ်ဦး ဖြစ်ပါသည်။



Daw Yu War Tun
Chief Financial Officer

Daw Yu War Tun is the Chief Financial Officer of Myanmar Thilawa SEZ Holding Public Company Limited and concurrently the Chief Financial Officer of Myanmar Japan Thilawa Development Limited.

Daw Yu War Tun has over 18 years of experience in Accounting, Auditing, Financial Reporting and analysis, Taxation, Internal Controls, and Business planning.

She worked in Myanmar from 2005 to 2010 and subsequently moved to Singapore, and gained experience in Singapore-registered companies, including the CMG Group (Singapore) Pte Ltd. which is a 100% subsidiary of the Interpublic Group of Companies (a company listed on New York Stock Exchange). Then she joined MTSH in December 2017 as Group Finance Manager, in August 2020 to October 2022 as Head of Finance.

Daw Yu War Tun holds a Bachelor of Commerce from Yangon Institute of Economics and a Bachelor of Science degree in applied accounting from Oxford Brookes University (UK). She is also admitted Certified Public Accountant of Myanmar. Member of Institute of Singapore Chartered Accountant (ISCA) and Association of Chartered Certified Accountants (ACCA). Accomplished Myanmar Directorship Certification by Myanmar Institute of Director (MIoD) and Singapore Management University (SMU).

ဒေါ်ယုဝါထွန်းသည် MTSH ကုမ္ပဏီ၏ ဘဏ္ဍာရေးဆိုင်ရာ အရာရှိချုပ်ဖြစ်ပြီး မိမိတို့၏ ဖက်စပ်ကုမ္ပဏီဖြစ်သည့် MJTD တွင်လည်း ဘဏ္ဍာရေးဆိုင်ရာ အရာရှိချုပ်အဖြစ် တာဝန်ထမ်းဆောင်လျက် ရှိပါသည်။

သူမသည် စာရင်းဆိုင်ရာ ဆောင်ရွက်ခြင်း၊ စစ်ဆေးခြင်း၊ ဘဏ္ဍာရေးဆိုင်ရာ စီမံခန့်ခွဲခြင်း၊ အခွန်နှင့် ငွေကြေးဆိုင်ရာ စီမံခန့်ခွဲခြင်း၊ စီမံကိန်းများ ရေးဆွဲခြင်း တို့တွင် (၁၇) နှစ်ကျော် အတွေ့အကြုံရှိသူ တစ်ဦးဖြစ်ပါသည်။ သူမသည် ၂၀၀၅ခုနှစ် မှ ၂၀၂၂ခုနှစ်အထိ မြန်မာနိုင်ငံ စာရင်းအင်းလောက၊ စင်္ကာပူနိုင်ငံ စာရင်းအင်းလောကတို့တွင် အတွေ့အကြုံများ ရယူခဲ့ပါသည်။ New York စတော့အိပ်ချိန်း စာရင်းဝင် Interpublic Group of Companies ၏ စင်္ကာပူ အခြေစိုက် ကုမ္ပဏီတစ်ခုဖြစ်သည့် CMG Group တွင် တာဝန်များထမ်းဆောင်ခဲ့ပြီး၊ 2017 December မှ စတင်၍ MTSH တွင် Group Finance Manager အဖြစ်၊ 2020 August မှ 2022 October အထိ Head of Finance အဖြစ် တာဝန်ထမ်းဆောင် ခဲ့ပါသည်။

ဒေါ်ယုဝါထွန်းသည် ဝါဂီဇွဲဘွဲ့အား ရန်ကုန်တက္ကသိုလ်မှ လည်းကောင်း၊ အသုံးချ စာရင်းအင်းပညာ Bachelor of Science ဘွဲ့ကို Oxford Brookes University (UK) မှ လည်းကောင်း ရရှိခဲ့ပါသည်။ သူမသည် Certified Public Accountant Myanmar ကို ရရှိအောင်မြင်ထားပြီး၊ Institute of Singapore Chartered Accountant (ISCA) နှင့် Association of Chartered Certified Accountant (ACCA) တို့၏ အဖွဲ့ဝင်တစ်ဦး ဖြစ်ပါသည်။ သူမသည် Singapore Management University (SMU) နှင့် မြန်မာဒါရိုက်တာများ အင်စတီကျူ (MIoD) တို့မှ ပူပေါင်းဖွဲ့စည်းထားသော Myanmar Directorship Certification ကို တက်ရောက်ထားသူ တစ်ဦးလည်း ဖြစ်ပါသည်။

Top Management



U Win Aung
Charirman



U Tun Lwin
Vice Charirman



U Myint Zaw
Chief Executive Officer



U Thurane Aung
Executive Director



Daw Yu War Tun
Chief Financial Officer

OUR GOVERNANCE STRUCTURE



Board Committee

To strengthen governance effectiveness and ensure focused oversight across key area of responsibility, the Board has established five standing committees.

လူမှုနေရာမှန်ရရှိရေးကော်မတီ -NC

Composition : 3 Members
Classification: 1 ID . 1 NED . 1 ED



Chairman:
Prof. Dr. Aung Tun Thet

အခကြေးငွေကော်မတီ -RC

Composition : 4 Members
Classification: 1 ID . 3 NED



Chairman:
U Toe Aung Myint

စာရင်းစစ် နှင့် ဆုံးရှုံးနိုင်ခြေစီမံခန့်ခွဲမှု ကော်မတီ -ARC

Composition : 3 Members
Classification: 1 ID . 2 NED



Chairman:
U Aung Nyunt

စီမံအုပ်ချုပ်မှုနှင့် စည်းကမ်းလိုက်နာမှု ကော်မတီ -GCC

Composition : 4 Members
Classification: 1 ID . 2 NED, 1 ED



Chairman:
U Htay Chun

စီမံအုပ်ချုပ်မှုနှင့် စီးပွားဖွံ့ဖြိုးတိုးတက်ရေးဖော်ဆောင်မှု ကော်မတီ -MBDC

Composition : 5 Members
Classification: 1 ED . 4 NED



Chairman:
U Thurane Aung

Nomination Committee (NC)

Oversees Board composition, ensuring members possess required competencies, independence, and diversity to drive strategic governance. Within the Value Creation Cycle, it governs high-level human judgment.

Remuneration Committee (RC)

Aligns director and management compensation with long-term strategic goals. It ensures transparency and accountability to build stakeholder trust by aligning personal incentives with institutional purpose.

Audit & Risk Committee (ARC)

Manages enterprise risk and financial integrity, providing oversight for reporting, internal controls, and cybersecurity. It holds the authority to challenge management and engage directly with auditors.

Governance & Compliance Committee (GCC)

Stewards governance identity, ethics, culture, and regulatory compliance. Operating at the Strategic Evolution stage, it synthesizes performance indicators into future direction and maintains MTSH's social license.

Management & Business Development Committee (MBDC)

Bridges governance and operational execution, ensuring management aligns strategy execution, capital deployment, and business development with the company's risk appetite.

လူမှုနေရာမှန်ခန့်ထားရေးကော်မတီ

အဖွဲ့အစည်း၏ မဟာဗျူဟာနှင့် အုပ်ချုပ်မှုဆိုင်ရာ တာဝန်ဝတ္တရားများအတိုင်း စွမ်းဆောင်ရည်၊ အတွေ့အကြုံ၊ လွတ်လပ်မှုနှင့် စုံလင်ကွဲပြားမှုများ ပြည့်စုံသည့် ဒါရိုက်တာအဖွဲ့ ဖွဲ့စည်းနိုင်ရေးကို တာဝန်ယူဆောင်ရွက်ပါသည်။ Value Creation Cycle အတွင်း မြင့်မားသောအဖွဲ့အစည်းဆိုင်ရာ ဆုံးဖြတ်ချက်များ ချမှတ်နိုင်ရန် အရေးအကြီးဆုံး စီမံခန့်ခွဲမှုဆိုင်ရာ အရည်အသွေးများကို စိစစ်ရွေးချယ်ပေးပါသည်။

အခကြေးငွေကော်မတီ

ဒါရိုက်တာများနှင့် အကြီးတန်းစီမံခန့်ခွဲသူများ၏ အကျိုးခံစားခွင့်ဆိုင်ရာ မူဘောင်များကို ပွင့်လင်းမြင်သာမှုရှိစေရန်နှင့် ကုမ္ပဏီ၏ ရေရှည်မဟာဗျူဟာ ရည်မှန်းချက်များနှင့် ကိုက်ညီစေရန် စီမံပေးပါသည်။ အဖွဲ့အစည်းဆိုင်ရာ ရည်ရွယ်ချက်များနှင့် ပုဂ္ဂိုလ်ရေးဆိုင်ရာ လှုံ့ဆော်မှု များကို ဟန်ချက်ညီစေခြင်းဖြင့် အစုရှယ်ယာရှင်များနှင့် အကျိုးတူပါဝင်သူများ၏ ယုံကြည်မှုကို တည်ဆောက်ပေးပါသည်။

စာရင်းစစ်နှင့် ဆုံးရှုံးနိုင်ခြေ စီမံခန့်ခွဲမှုကော်မတီ

ဘဏ္ဍာရေးဆိုင်ရာ ဖြောင့်မတ်မှုကန်မှုနှင့် စီးပွားရေးလုပ်ငန်းဆိုင်ရာ စွန့်စားမှုများကို ပင်မကြီးကြပ်ကွပ်ကဲပေးသော အဖွဲ့ဖြစ်ပါသည်။ ဘဏ္ဍာရေးအစီရင်ခံစာများ၊ အတွင်းပိုင်းထိန်းချုပ်မှု များ၊ စာရင်းစစ်ဆေးခြင်းနှင့် ဆိုက်ဘာလုံခြုံရေးအပါအဝင် စွန့်စားမှုစီမံခန့်ခွဲခြင်းများကို လွတ်လပ်စွာ စိစစ်ကွပ်ကဲပြီး ဒါရိုက်တာအဖွဲ့ထံ တိုက်ရိုက်တင်ပြ တိုက်တွန်းနိုင်သည့် လုပ်ပိုင်ခွင့် ရှိပါသည်။

စီမံအုပ်ချုပ်မှုနှင့် စည်ကမ်းလိုက်နာမှုကော်မတီ

အဖွဲ့အစည်း၏ အုပ်ချုပ်မှုဆိုင်ရာ စံနှုန်းများ၊ ကျင့်ဝတ်များနှင့် စည်းမျဉ်းလိုက်နာမှုများကို ထိန်းသိမ်းစောင့်ရှောက်သူဖြစ်ပါသည်။ Corporate Governance Roadmap နှင့် အုပ်ချုပ်မှုဆိုင်ရာ စံချိန်စံညွှန်းများကို မြှင့်တင်ပေးပြီး၊ လုပ်ငန်းဆောင်ရွက်မှုဆိုင်ရာ အညွှန်းကိန်းများကို သုံးသပ်၍ ကုမ္ပဏီ၏ ရေရှည်ဖွံ့ဖြိုးတိုးတက်မှုနှင့် လူမှုဆိုင်ရာ ပုံရိပ်ကောင်းများကို ထိန်းသိမ်း ပေးပါသည်။

စီမံခန့်ခွဲမှုနှင့် စီးပွားဖွံ့ဖြိုးတိုးတက်ရေးဖော်ဆောင်မှုကော်မတီ

အတည်ပြုပြီးသော မဟာဗျူဟာများနှင့် ရင်းနှီးမြှုပ်နှံမှု ဆုံးဖြတ်ချက်များကို စီမံခန့်ခွဲမှုအဖွဲ့မှ ထိရောက်စွာ အကောင်အထည်ဖော်ခြင်း ရှိ၊ မရှိ ကြီးကြပ်ပေးပါသည်။ မဟာဗျူဟာမြောက် ရည်မှန်းချက်များ၊ အရင်းအနှီးသုံးစွဲမှုများနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်းစဉ်များကို ကုမ္ပဏီ၏ စွန့်စားနိုင်မှု ပမာဏအတွင်း၌ ရှိစေရန် ပေါင်းကူးညှိနှိုင်းပေးပါသည်။

COMMITTEE COMPOSITION & COMPETENCY PROFILE

	CHAIR	MEMBERS	DIRECTOR CLASSIFICATION	COLLECTIVE COMPETENCY PROFILE	KEY MANDATES
01 NOMINATION COMMITTEE	Prof. Dr Aung Tun Thet *Independent Director*	. U Tun Lwin Vice Chairman . U Thurane Aung Executive Director	1 Independent Director 1 Non-Independent Non-Executive Director 1 Executive Director	Governance; Leadership & Strategy; Human Capital & Succession; Public Policy & Regulation; Infrastructure & Investment; Stakeholder Engagement	> Board appointments & re-election > Review Board composition > Oversee succession planning > Assess Board & Director effectiveness > Ensure Board has the right competencies
02 REMUNERATION COMMITTEE	U Toe Aung Myint *Independent Director*	. U Thaung Han Non-Executive Director . Dr.Nyan Thit Hlaing Non-Executive Director . U Wanna Khine Non-Executive Director	1 Independent Director 3 Non-Executive Directors	Governance; Financial Services; Banking; Public Admin.; Business Leadership; Performance Management	> Establish & review remuneration framework > Align remuneration with long-trem performance > Ensure fairness, transparency & accountability > Review incentives & risk alignment
03 AUDIT & RISK COMMITTEE	U Aung Nyunt *Independent Director*	. U Tun Lwin Vice Chairman . U Min Oo Non-Executive Director	1 Independent Director 1 Non-Independent Non-Executive Director 1 Non-Executive Director	Accounting & Audit; Risk Management; Financial Reporting; Internal Controls; Technology Governance; Compliance	> Oversee financial reporting integrity > Oversee audit functions > Review internal controls > Oversee enterprise risk management > Monitor compliance
04 MANAGEMENT & BUSINESS DEVELOPMENT COMMITTEE	U Thurane Aung *Executive Director*	. U Thaung Han Non-Executive Director . Dr.Nyan Thit Hlaing Non-Executive Director . U Min Oo Non-Executive Director . Daw Aye Aye Aung Non-Executive Director	1 Executive Director 4 Non-Executive Directors	Strategy & Execution; Investment & Capital; Banking & Finance; Engineering; Technology; Infrastructure & Projects	> Oversee strategy implementation > Review investment opportunities > Oversee capital allocation & projects > Monitor business development > Evaluate growth opportunites
05 COVERNANCE & COMPLIANCE COMMITTEE	U Htay Chun *Independent Director*	. U Tun Lwin Vice Chairman . U Thaung Han Committee secretary Non-Executive Director . U Thurane Aung Executive Director	1 Independent Director 2 Non-Independent Non-Executive Director 1 Executive Director	Governance; Regulatory Compliance; Securities & Investment Reg.; Ethics & Integrity; Stakeholder Stewardship; Strategic Governance	> Oversee governance freamework > Monitor regulatory compliance > Promote ethics & integrity > Review governance disclosures > Drive governance improvement

Independent Director Non-Independent Non-Executive Director Executive Director

COMMITTEE COMPOSITION & COMPETENCY PROFILE

ဥက္ကဋ္ဌ	ကော်မတီဝင်များ	ဒါရိုက်တာ အမျိုးအစား	ကော်မတီဝင်များ၏ ပေါင်းစပ် အရည်အချင်းများ			အဓိကတာဝန်များ
01 လူမှုနှင့်နေရာမှန် ရရှိရေး ကော်မတီ	ပါမောက္ခဒေါက်တာ အောင်ထွန်းသက် လွတ်လပ်သော ဒါရိုက်တာ	. ဦးထွန်းလွင် အမှုဆောင်မဟုတ်သော ဒါရိုက်တာ . ဦးသူရိန်အောင် အမှုဆောင်ဒါရိုက်တာ	၁ လွတ်လပ်သော ဒါရိုက်တာ ၁ အမှုဆောင်မဟုတ်သော ဒါရိုက်တာ ၁ အမှုဆောင် ဒါရိုက်တာ	စီမံအုပ်ချုပ်မှု ခေါင်းဆောင်မှုနှင့် မဟာဗျူဟာ လူစွမ်းအား အရင်းအမြစ် ဆက်ခံမှု ပြည်သူ့မူဝါဒနှင့် စည်းမျဉ်း အခြေခံအဆောက်အဦနှင့် ရင်းနှီးမြှုပ်နှံမှု သက်ဆိုင်သူများနှင့် ဆက်ဆံရေး		ဒါရိုက်တာများ ခန့်အပ်ခြင်းနှင့် ပြန်လည်ရွေးချယ်ခြင်း ဒါရိုက်တာအဖွဲ့၏ ဖွဲ့စည်းပုံနှင့် ရည်ရွယ်ချက်များကို ပြန်လည်သုံးသပ်ခြင်း ရာထူးဆက်ခံမှု လုပ်ငန်းစဉ် ကြီးကြပ်ခြင်း ဒါရိုက်တာအဖွဲ့နှင့် ဒါရိုက်တာတစ်ဦးချင်း၏ထိရောက်မှုကို အကဲဖြတ်ခြင်း ဒါရိုက်တာအဖွဲ့တွင် လိုအပ်သော အရည်အချင်းများ ပြည့်စုံစေရန် စီစဉ်ခြင်း
02 အခကြေးငွေ ကော်မတီ	ဦးတိုးအောင်မြင့် လွတ်လပ်သော ဒါရိုက်တာ	. ဦးသောင်းဟန် အမှုဆောင်မဟုတ်သော ဒါရိုက်တာ . ဒေါက်တာဥာဏ်သစ်လှိုင် အမှုဆောင်မဟုတ်သော ဒါရိုက်တာ . ဦးဝဏ္ဏဦင် အမှုဆောင်မဟုတ်သော ဒါရိုက်တာ	၁ လွတ်လပ်သော ဒါရိုက်တာ ၃ အမှုဆောင်မဟုတ်သော ဒါရိုက်တာ	စီမံအုပ်ချုပ်မှု ဘဏ္ဍာရေး ဝန်ဆောင်မှု ဘဏ်လုပ်ငန်း ပြည်သူ့အုပ်ချုပ်ရေး စီးပွားရေးလုပ်ငန်း ခေါင်းဆောင်မှု စွမ်းဆောင်ရည် စီမံခန့်ခွဲမှု		အကျိုးခံစားခွင့်နှင့် ဆုကြေးငေးချေမှု မူဘောင်ကို ရေးဆွဲပြီးသော အခါ အားလျော်စွာ ပြန်လည်သုံးသပ်ခြင်း ဆုကြေးချီးမြှင့်မှုကို ရေရှည် လုပ်ငန်းစွမ်းဆောင်ရည်နှင့် ချိန်ညှိခြင်း တရားမျှတမှု၊ ပွင့်လင်းမြင်သာမှု နှင့် တာဝန်ခံမှုရှိစေရန် ဖော်ဆောင်ခြင်း အကျိုးခံစားခွင့်နှင့် စွန့်စားနိုင်ခြေစီမံခန့်ခွဲမှု၏ အတိုင်းအဆ ကိုက်ညီမှုကို ပြန်လည်သုံးသပ်ခြင်း
03 စာရင်းစစ် နှင့် ဆုံးရှုံးနိုင်ခြေ စီမံခန့်ခွဲမှု ကော်မတီ	ဦးအောင်ညွှန့် လွတ်လပ်သော ဒါရိုက်တာ	. ဦးထွန်းလွင် ဒုဥက္ကဋ္ဌ . ဦးမင်းဦး အမှုဆောင်မဟုတ်သော ဒါရိုက်တာ	၁ လွတ်လပ်သော ဒါရိုက်တာ ၁ အမှုဆောင်မဟုတ်သော ဒါရိုက်တာ ၁ အမှုဆောင်မဟုတ်သော ဒါရိုက်တာ	စာရင်းကိုင်နှင့် စာရင်းစစ် စွန့်စားနိုင်ခြေစီမံခန့်ခွဲမှု ဘဏ္ဍာရေး အစီရင်ခံမှု အဖွဲ့အစည်းတွင်း ထိန်းချုပ်မှု နည်းပညာနှင့် အုပ်ချုပ်မှု စည်းမျဉ်းလိုက်နာမှု		ဘဏ္ဍာရေးအစီရင်ခံမှု၏ မှန်ကန်မှုကို ကြီးကြပ်ခြင်း စာရင်းစစ်လုပ်ငန်းဆောင်တာများကို ကြီးကြပ်ခြင်း အဖွဲ့အစည်းတွင်း ထိန်းချုပ်ကွပ်ကဲမှုစနစ်များကို ပြန်လည်သုံးသပ်ခြင်း လုပ်ငန်းအဖွဲ့အစည်းတစ်ခုလုံး၏ စွန့်စားနိုင်ခြေစီမံခန့်ခွဲမှုကို ကြီးကြပ်ခြင်း စည်းမျဉ်းစည်းကမ်းလိုက်နာမှုကို စောင့်ကြည့်ခြင်း
04 စီမံအုပ်ချုပ်မှု နှင့် စီးပွားဖြစ်တိုးတက်ရေး ဖော်ဆောင်မှု ကော်မတီ	ဦးသူရိန်အောင် အမှုဆောင် ဒါရိုက်တာ	. ဦးသောင်းဟန် အမှုဆောင်မဟုတ်သော ဒါရိုက်တာ . ဒေါက်တာဥာဏ်သစ်လှိုင် အမှုဆောင်မဟုတ်သော ဒါရိုက်တာ . ဦးမင်းဦး အမှုဆောင်မဟုတ်သော ဒါရိုက်တာ . ဒေါ်အေးအေးအောင် အမှုဆောင်မဟုတ်သော ဒါရိုက်တာ	၁ အမှုဆောင် ဒါရိုက်တာ ၄ အမှုဆောင်မဟုတ်သော ဒါရိုက်တာ	ခေါင်းဆောင်မှုနှင့် မဟာဗျူဟာ ဘဏ္ဍာရေးနှင့် ရင်းနှီးမြှုပ်နှံမှု ဘဏ်လုပ်ငန်း/ ဘဏ္ဍာရေး အင်ဂျင်နီယာ နည်းပညာ စီမံကိန်းနှင့်အခြေခံ အဆောက်အဦများ		မဟာဗျူဟာများအကောင်အထည်ဖော်ရာတွင် ကွပ်ကဲခြင်း ရင်းနှီးမြှုပ်နှံမှုအခွင့်အလမ်းများကို သုံးသပ်စီစစ်ခြင်း ငွေကြေးခွဲဝေအသုံးချမှုနှင့် စီမံကိန်းဖော်ဆောင်မှု ကိုက်ညီရေးရဲကြီးကြပ်ခြင်း စီးပွားဖြစ်မှုဆိုင်ရာ ကြီးကြပ်ကွပ်ကဲခြင်း အနာဂတ်အခွင့်အလမ်းများကို ဆန်းစစ်သုံးသပ်ခြင်း
05 စီမံအုပ်ချုပ်မှု နှင့် စည်းကမ်းလိုက်နာမှု ကော်မတီ	ဦးဌေးချွန် လွတ်လပ်သော ဒါရိုက်တာ	. ဦးထွန်းလွင် ဒုဥက္ကဋ္ဌ . ဦးသောင်းဟန် ကော်မတီအတွင်းရေးမှူး အမှုဆောင်မဟုတ်သော ဒါရိုက်တာ . ဦးသူရိန်အောင် အမှုဆောင်ဒါရိုက်တာ	၁ လွတ်လပ်သော ဒါရိုက်တာ ၂ အမှုဆောင်မဟုတ်သော ဒါရိုက်တာ ၁ အမှုဆောင် ဒါရိုက်တာ	စီမံအုပ်ချုပ်မှု စည်းမျဉ်းနှင့် မူဝါဒ ငွေချေးသက်သေခံလက်မှတ်နှင့် ရင်းနှီးမြှုပ်နှံမှုစီမံခန့်ခွဲရေး ကျင့်ဝတ်နှင့် ဂုဏ်သိက္ခာ စောင့်ထိန်းမှု အကျိုးစီးပွား ဆက်စပ်သူများနှင့် ဆက်ဆံရေး မဟာဗျူဟာမြောက် စီမံအုပ်ချုပ်မှု		စည်းမျဉ်းနှင့် မူဝါဒဆိုင်ရာ လိုအပ်ချက်များကို ပြန်လည်သုံးသပ်ခြင်း လုပ်ငန်းစဉ်များတွင် စည်းမျဉ်းလိုက်နာမှုကို ခိုင်မာစေခြင်း စည်းမျဉ်းချိုးဖောက်မှုနှင့် ဆက်စပ်စွန့်စားမှုများကို စောင့်ကြည့်ခြင်း စီမံအုပ်ချုပ်မှု ဆိုင်ရာစဉ်ဆက်မပြတ်ဘိုးတက်မှုအတွက် ဆောင်ရွက်ခြင်း

လွတ်လပ်သော ဒါရိုက်တာ အမှုဆောင်မဟုတ်သော ဒါရိုက်တာ အမှုဆောင်ဒါရိုက်တာ

Board of Directors, Executive Directors, Senior Management and Compliance Officer Remuneration

Kyat in Million

BOARD OF DIRECTORS			FY 2025-26			
			In capacity as management Salary	Honorarium	Proposed Bonus In capacity as director Apr 25 - Mar 26	Total remuneration in all capacity
1 U Win Aung	Chairman - MTSH, MJTD & TPD	NED	-	-	16.92	16.92
2 U Tun Lwin	Vice Chairman/Board Secretary(MTSH/TPD)	NED	-	-	15.21	15.21
3 Prof. Dr. Aung Tun Thet	Independent Director - MTSH	NED	-	24.0	13.52	37.52
4 U Aung Nyunt	Independent Director - MTSH	NED	-	24.0	13.52	37.52
5 U Toe Aung Myint	Independent Director - MTSH	NED	-	24.0	13.52	37.52
6 U Htay Chun	Independent Director - MTSH	NED	-	24.0	13.52	37.52
7 U Thaung Han	Director - MTSH, MJTD & TPD	NED	-	-	13.52	13.52
8 Dr Nyan Thit Hlaing	Director - MTSH, MJTD & TPD	NED	-	-	13.52	13.52
9 U Myint Zaw	Director - MTSH, MJTD & TPD	ED	-	-	13.52	13.52
10 U Thurane Aung	Director - MTSH, MJTD & TPD	ED	-	-	13.52	13.52
11 U Min Oo	Director - MTSH, TPD	NED	-	-	13.52	13.52
12 Daw Aye Aye Aung	Director - MTSH, TPD	NED	-	-	13.52	13.52
13 U Wanna Khine	Director - MTSH	NED	-	-	13.52	13.52
SUBTOTAL			**0**	**96.0**	**180.88**	**276.88**
Executive Directors for Management Role			**Salary & Allowance**		**Bonus**	**Total**
1 U Myint Zaw	Chief Executive Officer - MTSH & TPD, Admin & HR officer -MJTD		622.95	-	83.61	706.56
2 U Thurane Aung	VP - MJTD, Project Director - MTSH & TPD		293.42	-	62.40	355.823
SUBTOTAL			**916.37**	**0**	**146.0**	**1062.38**
Senior Management			**Salary & Allowance**		**Bonus**	**Total**
1 Daw Yu War Tun	CFO- MTSH & MJTD		340.26	-	63.44	403.70
SUBTOTAL			**340.26**	**0**	**63.44**	**403.70**
GRAND TOTAL			**1,256.64**	**96.00**	**390.33**	**1,742.97**

Legend:

VP - Vice-President, NED - Non-Executive Director, ED - Executive Director, CEO - Chief Executive Officer, CFO - Chief Financial Officer

BOARD OF DIRECTORS' INTEREST IN SHARES

As of (12.8.2025 and 31.3.2025), none of our Directors hold Shares in our Company except of as set out below:

Sr.	Name	Holdings Registered in name of Director as at		Holdings in which Director is deemed to have an interest as at	
		12.8.2025	31.3.2026	12.8.2025	31.3.2026
1	U Win Aung	641,340		2,688,899	
2	U Tun Lwin	798,850		1,921,010	
3	U Thaung Han	-	-	2,352,665	
4	Dr. Nyan Thit Hlaing	-	-	819,122	
5	U Myint Zaw	11,210		1,900,000	
6	U Thurane Aung	493,540		143,150	
7	U Min Oo	-	-	520,209	
8	Daw Aye Aye Aung	-	-	1,513,583	
9	U Wanna Khine	-	-	1,948,640	

As of (12.8.2025 and 31.3.2025), none of our Independent Directors hold Shares in our Company except of as set out below:

Sr.	Name	Holdings Registered in name of Independent Directors as at		Holdings in which Independent Directors is deemed to have an interest as at	
		12.8.2025	31.3.2026	12.8.2025	31.3.2026
10	Prof. Dr. Aung Tun Thet	-	-	-	-
11	U Aung Nyunt	-	-	-	-
12	U Toe Aung Myint	-	-	-	-
13	U Htay Chun	-	-	-	-

As of (12.8.2025 and 31.3.2025), none of our Executive Officer hold Shares in our Company except of as set out below:

Sr.	Name	Holdings Registered in name of Executive Officer as at		Holdings in which Executive Officer is deemed to have an interest as at	
		12.8.2025	31.3.2026	12.8.2025	31.3.2026
1 .	Daw Yu War Tun	-	-	-	-

DIRECTORS' REPORT

The Directors' Report for the Financial Year ended 31st March 2026 has been prepared in accordance with the Myanmar Companies Act and the International Financial Reporting Standards.

a. RISK MANAGEMENT

The explanation on Risk Management are expressed on page (44).

b. DIVIDEND/DISTRIBUTIONS

Based on the financial position as at 31st March 2026, the dividend distribution of MMK 150 per share, amounting to MMK 5,839,372,500 was proposed by the Board of Directors Meeting held on 19th August 2026. Will be formally announced by the Board of Directors to the shareholders at the 13th Annual General Meeting.

c. SIGNIFICANT CHANGES IN STATE OF AFFAIRS

There has been no significant change in the Group's state of affairs. The Company continues to engage in the business of investment holding.

d. EVENTS SUBSEQUENT TO BALANCE SHEET DATE

A resolution will be tabled by the Board of Directors to the shareholders at the Annual General Meeting for the reappointment of Win Thin & Associates (Certified Public Accountants) as the Company's external auditors for the Financial Year 2026–2027.

f. NON–AUDIT SERVICES

Win Consulting Limited (a related company of Win Thin & Associates) was engaged as voting invigilator for election of directors in Annual General Meeting.

We have engaged U Htay Chun as the person in charge for compliance matters. U Htay Chun is an independent director of MTSH and the chairman of Governance and Compliance Committee as well. The appointment took effect from 13th December 2023.

For and on behalf of the Board of Directors.



Win Aung
Chairman

ဒါရိုက်တာအဖွဲ့၏ တင်ပြချက်

၂၀၂၆ ခုနှစ်၊ မတ်လ (၃၁) ရက်နေ့ ကုန်ဆုံးသော ဘဏ္ဍာနှစ်ရှိ ဒါရိုက်တာအဖွဲ့တင်ပြချက်ကို မြန်မာနိုင်ငံ ကုမ္ပဏီများ အက်ဥပဒေ ပါ ပြဋ္ဌာန်းချက်များနှင့် နိုင်ငံတကာဘဏ္ဍာရေး အစီရင်ခံခြင်းဆိုင်ရာစံများ (International Financial Reporting Standards) နှင့် အညီ ပြုစုထားပါသည်။

(က) ဆုံးရှုံးနိုင်ခြေစီမံခန့်ခွဲမှု

ဆုံးရှုံးနိုင်ခြေစီမံခန့်ခွဲမှု ရှင်းလင်းချက်ကို စာမျက်နှာ (၄၄) တွင် ပြည့်စုံစွာ ဖော်ပြထားပါသည်။

(ခ) အစုရှယ်ယာအမြတ်ငွေခွဲဝေခြင်း

၂၀၂၆ ခုနှစ်၊ မတ်လ (၃၁) ရက်နေ့ရှိ ဘဏ္ဍာရေးအခြေအနေများပေါ် မူတည်၍ စုစုပေါင်း ငွေကျပ် ၅,၈၃၉,၃၇၂,၅၀၀ အား သာမန်ရှယ်ယာ တစ်စုချင်းစီအတွက် ငွေကျပ် (၁၅၀) ကို အစုရှယ်ယာအမြတ်ငွေအဖြစ် ခွဲဝေသွားရန် ၂၀၂၆ ခုနှစ်၊ ဩဂုတ်လ (၁၉) ရက်နေ့တွင် ကျင်းပခဲ့သည့် ဒါရိုက်တာအဖွဲ့အစည်းအဝေးတွင် ဆုံးဖြတ်ခဲ့ပြီး (၁၃) ကြိမ်မြောက်နှစ်ပတ်လည် အထွေထွေ အစည်းအဝေးတွင် အစုရှယ်ယာရှင်များအား ကြေညာပေးသွားမည်ဖြစ်ပါသည်။

(ဂ) သိသာထင်ရှားသော လုပ်ငန်းပိုင်းဆိုင်ရာ အပြောင်းအလဲများ

မိမိတို့အစီရင်ခံတင်ပြသည့် ကာလအတွင်း၌ သိသာထင်ရှားသော လုပ်ငန်းပိုင်းဆိုင်ရာ ပြောင်းလဲမှုများ မရှိကြောင်း အသိပေး အပ်ပါသည်။

(ဃ) ဘဏ္ဍာရေးရှင်းတမ်းများ ထုတ်ပြန်ပြီးနောက်ပိုင်းကာလ

ဘဏ္ဍာရေးရှင်းတမ်းများထုတ်ပြန်ပြီးနောက်ပိုင်းကာလတွင် အရေးပါသောပြောင်းလဲမှုများမရှိကြောင်း အသိပေးအပ်ပါ သည်။

(င) ပြင်ပစာရင်းစစ်

မြန်မာနိုင်ငံကုမ္ပဏီများ အက်ဥပဒေအရ ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ်အတွက် ပြင်ပစာရင်းစစ်အဖြင့် ဝင်းသင်နှင့်အဖွဲ့အား ခန့်အပ်နိုင်ရန်အတွက် ဒါရိုက်တာအဖွဲ့မှ (၁၃) ကြိမ်မြောက်နှစ်ပတ်လည်အထွေထွေအစည်းအဝေးတွင် အစုရှယ်ယာရှင် များ ထံမှ ဆုံးဖြတ်ချက်ရယူသွားမည်ဖြစ်ပါသည်။

(စ) အခြားဝန်ဆောင်မှုများ

ကျွန်ုပ်တို့ ကုမ္ပဏီ၏ နှစ်ပတ်လည်အထွေထွေအစည်းအဝေးကျင်းပသည့်အခါ ရွေးကောက်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်သည့် ဒါရိုက်တာအဖွဲ့ဝင်များ၏ မဲခွဲဆုံးဖြတ်ခြင်းဆိုင်ရာ ကိစ္စရပ်များကို Win Consulting Limited အား ငှားရမ်းဆောင်ရွက်ခဲ့ ပါသည်။

ထို့အပြင် ကုမ္ပဏီ၏ Compliance ဆိုင်ရာကိစ္စရပ်များကို ဆောင်ရွက်အတွက် ဦးဌေးချွန်အား ၂၀၂၃ ခုနှစ်၊ ဒီဇင်ဘာလ (၁၃) ရက်နေ့မှ စတင်တာ တာဝန်အပ်နှင်းထားပါသည်။ ဦးဌေးချွန်သည် မိမိတို့ ကုမ္ပဏီ၏ လွတ်လပ်သော ဒါရိုက်တာတစ်ဦးဖြစ် ပြီး စီမံအုပ်ချုပ်မှုနှင့် စည်းကမ်းလိုက်နာမှုကော်မတီ၏ ဥက္ကဋ္ဌလည်းဖြစ်ပါသည်။

ဒါရိုက်တာအဖွဲ့ကိုယ်စား



ဝင်းအောင်

ဥက္ကဋ္ဌ

RISK, RESILIENCE, COMPLIANCE & SUSTAINABILITY MANAGEMENT

One Architecture, Four Disciplines

The Group governs risk, compliance, resilience, and sustainability as a single integrated architecture — reflecting the Board's conviction that long-term value creation demands disciplined governance, where accountability is explicit and compliance is treated as a foundation of trust rather than a constraint.

မိမိတို့သည် ဆုံးရှုံးနိုင်ခြေစီမံခန့်ခွဲမှု၊ ဥပဒေနှင့် စည်းမျဉ်းစည်းကမ်းလိုက်နာမှု၊ လုပ်ငန်းခံနိုင်ရည် နှင့် ရေရှည် တည်တံ့ခိုင်မြဲမှုတို့ကို တစ်စုတစ်စည်းတည်း ပေါင်းစပ်ထားသော စီမံအုပ်ချုပ်မှု မူဘောင်အောက်တွင် စနစ် တကျ ကွပ်ကဲဆောင်ရွက်လျက်ရှိပါသည်။ ယင်းသည် ရေရှည်တန်ဖိုးဖန်တီးမှုကို ခိုင်မာပြီးတာဝန်ခံမှု ရှင်းလင်း သည့် စီမံအုပ်ချုပ်မှုစနစ်ပေါ်တွင် တည်ဆောက်ရမည်ဟု ဒါရိုက်တာအဖွဲ့၏ ယုံကြည်ချက်ကို ထင်ဟပ်ဖော်ပြ ထားပြီး၊ ဥပဒေနှင့် စည်းမျဉ်းစည်းကမ်းလိုက်နာမှုကို ကန့်သတ်ချက်တစ်ရပ်အဖြစ်မဟုတ်ဘဲ ယုံကြည်မှုတည် ဆောက်ရန် အခြေခံအုတ်မြစ်တစ်ရပ်အဖြစ် သဘောထားဆောင်ရွက်လျက်ရှိပါသည်။

Risk	Resilience	Compliance	Sustainability
Evidence-based intelligence across every decision	Capacity to absorb, adapt, and recover	Explicit Board and committee accountability	ESG and climate embedded, not standalone

GOVERNANCE STRUCTURE

The Board retains ultimate accountability for governance, risk oversight, resilience, sustainability, and compliance — discharged through two specialist committees established in the 2023 governance restructuring, sharpening focus and strengthening independent oversight.

ဒါရိုက်တာအဖွဲ့သည် စီမံအုပ်ချုပ်မှု၊ ဆုံးရှုံးနိုင်ခြေကြီးကြပ်ကွပ်ကဲမှု၊ လုပ်ငန်းခံနိုင်ရည်၊ ရေရှည်တည်တံ့ခိုင်မြဲမှုနှင့် ဥပဒေနှင့် စည်းမျဉ်းစည်းကမ်းလိုက်နာမှုဆိုင်ရာ ကိစ္စရပ်များအတွက် အမြင့်ဆုံးတာဝန်ခံမှုကို ဆက်လက်ထိန်းသိမ်း ထားပါသည်။ အဆိုပါတာဝန်များကို ၂၀၂၃ ခုနှစ် စီမံအုပ်ချုပ်မှုဖွဲ့စည်းပုံ ပြန်လည်ပြင်ဆင်မှုအရ ဖွဲ့စည်းခဲ့သော အထူးပြုကော်မတီ (၂) ရပ်မှတစ်ဆင့် ထမ်းဆောင်လျက်ရှိပြီး၊ ကော်မတီတစ်ရပ်ချင်းစီ၏ အာရုံစိုက်ဆောင်ရွက် နိုင်မှုကို မြှင့်တင်ပေးသည့်အပြင် လွတ်လပ်၍ ထိရောက်သော ကြီးကြပ်ကွပ်ကဲမှုကိုလည်း ပိုမိုခိုင်မာစေ ပါသည်။

Audit & Risk Committee (ARC)

- Financial reporting integrity
- Enterprise risk management
- Internal control effectiveness
- Internal audit oversight
- Resilience governance
- Material risk exposure monitoring

Governance & Compliance Committee (GCC)

- Corporate governance standards
- Regulatory compliance
- Ethics and integrity programmes
- Sustainability governance
- Policy oversight
- Culture monitoring & escalation metrics

ENTERPRISE RISK MANAGEMENT

The Group's enterprise risk management (ERM) framework is aligned with ISO 31000 and informed by the COSO ERM integrated model. Risk management is not a discrete compliance exercise — it is embedded into strategy formulation, investment evaluation, capital allocation, operational planning, and performance monitoring. The goal is proportionate, evidence-based risk intelligence that supports confident decision-making at every level of the organisation.

အုပ်စု၏ လုပ်ငန်းအဆင့် အန္တရာယ်စီမံခန့်ခွဲမှု (Enterprise Risk Management – ERM) မူဘောင်သည် ISO 31000 အခြေခံမူများနှင့် ကိုက်ညီပြီး COSO ERM Integrated Framework ၏ လမ်းညွှန်ချက်များအပေါ် အခြေခံ ၍ဖွဲ့စည်းထားပါသည်။ အန္တရာယ်စီမံခန့်ခွဲမှုကို သီးခြားလိုက်နာရမည့် စည်းမျဉ်းစည်းကမ်းဆိုင်ရာ လုပ်ငန်းစဉ်တစ်ရပ် အဖြစ်သာမမြင်ဘဲ မဟာဗျူဟာရေးဆွဲမှု၊ ရင်းနှီးမြှုပ်နှံမှုဆိုင်ရာအကဲဖြတ်မှု၊ အရင်းအနှီးခွဲဝေမှု၊ လုပ်ငန်းလည်ပတ်မှု အစီအစဉ်များနှင့် စွမ်းဆောင်ရည်စောင့်ကြည့်မှုများအတွင်း ပေါင်းစပ်ထည့်သွင်းထားပါသည်။ ယင်းမူဘောင်၏ ရည်ရွယ် ချက်မှာ အဖွဲ့အစည်းအဆင့်တိုင်းတွင် ယုံကြည်စိတ်ချရသော ဆုံးဖြတ်ချက်များချမှတ်နိုင်ရန် အထောက်အကူပြုသည့် အချက်အလက်အခြေပြု အန္တရာယ်ဆိုင်ရာအသိပညာနှင့် သုံးသပ်ချက်များကို ပံ့ပိုးပေးနိုင်ရန် ဖြစ်ပါသည်။



THREE LINES MODEL

The Group applies the IIA Three Lines Model to assign clear accountability for risk ownership, oversight, and independent assurance. Each line operates with distinct authority and mandate, together forming a mutually reinforcing system of governance.

မိမိတို့လုပ်ငန်းစုသည် ဆုံးရှုံးနိုင်ခြေများအပေါ် တာဝန်ယူစီမံခန့်ခွဲမှု၊ ကြီးကြပ်ကွပ်ကဲမှုနှင့် လွတ်လပ်သည့် အာမခံအတည်ပြု မှုတို့အတွက် တာဝန်နှင့် လုပ်ပိုင်ခွင့်များကို ရှင်းလင်းပြတ်သားစွာ သတ်မှတ်နိုင်ရန် IIA Three Lines Model ကို ကျင့်သုံး လျက်ရှိပါသည်။ လိုင်းတစ်ခုချင်းစီသည် မိမိ၏ သီးခြားလုပ်ပိုင်ခွင့်နှင့် တာဝန် ဝတ္တရားများအတိုင်း ဆောင်ရွက်ကြပြီး၊ အပြန်အလှန် ပံ့ပိုးအားဖြည့်ပေးသည့် စီမံအုပ်ချုပ်မှုစနစ်တစ်ရပ်ကို အတူတကွ ဖွဲ့စည်းထားပါသည်။

FIRST LINE	**Operational Management** Own & Manage	Owns and manages risks within daily activities; responsible for compliance with policies, procedures, laws, regulations, and delegated authorities at the point of execution.
SECOND LINE	**Risk, Compliance & Sustainability** Oversee & Guide	Develops frameworks, policies, and methodologies; provides oversight, guidance, monitoring, and structured reporting to management and Board committees.
THIRD LINE	**Internal Audit** Assure & Report	Develops frameworks, policies, and methodologies; provides oversight, guidance, monitoring, and structured reporting to management and Board committees.

RISK APPETITE & DECISION ARCHITECTURE

The Board-approved risk appetite defines the Group's tolerance for financial, operational, regulatory and strategic risks, guiding decision-making and risk-taking across the enterprise.

ဘဏ္ဍာရေး၊ လုပ်ငန်းဆောင်ရွက်မှု၊ စည်းမျဉ်းစည်းကမ်းနှင့် မဟာဗျူဟာဆိုင်ရာ အန္တရာယ်များအပေါ် အဖွဲ့၏ လက်ခံနိုင်သည့် အတိုင်းအတာကို Board မှ အတည်ပြုသတ်မှတ်ထားပြီး၊ အဖွဲ့အစည်းတစ်ခုလုံး၏ ဆုံးဖြတ်ချက်ချမှတ်မှုနှင့် အန္တရာယ်ခံယူမှုများကို လမ်းညွှန်ပေးပါသည်။



ENTERPRISE RISK TAXONOMY

The Group maintains a structured risk taxonomy to consistently identify, classify, assess and monitor risks across the enterprise.

အဖွဲ့အစည်းတစ်ခုလုံးရှိ အန္တရာယ်များကို တစ်ပြေးညီ ဖော်ထုတ်သတ်မှတ်ခြင်း၊ အမျိုးအစားခွဲခြားခြင်း၊ အကဲဖြတ်ခြင်းနှင့် စောင့်ကြည့်ခြင်းတို့ကို ဆောင်ရွက်နိုင်ရန် စနစ်တကျ ဖွဲ့စည်းထားသော Risk Taxonomy ကို ထားရှိပါသည်။



CURRENT FINANCIAL & STRATEGIC EXPOSURES

Management responses and oversight actions on the following exposures are reported to the ARC on a recurring basis.

အောက်ဖော်ပြပါ ဆုံးရှုံးနိုင်ခြေများအပေါ် စီမံခန့်ခွဲမှုအဖွဲ့၏ တုံ့ပြန်ဆောင်ရွက်ချက်များနှင့် ကြီးကြပ်ကွပ်ကဲမှုဆိုင်ရာ ဆောင်ရွက် ချက်များကို ARC သို့ ပုံမှန်တင်ပြအစီရင်ခံလျက်ရှိပါသည်။

FORETON EXCHANGE

FX Sensitivity

USD-linked assets, receivables, and earnings sensitivity to exchange: rate movements.

RESPONSE

Natural hedging; alignment of foreign currency cash balances with obligations; ongoing market rate.

CONCENTRATION

MJTD Partnership

Material contribution from the MJTD strategic partnership to total assets and earnings.

RESPONSE

Performance oversight; diversification evaluation; contingency planning.

REAL ESTATE

Market Sensitivity

Leasing demand, occupancy, and valuation sensitivity for investment and residential property.

RESPONSE

Tenant retention; prudent valuation; active sales-versus-leasing; strategy management.

LIQUIDITY

Cash Flow Timing

Timing differences between accounting profitability and cash generation, incl. receivable growth.

RESPONSE

Receivable collection acceleration; cash-based metrics; liquidity-aware capital planning.

CREDIT

Receivables Monitoring

Overdue trade receivables with in to lerance but requiring enhanced monitoring.

RESPONSE

Customer vetting; invoicing discipline; provisioning; milestone/ advance-payments structures.

MAORD & POLITICAL

Policy Uncertainty

Currency regulation, investor sentiment, taxation, and broader policy uncertainty.

RESPONSE

Scenario planning; stress testing; disciplined budgeting, diversification evaluation.

CYBERSECURITY & TECHNOLOGY GOVERNANCE

Cybersecurity is governed as a distinct enterprise risk category, with oversight vested in the ARC — designed to protect information assets, ensure business continuity, and maintain stakeholder confidence.

ဆိုက်ဘာလုံခြုံရေးကို မိမိတို့လုပ်ငန်းစု၏ သီးခြားလုပ်ငန်းဆိုင်ရာ ဆုံးရှုံးနိုင်ခြေအမျိုးအစားတစ်ရပ်အဖြစ် သတ်မှတ်စီမံခန့်ခွဲ လျက်ရှိပြီး၊ ARC က ကြီးကြပ်ကွပ်ကဲလျက်ရှိပါသည်။ ယင်းသည် သတင်းအချက်အလက်ပိုင်ဆိုင်မှုများကို ကာကွယ်စောင့် ရှောက်ရန်၊ လုပ်ငန်းဆက်လက် လည်ပတ်နိုင်မှုကိုအာမခံရန်နှင့် သက်ဆိုင်သူများ၏ယုံကြည်မှုကို ထိန်းသိမ်းရန်ရည်ရွယ်ပါသည်။



- Periodic vulnerability assessment. penetration testing and security posture review.
- Incident response, recovery planning and crisis simulations.
- Access management, privileged account governance and segregation of duties.
- Role-based cyber awareness training for employees and contractors.
- Roles-based cyber awareness training for employees and contractors.
- Third-party technology risk oversight for material outsourced or cloud-hested services.

ENTERPRISE RESILIENCE & BUSINESS CONTINUITY

The Group is developing an enterprise resilience programme aligned with ISO 22301 principles. The programme moves beyond reactive risk mitigation to build structural organisational capacity to absorb, adapt to, and recover from disruptive events — protecting employees, customers, assets, and critical operations.

လုပ်ငန်းစုသည် ISO 22301 ၏ အခြေခံမူများနှင့် ကိုက်ညီသော လုပ်ငန်းကြံ့ခိုင်မှု (Enterprise Resilience) အစီအစဉ်ကို တိုးတက်ဖော်ဆောင်လျက်ရှိပါသည်။ ယင်းအစီအစဉ်သည် ဖြစ်ပေါ်လာသော အန္တရာယ်များကို တုံ့ပြန်ဖြေရှင်းခြင်းသာမက အဖွဲ့အစည်းအနေဖြင့် မမျှော်မှန်းထားသော အနှောင့်အယှက် များကို ခံနိုင်ရည်ရှိစွာ ရင်ဆိုင်နိုင်ရန်၊ လိုက်လျောညီထွေ ပြောင်းလဲနိုင်ရန်နှင့် ထိရောက်စွာ ပြန်လည်ထူထောင်နိုင်ရန် လိုအပ်သော အခြေခံစွမ်းရည်များကို တည်ဆောက်ရန် ရည်ရွယ်ပါသည်။ ဤချဉ်းကပ်မှုမှတစ်ဆင့် ဝန်ထမ်းများ၊ ဖောက်သည်များ၊ ရုပ်ပိုင်းဆိုင်ရာပိုင်ဆိုင်မှုများနှင့် အရေးကြီးသော လုပ်ငန်းဆောင်ရွက်မှုများကို ကာကွယ်ထိန်းသိမ်း နိုင်ရန် ရည်ရွယ်ပါသည်။



SUSTAINABILITY, CLIMATE & HSE GOVERNANCE

Environmental, social, governance, and climate-related risks are integrated into the ERM framework rather than managed as a standalone programme — aligned with IFRS S1 / S2 and incorporating TCFD-style consideration of governance, strategy, risk management, and metrics.

သဘာဝပတ်ဝန်းကျင်၊ လူမှုရေး၊ စီမံအုပ်ချုပ်မှု (ESG) နှင့် ရာသီဥတုပြောင်းလဲမှုဆိုင်ရာ ဆုံးရှုံးနိုင်ခြေများကို သီးခြားအစီအစဉ် တစ်ရပ်အဖြစ်မဟုတ်ဘဲ ERM Framework အတွင်း ပေါင်းစပ် စီမံခန့်ခွဲလျက်ရှိပါသည်။ ယင်းမူဘောင်သည် IFRS S1 / S2 နှင့် ကိုက်ညီပြီး Governance၊ Strategy၊ Risk Management နှင့် Metrics ဆိုင်ရာ TCFD Framework ၏ အဓိကအချက်များကို ထည့်သွင်းထားပါသည်။

Sustainability Theme	Scope & Key Considerations
Climate Physical Risk	Flooding, extreme weather, heat stress, and infrastructure disruption affection operations, assets, and supply chains.
Climate Transition Risk	Regulatory tightening, evolving financing expectations, and shifting customer and investor requirements related to decarbonization.
Environmental Management	Pollution prevention, wastewater treatment oversights, land-use governance, and environmental compliance monitoring
Social & Human Rights	Community relations, workforce welfare, responsible labor practices, and effective grievance mechanisms.
Health & Safety	Occupational safety standards, contractor management, incident prevention, and emergency preparedness.

ENTERPRISE RESILIENCE & BUSINESS CONTINUITY

Culture is the foundation on which every governance framework ultimately rests. The GCC oversees a structured programme to develop a risk and integrity culture that encourages ethical decision–making, early risk escalation, and transparent reporting — at every level and in every function.

အဖွဲ့အစည်းယဉ်ကျေးမှုသည် စီမံအုပ်ချုပ်မှုမူဘောင်အားလုံး၏ အခြေခံအုတ်မြစ်ဖြစ်ပါသည်။ GCC သည် ကျင့်ဝတ်နှင့်ညီညွတ် သော ဆုံးဖြတ်ချက်ချမှတ်မှု၊ ဆုံးရှုံးနိုင်ခြေများကို အချိန်မီတင်ပြမှုနှင့် ပွင့်လင်းမြင်သာသော အစီရင်ခံမှုတို့ကို အဖွဲ့အစည်း၏ အဆင့်တိုင်းနှင့် လုပ်ငန်း တာဝန်တိုင်းတွင် အားပေးမြှင့်တင်နိုင်ရန် ဆုံးရှုံးနိုင်ခြေနှင့် လုပ်ငန်းဂုဏ်သိက္ခာကို အခြေခံသည့် အဖွဲ့ အစည်းယဉ်ကျေးမှု ဖွံ့ဖြိုးတိုးတက်ရေး အစီအစဉ်ကို ကြီးကြပ်ကွပ်ကဲလျက်ရှိပါသည်။

01	02	03	04	05
Role-based risk ande thics training, includingo nboarding controls forn ew personnel.	Speak-up channelsa nd whistleblower protection mechanisms.	Integrityc ommunicationsa nd leadership messagingo n accountability standards.	Culturem onitoringt hrough employees urveys,i ncident trend analysis,a nd escalation metrics.	Reportingo fc ulturei ndicators ands peak-up effectivenesst o theG CC andA RC.

Emerging Risk & Horizon Scanning

Management maintains a dedicated emerging risk register and horizon–scanning process to identify developments that may materially affect strategy, operations, or the operating environment over the medium to long term. Horizon–scanning outputs are reviewed by senior management and escalated to Board committees where warranted.

အုပ်စုသည် လက်ရှိလုပ်ငန်းလည်ပတ်မှုအပေါ် သက်ရောက်နိုင်သည့် အန္တရာယ်များကို စီမံခန့်ခွဲခြင်းသာမက အနာဂတ်တွင် ပေါ်ပေါက်လာ နိုင်သည့် အန္တရာယ်များနှင့် အခွင့်အလမ်းများကိုလည်း ကြိုတင်ဖော်ထုတ်သုံးသပ်နိုင်ရန် Horizon Scanning ချဉ်းကပ်နည်းကို အသုံးပြုလျက် ရှိပါသည်။ ဤချဉ်းကပ်နည်းသည် စီးပွားရေး၊ နည်းပညာ၊ ပတ်ဝန်းကျင်၊ လူမှုရေးနှင့် စည်းမျဉ်းဆိုင်ရာ ပြောင်းလဲမှုများကို အချိန်မီ နားလည် သုံးသပ်နိုင်စေရန်နှင့် အုပ်စု၏ မဟာဗျူဟာဆုံးဖြတ်ချက်များတွင် အနာဂတ်အမြင်ကို ထည့်သွင်းနိုင်စေရန် ရည်ရွယ်ပါသည်။

Artificial Intelligence	Productivity transformation, workforce impacts, and governance implications.
Geopolitical Developments	Trade policy, investment flows, and regional stability.
Energy Transition	Regulatory acceleration, infrastructure investment, and stranded asset risk.
Demographic Change	Workforce composition, labour market dynamics, and social expectations.
Material Regulatory Reform	Emerging disclosure regimes, sustainability reporting mandates, and compliance obligations.

Forward Priorities – FY 2026–27

The following strategic priorities guide the continued development of the Group's risk, resilience, compliance, and sustainability capabilities over the next planning cycle. Each priority is assigned to a sponsoring committee and reflects a defined accountability structure.

လာမည့် ဘဏ္ဍာရေးနှစ်တွင် အုပ်စုသည် Risk, Resilience, Compliance & Sustainability (RRCS) Management မူဘောင် ၏ ထိရောက်မှုနှင့် အဖွဲ့အစည်းအဆင့် ပေါင်းစပ်အသုံးချနိုင်မှုကို ပိုမိုမြှင့်တင်သွားမည် ဖြစ်ပါသည်။

အဓိက ဦးစားပေးဆောင်ရွက်မည့် နယ်ပယ်များမှာ

1 **ARC**

Risk Appetite Operationalisation

Embed quantified tolerance thresholds and KRIs Into Investment approvals, treasury decisions and escalation protocols.

2 **ARC**

Enterprise Resilience Programme

Integrate BCP, crisis managements, disaster recovery, and supply-chain resilience Into unified framework.

3 **GCC**

Climate & Sustainability Risk Integration

Expand ESG risk mapping, scenario analysis, and climate oversight consistent with IFRS S1/S2.

4 **ARC**

Cybersecurity Governance Enhancement

Strengthern vulnerability management, indent response, access controls, and third-party cyber oversight.

5 **GCC**

Risk & Integrity Culture Measurement

Formals culture indications, speak-up metrics, and escalation effectiveness reporting.

6 **GCC**

Emerging Risk Governance

Establish structured horizon-scanning review cycles and Board-level engagement on material risks.

CORPORATE GOVERNANCE
ကော်ပိုရိတ် စီမံအုပ်ချုပ်မှု

At MTSH, good governance is the foundation of sustainable vale creation. We are committed to upholding the highest standards of integrity, transparency and accountability to build trust with our shareholders and all stakeholders.



Mission

1. To realize the achievement of corporate sustainability through governance based upon the principles of transparency, accountability, responsibility, independence and fairness.
2. To realize the empowerment of the function and independence of each corporate body: the general shareholder's meeting, the Board of Directors and the executive management.
3. To realize a condition in which all corporate bodies make their decisions and implement them on the basis of high moral values and adherence to existing laws and regulations.

Corporate Governance Goals

1. To improve our Company's performance through the creation of decision-making processes, improving operational efficiency and improving services to stakeholders.
2. To improve corporate value by improving financial performance and minimizing investment decision risks that contains conflicts of interest.
3. To improve investor trust.
4. To achieve stakeholder satisfaction resulting from corporate values and company dividends.

ရည်မှန်းချက်များ

၁။ ပွင့်လင်းမြင်သာမှု၊ တာဝန်ခံမှု၊ တာဝန်ယူမှု၊ လွတ်လပ်မှုနှင့် မျှတမှု စသည့်သဘောတရားများအားအခြေခံ၍ စီမံအုပ်ချုပ်မှုမှတစ်ဆင့် ကော်ပိုရိတ်ဆိုင်ရာ ရေရှည်တည်တံ့နိုင်မှုရရှိနိုင်ရန်။

၂။ အစုရှယ်ယာရှင် အထွေထွေအစည်းအဝေး၊ ဒါရိုက်တာများဘုတ်အဖွဲ့နှင့် အမှုဆောင်အဆင့်စီမံခန့်ခွဲမှု အစရှိသည့် ကော်ပိုရိတ်အစုအဖွဲ့တစ်ဖွဲ့စီ၏ လုပ်ငန်းဆောင်တာနှင့် လွတ်လပ်စွာ ဆောင်ရွက်နိုင်မှုတို့အတွက် လုပ်ပိုင်ခွင့်ပေးခြင်းကို အားပေးရန်။

၃။ ကော်ပိုရိတ်အစုအဖွဲ့များအားလုံးအနေဖြင့် ဆုံးဖြတ်ချက်များချမှတ်ခြင်းနှင့် ယင်းဆုံးဖြတ်ချက်များအား အကောင်အထည်ဖော်ရာတွင် မြင့်မားသည့် ကိုယ်ကျင့်တရားဆိုင်ရာ တန်ဖိုးများ၊ တည်ဆဲဥပဒေများနှင့် စည်းမျဉ်းများပေါ်မူတည်၍ ဆောင်ရွက်သည့် အခြေအနေတစ်ရပ် ပေါ်ပေါက်လာစေရန်။

ဦးတည်ချက်များ

၁။ ပိုမိုကောင်းမွန်သည့် ဆုံးဖြတ်ချက် ချမှတ်ခြင်းဆိုင်ရာ လုပ်ငန်းစဉ်များ၊ လုပ်ငန်းလည်ပတ်ခြင်းဆိုင်ရာ ကျွမ်းကျင်မှု ပိုမိုတိုးတက်စေရန်ဆောင်ရွက်ခြင်းနှင့် အကျိုးစီးပွားသက်ဆိုင်သူများထံ ပေးအပ်သည့်ဝန်ဆောင်မှုများအား ပိုမိုကောင်းမွန်ရန် ဆောင်ရွက်ခြင်း စသည်တို့ကို အကောင်အထည်ဖော်ခြင်းဖြင့် ကျွန်ုပ်တို့ကုမ္ပဏီ၏ စွမ်းဆောင်ရည်အား ပိုမိုကောင်းမွန်အောင် ဆောင်ရွက်ရန်။

၂။ ဘဏ္ဍာရေးဆိုင်ရာ စွမ်းဆောင်ရည် ပိုမိုကောင်းမွန်အောင် ဆောင်ရွက်ခြင်းနှင့် အကျိုးစပ်ဆိုင်မှုပဋိပက္ခများ ပါဝင်သည့် ရင်းနှီးမြှုပ်နှံမှုဆုံးဖြတ်ချက်ဆိုင်ရာ ဆုံးရှုံးနိုင်ခြေများအား လျော့ချခြင်းတို့ကို ဆောင်ရွက်ခြင်းဖြင့် ကော်ပိုရိတ်ဆိုင်ရာတန်ဖိုးအား ပိုမိုကောင်းမွန်အောင် ဆောင်ရွက်ရန်။

၃။ ရင်းနှီးမြှုပ်နှံသူများ၏ ယုံကြည်မှုအား ပိုမိုခိုင်မြဲစေရန်။

၄။ ကော်ပိုရိတ်ဆိုင်ရာ တန်ဖိုးများနှင့် ကုမ္ပဏီ၏ အစုရှယ်ယာအမြတ်ငွေများ ရရှိခြင်းတို့ကြောင့် အကျိုးစပ်ဆိုင်သူများကျေနပ်မှု ရရှိစေရန်။

CORPORATE GOVERNANCE ROADMAP & IMPLEMENTATION



INTRODUCTION

Good corporate governance is essential to the long-term sustainability and resilience of MTSH. It underpins our strategic decisions, strengthens stakeholder confidence and supports the creation of sustainable value.

Our governance framework is guided by international best practices, regulatory requirements and our commitment to ethical business conduct.

ကောင်းမွန်သော ကော်ပိုရိတ်အုပ်ချုပ်မှုစနစ်သည် MTSH ၏ ရေရှည်တည်တံ့ခိုင်မြဲမှုနှင့် လုပ်ငန်း ခံနိုင်ရည်အားအတွက် အရေးပါသော အခြေခံအုတ်မြစ်တစ်ရပ် ဖြစ်ပါသည်။ ၎င်းသည် ကျွန်ုပ်တို့၏ မဟာဗျူဟာမြောက် ဆုံးဖြတ်ချက်များကို အထောက်အကူပြုပြီး သက်ဆိုင်သူများ၏ ယုံကြည်မှုကို မြှင့်တင်ကာ ရေရှည်တန်ဖိုးဖန်တီးနိုင်ရေးကို အားပေးပံ့ပိုးပေးပါသည်။

ကျွန်ုပ်တို့၏ အုပ်ချုပ်မှုမူဘောင်ကို နိုင်ငံတကာ အကောင်းဆုံးကျင့်သုံးမှုများ၊ သက်ဆိုင်ရာ ဥပဒေ စည်းမျဉ်းစည်းကမ်းများနှင့် စီးပွားရေးကျင့်ဝတ်အပေါ် ထားရှိသော ကျွန်ုပ်တို့၏ ကတိကဝတ်တို့ကို အခြေခံ၍ ရေးဆွဲထားပါသည်။

OUR COMMITMENT

MTSH is committed to establishing and maintaining a robust governance framework that promotes responsible leadership, effective oversight and transparent reporting.

MTSH သည် တာဝန်ယူမှုရှိသော ခေါင်းဆောင်မှု၊ ထိရောက်သော ကြီးကြပ်ကွပ်ကဲမှုနှင့် ပွင့်လင်း မြင်သာသော အစီရင်ခံတင်ပြမှုတို့ကို မြှင့်တင်ပေးနိုင်သည့် ခိုင်မာသော ကော်ပိုရိတ်အုပ်ချုပ်မှုမူဘောင်ကို တည်ဆောက်၍ စဉ်ဆက်မပြတ် ထိန်းသိမ်းသွားရန် ကတိပြုပါသည်။

GOOD GOVERNANCE

Builds Trust.	ယုံကြည်မှု
Enhances Performance.	သာလွန်သော လုပ်ငန်းစွမ်းဆောင်ရည်
Creates Long-term Value.	ရေရှည်တန်ဖိုးကို ဖန်တီးခြင်း

GOVERNANCE GUIDELINES

Our governance practices are guided by the following key principles:

ကျွန်ုပ်တို့၏ ကော်ပိုရိတ်အုပ်ချုပ်မှုဆိုင်ရာ လုပ်ငန်းဆောင်ရွက်မှုများကို အောက်ပါ အခြေခံမူများဖြင့် လမ်းညွှန်ထားပါသည်။

Compliance

Upholding laws, regulations and internal policies.

သက်ဆိုင်ရာ ဥပဒေများ၊ စည်းမျဉ်းစည်းကမ်းများနှင့် ကုမ္ပဏီ၏ အတွင်းပိုင်းမူဝါဒများကို တိကျစွာ လိုက်နာဆောင်ရွက်ခြင်း။

Ethics & Integrity

Conducting business with honesty and strong morals.

ရိုးသားဖြောင့်မတ်မှုနှင့် မြင့်မားသော ကျင့်ဝတ်စံနှုန်းများကို အခြေခံ၍ စီးပွားရေး လုပ်ငန်းများကို ဆောင်ရွက်ခြင်း။

Transparency

Ensuring timely, accurate and meaningful disclosure.

အချိန်နှင့်တစ်ပြေးညီ၊ တိကျမှန်ကန်ပြီး အဓိပ္ပာယ်ပြည့်ဝသော သတင်းအချက်အလက်များကို ထုတ်ဖော်တင်ပြခြင်း။

Fair & Equitable Treatment

Protecting the rights of all shareholders.

ရှယ်ယာရှင်အားလုံး၏ အခွင့်အရေးများကို တန်းတူညီမျှစွာ ကာကွယ်စောင့်ရှောက်ခြင်း။

Sustainability

Integrating ESG considerations into our decision-making.

သဘာဝပတ်ဝန်းကျင်၊ လူမှုရေးနှင့် အုပ်ချုပ်မှု (ESG) ဆိုင်ရာ အချက်များကို ဆုံးဖြတ်ချက်ချမှတ်သည့် လုပ်ငန်းစဉ်များတွင် ထည့်သွင်းစဉ်းစားခြင်း။

GOVERNANCE PILLARS IN PRACTICE

Our five pillars guide how we create value, build trust and deliver sustainable growth.



1. RIGHTS OF SHAREHOLDERS

We are committed to protecting the rights of shareholders and ensuring equitable treatment for all.

၁။ ရှယ်ယာရှင်များ၏ အခွင့်အရေးများ

ကျွန်ုပ်တို့သည် အစုရှယ်ယာရှင်များ၏ အခွင့်အရေးများကို ကာကွယ်စောင့်ရှောက်ပြီး အစုရှယ်ယာရှင်အားလုံးအား တန်းတူညီမျှသောဆက်ဆံမှု ရရှိစေရန် ကတိပြုဆောင်ရွက်ပါသည်။

2. EQUITABLE TREATMENT

We ensure that all shareholders, including minority and foreign shareholders, are treated fairly and equally.

၂။ တန်းတူညီမျှသော ဆက်ဆံမှု

ကျွန်ုပ်တို့သည် အနည်းစုအစုရှယ်ယာရှင်များနှင့် နိုင်ငံခြားအစုရှယ်ယာရှင်များအပါအဝင် အစုရှယ်ယာရှင်အားလုံးကို မျှတ၍ တန်းတူညီမျှစွာ ဆက်ဆံကြောင်း အာမခံပါသည်။

3. ROLE OF STAKEHOLDERS

We recognize the importance of all stakeholders in creating long-term value. MTSH engages with stakeholders respectfully and responsibly.

၃။ သက်ဆိုင်သူများ၏ အခန်းကဏ္ဍ

ကျွန်ုပ်တို့သည် ရေရှည်တန်ဖိုးဖန်တီးရာတွင် သက်ဆိုင်သူအားလုံး၏ အရေးပါမှုကို အသိအမှတ်ပြုပါသည်။ MTSH သည် သက်ဆိုင်သူများနှင့် လေးစားမှုရှိစွာ၊ တာဝန်ယူမှုရှိစွာ ပူးပေါင်းဆောင်ရွက်ပါသည်။

4. DISCLOSURE & TRANSPARENCY

We are committed to timely, accurate and meaningful disclosure of all material information to stakeholders.

၄။ ထုတ်ဖော်အသိပေးရေးနှင့် ပွင့်လင်းမြင်သာမှု

ကျွန်ုပ်တို့သည် သက်ဆိုင်သူများထံ အရေးပါသော သတင်းအချက်အလက်များကို အချိန်မီ၊ တိကျမှန်ကန်စွာနှင့် အဓိပ္ပာယ်ပြည့်ဝစွာ ထုတ်ဖော်အသိပေးရန် ကတိပြုဆောင်ရွက်ပါသည်။

5. RESPONSIBILITIES OF THE BOARD

The Board of Directors is accountable for providing strategic direction, effective oversight and ensuring the Company's sustainable success.

၅။ ဒါရိုက်တာအဖွဲ့၏ တာဝန်များ

ဒါရိုက်တာအဖွဲ့သည် မဟာဗျူဟာဦးတည်ချက် ချမှတ်ပေးခြင်း၊ ထိရောက်သော ကြီးကြပ်ကွပ်ကဲမှု ဆောင်ရွက်ခြင်းနှင့် ကုမ္ပဏီ၏ ရေရှည်တည်တံ့သောအောင်မြင်မှုကို အာမခံနိုင်ရန် တာဝန်ခံပါသည်။

GOVERNANCE IN ACTION

Accountability in Practice

The Board of Directors leads the Company with integrity and diligence, ensuring that governance policies are effectively implemented throughout the organization.

ဒါရိုက်တာအဖွဲ့သည် ဂုဏ်သိက္ခာ၊ တာဝန်ယူမှုနှင့် ကျွမ်းကျင်မှုတို့ကို အခြေခံ၍ ကုမ္ပဏီကို ဦးဆောင်ကာ ကော်ပိုရိတ်အုပ်ချုပ်မှု မူဝါဒများကို အဖွဲ့အစည်းတစ်ဝန်း ထိရောက်စွာ အကောင်အထည်ဖော်နိုင်စေရန် ကြီးကြပ်ဆောင်ရွက်လျက်ရှိပါသည်။



KEY GOVERNANCE PRACTICES

RIGHTS OF SHAREHOLDERS

Protecting and promoting the rights of shareholders and facilitating their active participation.

အစုရှယ်ယာရှင်များ၏ အခွင့်အရေးများကို ကာကွယ်မြှင့်တင်ပေးပြီး ကုမ္ပဏီ၏ အရေးပါသော ဆုံးဖြတ်ချက်များတွင် တက်ကြွစွာ ပါဝင်နိုင်စေရန် အားပေးဆောင်ရွက်ပါသည်။

FAIR TREATMENT

Ensuring equitable treatment of all shareholders, including minority and foreign shareholders.

အစုရှယ်ယာရှင်အားလုံး အတွက် တန်းတူညီမျှသော ဆက်ဆံမှုကို အာမခံပေးပြီး အနည်းစုနှင့် နိုင်ငံခြား အစုရှယ်ယာရှင်များ၏ အခွင့်အရေးများကိုလည်း တန်းတူကာကွယ်ပေးပါသည်။

STAKEHOLDER ENGAGEMENT

Recognizing the rights of stakeholders and fostering constructive engagement.

သက်ဆိုင်သူများ၏ အခွင့်အရေးများကို အသိအမှတ်ပြု၍ ပူးပေါင်းဆောင်ရွက်မှုနှင့် အပြန်အလှန်ယုံကြည်မှုကို အခြေခံသော ထိတွေ့ဆက်ဆံမှုများကို မြှင့်တင်ပါသည်။

DISCLOSURE & TRANSPARENCY

Delivering accurate, timely and relevant information with transparency.

တိကျမှန်ကန်ပြီး အချိန်နှင့်တစ်ပြေးညီဖြစ်သည့် အရေးပါသော အချက်အလက်များကို ပွင့်လင်းမြင်သာစွာ ထုတ်ဖော်ကြေညာပါသည်။

BOARD RESPONSIBILITIES

Ensuring effective oversight, strategic leadership and accountability.

ထိရောက်သော ကြီးကြပ်မှု၊ မဟာဗျူဟာမြောက် ဦးဆောင်မှုနှင့် တာဝန်ခံမှုကို အပြည့်အဝ ဆောင်ရွက်နိုင်စေရန် အာမခံပါသည်။

BOARD OVERSIGHT & ACCOUNTABILITY

The Board provides strategic direction, supervises management, and is accountable to shareholders. It ensures the Company operates in accordance with applicable laws, regulations and ethical standards while creating long-term value.

ဒါရိုက်တာအဖွဲ့သည် ကုမ္ပဏီ၏ မဟာဗျူဟာဦးတည်ချက်ကိုချမှတ်ပေးပြီး စီမံခန့်ခွဲမှုအဖွဲ့၏ ဆောင်ရွက်ချက်များကို ကြီးကြပ်ကာ အစုရှယ်ယာရှင်များအပေါ် တာဝန်ခံမှုရှိပါသည်။ ထို့ပြင် ကုမ္ပဏီသည် သက်ဆိုင်ရာဥပဒေများ၊ စည်းမျဉ်းစည်းကမ်းများနှင့် ကျင့်ဝတ်စံနှုန်းများနှင့်အညီ လုပ်ငန်းဆောင်ရွက်နိုင်စေရန် ကြီးကြပ်သည့်အပြင် ရေရှည်တန်ဖိုးဖန်တီးမှုကိုလည်း အားပေးဆောင်ရွက်ပါသည်။

BOARD FOCUS AREAS

- Strategic Guidance
  မဟာဗျူဟာ လမ်းညွှန်မှု
- Risk Oversight
  အန္တရာယ် ကြီးကြပ်ကွပ်ကဲမှု
- Performance Monitoring
  စွမ်းဆောင်ရည် စောင့်ကြည့်အကဲဖြတ်မှု
- Ethical Leadership
  ကျင့်ဝတ်အခြေပြု ဦးဆောင်မှု

ASEAN CORPORATE GOVERNANCE SCORECARD (ACGS) SELF-ASSESSMENT

Our Performance, Our Progress.



MTSH conducts an annual self-assessment using the ASEAN Corporate Governance Scorecard (ACGS) to benchmark its governance practices against regional standards and identify opportunities for continuous improvement. Developed by the ASEAN Capital Markets Forum, the ACGS evaluates governance across five core pillars to promote transparency, accountability and sustainable value creation.

MTSH သည် ASEAN Corporate Governance Scorecard (ACGS) ကို အသုံးပြု၍ နှစ်စဉ် ကိုယ်တိုင်အကဲဖြတ်မှု ပြုလုပ်ကာ ဒေသဆိုင်ရာ စံနှုန်းများနှင့် နှိုင်းယှဉ်သုံးသပ်ပြီး ဆက်လက်တိုးတက်ကောင်းမွန်ရန် လိုအပ်သည့် နယ်ပယ်များကို သတ်မှတ်ပါသည်။ ASEAN Capital Markets Forum မှ ဖွံ့ဖြိုးတည်ဆောက်ထားသော ACGS သည် ကော်ပိုရိတ်အုပ်ချုပ်မှု၏ အဓိကမဏ္ဍိုင် (၅) ခုအပေါ် အခြေခံ၍ ပွင့်လင်းမြင်သာမှု၊ တာဝန်ယူမှုနှင့် ရေရှည်တန်ဖိုးဖန်တီးမှုကို မြှင့်တင်ရန် ရည်ရွယ်ထားသော အကဲဖြတ်မူဘောင်ဖြစ်ပါသည်။

PERFORMANCE SNAPSHOT (FY 2025–2026)

Our governance practices are assessed across the five pillars of the ACGS framework.
ကျွန်ုပ်တို့၏ ကော်ပိုရိတ်အုပ်ချုပ်မှု ဆောင်ရွက်ချက်များကို ACGS မူဘောင်၏ အဓိကမဏ္ဍိုင် (၅) ခုအလိုက် အကဲဖြတ်ထားပါသည်။

ACGS Pillars	Description	Score (FY 2024)
Rights of Shareholders	Ensuring Equitable shareholders can exercise their rights and participate in major decisions.	3.75
Treatment of Shareholders	Recognizing and equal treatment to all share-holders, including minority and foreign shareholders.	4.00
Role of Stakeholders	stakeholder rights and encouraging active engagement.	4.25
Disclosure & Transparency	Ensuring timely, accurate and meaningful disclosure of material information.	4.39
Responsibilities of the Board	effective board leadership, oversight and accountability.	4.16
Overall ACGS		3.89

The results demonstrate a strong governance foundation with consistent implementation across most ACGS criteria. We remain committed to continuously strengthening governance in line with regional and international best practices.

ရလဒ်များအရ ACGS သတ်မှတ်ချက်အများစုတွင် တစ်ပြေးညီ အကောင်အထည်ဖော်နိုင်သော ခိုင်မာသည့် ကော်ပိုရိတ်အုပ်ချုပ်မှု အခြေခံအုတ်မြစ်ကို ဖော်ပြထားပြီး ဒေသတွင်းနှင့် နိုင်ငံတကာ အကောင်းဆုံးလုပ်ထုံးလုပ်နည်းများနှင့် ကိုက်ညီစေရန် ဆက်လက်တိုးတက်ကောင်းမွန်ရေးကို အစဉ်တစိုက် ဆောင်ရွက်လျက်ရှိပါသည်။

KEY HIGHLIGHTS

- Strong governance framework aligned with MTSH values.
  MTSH တန်ဖိုးများနှင့် ကိုက်ညီသော ခိုင်မာသည့် အုပ်ချုပ်မှုမူဘောင်။
- Alignment with ASEAN and international best practices.
  ASEAN နှင့် နိုင်ငံတကာ အကောင်းဆုံးလုပ်ထုံးလုပ်နည်းများနှင့် ကိုက်ညီမှု။
- Continuous improvement across all governance pillars.
  အုပ်ချုပ်မှုမဏ္ဍိုင်အားလုံးတွင် ဆက်တိုက်တိုးတက်ကောင်းမွန်ရေး။
- Effective board leadership, oversight and risk management.
  ထိရောက်သော ဘုတ်အဖွဲ့ ဦးဆောင်မှု၊ ကြီးကြပ်မှုနှင့် အန္တရာယ်စီမံခန့်ခွဲမှု။
- Transparent disclosure and proactive stakeholder engagement.
  ပွင့်လင်းမြင်သာသော ထုတ်ဖော်ကြေညာမှုနှင့် သက်ဆိုင်သူများနှင့် တက်ကြွစွာ ဆက်ဆံမှု။

OUR COMMITMENT

We remain committed to governance excellence through disciplined execution, transparency and continuous improvement, creating sustainable value for all stakeholders.

ကျွန်ုပ်တို့သည် စည်းကမ်းတကျ ဆောင်ရွက်မှု၊ ပွင့်လင်းမြင်သာမှုနှင့် ဆက်တိုက်တိုးတက်ကောင်းမွန်ရေးမှတစ်ဆင့် ကော်ပိုရိတ်အုပ်ချုပ်မှု ထူးချွန်မှုကို မြှင့်တင်ပြီး သက်ဆိုင်သူအားလုံးအတွက် ရေရှည်တန်ဖိုးဖန်တီးပေးရန် ဆက်လက်ကတိပြုထားပါသည်။

GOVERNANCE COMMITMENT

Today's Governance. Tomorrow's Legacy.

We are committed to upholding the highest standards of corporate governance by embedding integrity, accountability, transparency and sustainability in everything we do.

ကျွန်ုပ်တို့သည် ဂုဏ်သိက္ခာ၊ တာဝန်ခံမှု၊ ပွင့်လင်းမြင်သာမှုနှင့် ရေရှည်တည်တံ့မှုတို့ကို လုပ်ငန်းဆောင်ရွက်မှုအဆင့်တိုင်းတွင် အခြေခံကျသော တန်ဖိုးများအဖြစ် ထည့်သွင်းကျင့်သုံးလျက် ကော်ပိုရိတ်အုပ်ချုပ်မှု၏ အမြင့်ဆုံးစံနှုန်းများကို ထိန်းသိမ်းလိုက်နာရန် ကတိပြုထားပါသည်။

Our governance framework is guided by principles that promote responsible leadership, effective oversight and the creation of long-term value for all stakeholders.

ကျွန်ုပ်တို့၏ ကော်ပိုရိတ်အုပ်ချုပ်မှု မူဘောင်သည် တာဝန်ယူမှုရှိသော ဦးဆောင်မှု၊ ထိရောက်သော ကြီးကြပ်ကွပ်ကဲမှုနှင့် သက်ဆိုင်သူအားလုံးအတွက် ရေရှည်တန်ဖိုးဖန်တီးမှုကို အားပေးသည့် အခြေခံမူများအပေါ် အခြေခံတည်ဆောက်ထားပါသည်။



OUR GOVERNANCE PRINCIPLES

☑ ENSURE ACCOUNTABILITY ☑ UPHOLD INTEGRITY ☑ DRIVE TRANSPARENCY ☑ EMBED SUSTAINABILITY ☑ PURSUE CONTINUOUS IMPROVEMENT

LOOKING AHEAD

We will continue to strengthen our governance framework to address emerging risks and opportunities while aligning with international best practices and evolving regulatory requirements.

ကျွန်ုပ်တို့သည် ပေါ်ပေါက်လာသောအန္တရာယ်များနှင့် အခွင့်အလမ်းများကို ထိရောက်စွာတုံ့ပြန်နိုင်ရန်နှင့် နိုင်ငံတကာအကောင်းဆုံးလုပ်ထုံးလုပ်နည်းများ၊ ပြောင်းလဲလာသော စည်းမျဉ်းစည်းကမ်းများနှင့်ကိုက်ညီစေရန် ကော်ပိုရိတ်အုပ်ချုပ်မှု မူဘောင်ကိုဆက်လက်ခိုင်မာအောင်မြှင့်တင်သွားမည်ဖြစ်ပါသည်။

We will deepen stakeholder engagement, enhance disclosure quality and leverage digital solutions to improve governance effectiveness and operational efficiency.

သက်ဆိုင်သူများနှင့် ပိုမိုထိရောက်စွာ ပူးပေါင်းဆက်ဆံရေး တည်ဆောက်ခြင်း၊ ထုတ်ဖော်ကြေညာမှု အရည်အသွေးကို မြှင့်တင်ခြင်းနှင့် ဒစ်ဂျစ်တယ်နည်းလမ်းများကို အသုံးချ၍ ကော်ပိုရိတ်အုပ်ချုပ်မှု ထိရောက်မှုနှင့် လုပ်ငန်းဆောင်ရွက်မှု စွမ်းဆောင်ရည်ကို မြှင့်တင်သွားမည်ဖြစ်ပါသည်။

Our focus remains on building a resilient organization through strong governance, responsible leadership and sustainable operations that create long-term value for shareholders, communities and the environment.

ကျွန်ုပ်တို့၏ အဓိကဦးတည်ချက်မှာ ခိုင်မာသော ကော်ပိုရိတ်အုပ်ချုပ်မှု၊ တာဝန်ယူမှုရှိသော ဦးဆောင်မှုနှင့် ရေရှည်တည်တံ့သော လုပ်ငန်းဆောင်ရွက်မှုများမှတစ်ဆင့် အစုရှယ်ယာရှင်များ၊ လူမှုအသိုက်အဝန်းများနှင့် ပတ်ဝန်းကျင်အတွက် ရေရှည်တန်ဖိုး ဖန်တီးပေးနိုင်သည့် ကြံခိုင်သော အဖွဲ့အစည်းတစ်ရပ်ကို တည်ဆောက်သွားရန်ဖြစ်ပါသည်။

OUR CONCLUSION

Good governance is the foundation of a sustainable and successful company. At MTSH, we believe disciplined governance, ethical leadership and transparency are fundamental to building trust and delivering long-term value. We remain steadfast in strengthening our governance maturity, contributing positively to national development and creating sustainable value for all stakeholders.

ကောင်းမွန်သော ကော်ပိုရိတ်အုပ်ချုပ်မှုသည် ရေရှည်တည်တံ့ပြီး အောင်မြင်သော ကုမ္ပဏီတစ်ခု၏ အခြေခံအုတ်မြစ်ဖြစ်ပါသည်။ MTSH အနေဖြင့် စည်းကမ်းတကျ ကော်ပိုရိတ်အုပ်ချုပ်မှု၊ ကျင့်ဝတ်အခြေပြု ဦးဆောင်မှုနှင့် ပွင့်လင်းမြင်သာမှုတို့သည် ယုံကြည်မှုတည်ဆောက်ရန်နှင့် ရေရှည်တန်ဖိုးဖန်တီးရန် အရေးပါသော အခြေခံအချက်များဖြစ်သည်ဟု ယုံကြည်ပါသည်။ ကျွန်ုပ်တို့သည် ကော်ပိုရိတ်အုပ်ချုပ်မှု အရည်အသွေးကို စဉ်ဆက်မပြတ် မြှင့်တင်ကာ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးတွင် အပြုသဘောဆောင်သော ပံ့ပိုးမှုများပေးပြီး သက်ဆိုင်သူအားလုံးအတွက် ရေရှည်တန်ဖိုးများ ဖန်တီးသွားရန် အခိုင်အမာ ကတိပြုထားပါသည်။

Board and Committee Meeting Attendance



2025 - 2026

BOD	ARC	MBD	RC
7 Times	4 Times	2 Times	1 Time
Board of Directors	Audit & Risk	Management & Business Development	Remuneration Committee

During FY2025–26, the Board of Directors maintained strong engagement and oversight through seven Board meetings, comprising three physical meetings and four meetings conducted through consent circulation.

The introduction of consent circulation as an alternative Board meeting mechanism has strengthened governance agility by enabling the Board to deliberate and provide timely decisions on matters requiring prompt attention, while maintaining effective oversight and collective accountability.

Throughout the year, 10 out of 13 Directors achieved 100% Board meeting attendance, contributing to an overall Board attendance rate of 96%. This strong level of participation reflects the Directors' continued commitment to fulfilling their fiduciary responsibilities and actively contributing to the Company's strategic direction.

The Board's hybrid meeting approach has further enhanced operational efficiency by providing greater flexibility in convening discussions, improving responsiveness, and ensuring that important matters are addressed without unnecessary delay.

During the financial year, the Audit and Risk Committee convened four meetings, while the Management and Business Development Committee and the Remuneration Committee held two and one meetings, respectively.

Across all Board and Board Committee meetings, Directors recorded an overall average attendance rate of 88%, demonstrating sustained engagement and active oversight across key areas of governance, risk management, business development, and strategic decision-making.

FY2025–26 ဘဏ္ဍာနှစ်အတွင်း ကုမ္ပဏီ၏ ဒါရိုက်တာအဖွဲ့သည် အုပ်ချုပ်မှုကြီးကြပ်ရေး (Governance Oversight) နှင့် မဟာဗျူဟာဆိုင်ရာ ဆုံးဖြတ်ချက်ချမှတ်မှုများကို ထိရောက်စွာ ဆောင်ရွက်နိုင်ရန် အစည်းအဝေး (၇) ကြိမ် ကျင်းပခဲ့ပြီး၊ ယင်းတို့တွင် ကိုယ်တိုင်တက်ရောက်ကျင်းပသည့် အစည်းအဝေး (၃) ကြိမ် နှင့် သဘောတူညီချက်ဖြန့်ဝေခြင်းစနစ် (Consent Circulation) ဖြင့် ဆောင်ရွက်သည့် အစည်းအဝေး (၄) ကြိမ် ပါဝင်ပါသည်။

Consent Circulation စနစ်ကို ဒါရိုက်တာအဖွဲ့အစည်းအဝေးများတွင် အခြားရွေးချယ်စရာ အစည်းအဝေးပုံစံတစ်ရပ်အဖြစ် ထည့်သွင်းအသုံးပြုခဲ့ခြင်းသည် အုပ်ချုပ်မှုဆိုင်ရာ လုပ်ငန်းစဉ်များ၏ လျင်မြန်တုံ့ပြန်နိုင်မှု (Governance Agility) ကို ပိုမိုအားကောင်းစေခဲ့ပါသည်။ ထိုစနစ်မှတစ်ဆင့် အရေးပေါ် ဆုံးဖြတ်ချက်လိုအပ်သည့် ကိစ္စရပ်များအပေါ် အချိန်နှင့်တပြေးညီ သုံးသပ်ဆုံးဖြတ်နိုင်ခဲ့သည့်အပြင်၊ ဒါရိုက်တာအဖွဲ့၏ စုပေါင်းတာဝန်ယူမှုနှင့် ထိရောက်သော ကြီးကြပ်မှုကိုလည်း ဆက်လက်ထိန်းသိမ်းနိုင်ခဲ့ပါသည်။

ဘဏ္ဍာနှစ်အတွင်း ဒါရိုက်တာ (၁၃) ဦးအနက် (၁၀) ဦးသည် ဒါရိုက်တာအဖွဲ့အစည်းအဝေး တက်ရောက်မှု ၁၀၀% ရရှိခဲ့ပြီး၊ ဒါရိုက်တာအဖွဲ့၏ ပျမ်းမျှတက်ရောက်မှုနှုန်းမှာ ၉၆% ရှိခဲ့ပါသည်။ ယင်းသည် ဒါရိုက်တာများ၏ ကုမ္ပဏီအပေါ် တာဝန်ယူမှု၊ တက်ကြွစွာ ပါဝင်ဆောင်ရွက်မှုနှင့် ကုမ္ပဏီ၏ မဟာဗျူဟာဦးတည်ချက်များ ချမှတ်ရာတွင် အာရုံစိုက်ပံ့ပိုးပေးမှုတို့ကို ထင်ဟပ်စေပါသည်။

ထို့အပြင် Hybrid Meeting Approach ကို အသုံးပြုခြင်းဖြင့် အစည်းအဝေးများကျင်းပရာတွင် လိုအပ်သော အချိန်နှင့် အရင်းအမြစ်များကို ထိရောက်စွာ စီမံနိုင်ခဲ့ပြီး၊ အရေးကြီးသော လုပ်ငန်းဆိုင်ရာ ကိစ္စရပ်များအပေါ် ဆွေးနွေးသုံးသပ်ခြင်းနှင့် ဆုံးဖြတ်ချက်ချမှတ်ခြင်းများကို ပိုမိုလျင်မြန်စွာ ဆောင်ရွက်နိုင်ခဲ့ပါသည်။

FY2025–26 ဘဏ္ဍာနှစ်အတွင်း စာရင်းစစ်နှင့် အန္တရာယ်စီမံခန့်ခွဲမှုကော်မတီ (Audit and Risk Committee) သည် အစည်းအဝေး (၄) ကြိမ် ကျင်းပခဲ့ပြီး၊ စီမံခန့်ခွဲမှုနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးကော်မတီ (Management and Business Development Committee) နှင့် လစာနှင့် ချီးမြှင့်မှုကော်မတီ (Remuneration Committee) တို့သည် အသီးသီး အစည်းအဝေး (၂) ကြိမ်နှင့် (၁) ကြိမ် ကျင်းပခဲ့ပါသည်။

ဒါရိုက်တာအဖွဲ့နှင့် ဒါရိုက်တာအဖွဲ့ခွဲကော်မတီများ၏ အစည်းအဝေးများအားလုံးအပေါ် တွက်ချက်ရာတွင် ပျမ်းမျှတက်ရောက်မှုနှုန်းမှာ ၈၈% ရှိခဲ့ပြီး၊ ယင်းသည် ကုမ္ပဏီ၏ အုပ်ချုပ်မှုစနစ်၊ အန္တရာယ်စီမံခန့်ခွဲမှု၊ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုနှင့် မဟာဗျူဟာဆိုင်ရာ ကြီးကြပ်မှုများတွင် ဒါရိုက်တာများ၏ ဆက်လက်တက်ကြွစွာ ပါဝင်ပံ့ပိုးမှုကို ဖော်ပြနေပါသည်။

BOARD OF DIRECTOR MEETING (From 1st Apr 2025 31st March 2026)									
Sr	Names	Designation	1.25-2026	1.25-2026	3.25-2026	4.25-2026	5.25-2026	6.25-2026	7.25-2026
1	U Win Aung	Chairman	√	√	√	√	√	√	√
2	U Tun Lwin	Vice Chairman	√	√	√	√	√	√	√
3	Prof Dr Aung Tun Thet	Independent Director	√	√	√	√	√	√	-
4	U Aung Nyunt	Independent Director	√	√	√	√	√	√	√
5	U Toe Aung Myint	Independent Director	√	√	√	√	√	√	√
6	U Htay Chun	Independent Director	√	√	√	√	√	√	√
7	U Thaung Han	Non-Executive Director	√	√	√	√	√	√	√
8	Dr Nyan Thit Hlaing	Non-Executive Director	√	√	√	√	√	√	√
9	U Myint Zaw	Chief Executive Officer	√	√	√	√	√	√	√
10	U Thurane Aung	Executive Director	√	√	√	√	√	√	-
11	U Min Oo	Non-Executive Director	√	√	√	√	√	√	√
12	Daw Aye Aye Aung	Non-Executive Director	√	√	√	√	√	√	√
13	U Wanna Khine	Non-Executive Director	√	√	√	√	√	-	-

Remuneration Committee From 1st Apr 2025 31st March 2026			
Sr	Committee Names	Designation	1/2025-2026
1	U Toe Aung Myint	Chairman	√
2	U Thaung Han	Member	√
3	Dr Nyan Thit Hlaing	Member	√
4	U Wanna Khaing	Member	-

Audit & Risk Committee From 1st Apr 2025 31st March 2026						
Sr	Committee Names	Designation	3/24-25 (6.6.2025)	1/25-26	2/25-26	3/25-26
1	U Aung Nyunt	Chairman	√	√	√	√
2	U Tun Lwin	Member	-	√	√	√
3	U Min Oo	Member	√	√	√	√

Management & Business Development Committee From 1st Apr 2025 31st March 2026				
Sr	Committee Names	Designation	1/2025-2026	2/2025-2026
1	U Thurane Aung	Chairman	√	√
2	U Thaung Han	Member	-	√
3	Dr Nyan Thit Hlaing	Member	-	√
4	U Min Oo	Member	√	√
5	Daw Aye Aye Aung	Member	√	√

SECTION

03

Financial and Operational Performance

Delivering Sustainable Economic Value

A river sustains life through its continuous movement, connecting landscapes and creating opportunities along its course. Likewise, enduring economic value is built thought disciplined performance, operational efficiency, and the steady flow of strategic decisions.



Financial & Operational Highlights

The Group remains conservatively financed: equity funds 90% of assets, liquidity is comfortable above 10x, and the Group holds net cash even after taking on its first project loan.



Profitability ratios eased slightly from FY2024-25's exceptional FX gain, but remain strong on an absolute basis.



Liquidity remains comfortable above 10x; leverage is minimal even after the new project loan, and the Group sits in a net cash position.

Group Financial Performance Summary

	FY 2025-26	FY 2024-25	FY 2023-24	FY 2022-23	FY 2021-22*
Income Statement (MMK'Million)					
Revenue	10,735	20,096	3,626	3,163	3,368
Gross Profit	7,181	6,325	2,302	1,681	556
Profit (Before Share of Profit from Associate)	5,080	10,354	114	2,131	(830)
Net Profit After Tax	11,426	13,231	1,387	4,605	1,084
Profit attributable to equity shareholders	11,305	12,947	1,315	4,398	1,172
Gross profit margin (%)	67%	31%	63%	53%	17%
Profit Margin(%)(Before Share of Profit from Associate)	47%	52%	3%	67%	-25%
Net Profit Margin (%)	106%	66%	38%	146%	32%

** 6 months financial period*

- Revenue decreased slightly versus the prior year because trading activity in the previous year was higher.
- The share of profit from the Group's investment in associate company, MJTD, increased significantly from **MMK 4.4 billion** in the prior period to **MMK 7.1 billion** for the associate generating higher profits during the year.
- The net profit in the previous year was **MMK 13.2 billion** and has slightly decreased due to the absence of significant foreign exchange movements during this financial year.
- Despite the decline in profit, the profit margin increased to **106%** from **66%**.
- **MMK 11.3 billion** of the profit was attributable to the Company's equity shareholders in FY2025-26.
- ယခင်ဘဏ္ဍာနှစ်တွင် ကုန်သွယ်ရေးလုပ်ငန်းဆောင်ရွက်မှု ပိုမိုမြင့်မားခဲ့သဖြင့် ယခုနှစ်၏ ဝင်ငွေ (Revenue) သည် ယခင်နှစ်နှင့် နှိုင်းယှဉ်ပါက အနည်းငယ် လျော့နည်းခဲ့ပါသည်။
- Group ၏ Associate Company ဖြစ်သော MJTD တွင် ရင်းနှီးမြှုပ်နှံထားမှုမှ ရရှိသော အမြတ်ဝေစု (Share of Profit) သည် ယခင်ကာလ၏ ကျပ် ၄.၄ ဘီလီယံမှ ယခုဘဏ္ဍာနှစ်တွင် ကျပ် ၇.၁ ဘီလီယံအထိ သိသာစွာ မြင့်တက်လာခဲ့ပြီး၊ ယင်းသည် Associate Company ၏ ယခုနှစ်အတွင်း အမြတ်အစွန်း ပိုမိုရရှိခဲ့ခြင်းကြောင့် ဖြစ်ပါသည်။
- ယခင်ဘဏ္ဍာနှစ်တွင် အသားတင်အမြတ် (Net Profit) ကျပ် ၁၃.၂ ဘီလီယံ ရရှိခဲ့သော်လည်း ယခုဘဏ္ဍာနှစ်တွင် နိုင်ငံခြားငွေလဲလှယ်နှုန်း ပြောင်းလဲမှုမှ ရရှိသော အကျိုးသက်ရောက်မှုများ မရှိခဲ့ခြင်းကြောင့် အသားတင်အမြတ်မှာ အနည်းငယ် လျော့နည်းခဲ့ပါသည်။
- အသားတင်အမြတ်နှုန်း (Net Profit Margin) သည် ယခင်နှစ်၏ ၆၆% မှ ၁၀၆% အထိ မြင့်တက်လာခဲ့ပါသည်။
- ၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ် အတွက် ရရှိသော အမြတ်အစွန်းအနက် ကျပ် ၁၁.၃ ဘီလီယံမှာ ကုမ္ပဏီ၏ အစုရှယ်ယာရှင်များ (Equity Shareholders) အတွက် သက်ဆိုင်သော အမြတ်ဖြစ်ပါသည်။

Balance Sheet (MMK'Million)	FY 2025-26	FY 2024-25	FY 2023-24	FY 2022-23	FY 2021-22*
Cash and Bank Reserved	8,773	17,733	11,281	12,955	10,983
Total Assets	116,839	105,944	92,321	93,564	89,709
Total Liabilities	11,381	4,515	2,177	2,860	3,311
Retained Earnings	58,340	54,431	43,430	44,062	39,664
NCI	8,189	8,068	7,785	7,713	7,806
Total Equity	105,458	101,429	90,144	90,704	86,399
Debt-to Equity ratio	11%	4%	2%	3%	4%
Return on Equity	11%	13%	1%	5%	3%
PB ratio (Time)	2.3	1.2	1.3	1.3	1.2

- The decrease in cash and cash equivalents, resulting from the purchase of lands, dividend payment for FY2024-2025 and payments for the solar power project.
- The rise in total assets is an increase of the investment amount in the associate, investments in land and the solar power project.
- The rise in total liabilities is mainly due to the increase in borrowings for the solar project loan.

PER SHARE INFORMATION (MMK)	FY 2025-26	FY 2024-25	FY 2023-24	FY 2022-23	FY 2021-22*
Earning per share	290	333	34	113	30
Net Asset per share	2,709	2,605	2,316	2,330	2,219

** 6 months financial period*

- ငွေသားနှင့်ဘဏ်လက်ကျန်ငွေများ (Cash and Cash Equivalents) လျော့နည်းသွားရခြင်းမှာ အနာဂတ်ကာလ စီမံကိန်းများအတွက် မြေနေရာများဝယ်ယူခြင်း၊ ၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ် အတွက် အမြတ်ဝေစု (Dividend) ခွဲဝေပေးခြင်းနှင့် နေရောင်ခြည်စွမ်းအင်သုံး လျှပ်စစ် ထုတ်လုပ်ရေးစီမံကိန်းအတွက် လိုအပ်သော ရင်းနှီးမြှုပ်နှံမှုနှင့် လုပ်ငန်းဆောင်ရွက်မှုဆိုင်ရာ ကုန်ကျစရိတ်များ ပေးချေခဲ့ခြင်းတို့ကြောင့် ဖြစ်ပါသည်။

- စုစုပေါင်းပိုင်ဆိုင်မှုများ (Total Assets) မြင့်တက်လာရခြင်းမှာ Associate Company တွင် ရင်းနှီးမြှုပ်နှံထားသော ပမာဏ တိုးလာခြင်း၊ မြေကွက်များတွင် ရင်းနှီးမြှုပ်နှံမှု တိုးမြှင့်ခြင်းနှင့် နေရောင်ခြည်စွမ်းအင်စီမံကိန်း၌ ရင်းနှီးမြှုပ်နှံမှုများ တိုးလာခြင်းတို့ကြောင့် ဖြစ်ပါသည်။

- စုစုပေါင်းပေးရန်တာဝန်များ (Total Liabilities) မြင့်တက်လာရခြင်းမှာ နေရောင်ခြည်စွမ်းအင်စီမံကိန်းအတွက် ချေးငွေ (Solar Project Loan) ရယူထားမှု တိုးလာခြင်းကြောင့် အဓိက ဖြစ်ပါသည်။





From revenue to net profit: associate income is the single largest bridge to FY2025-26 profitability.



Revenue, Gross Profit and Net Profit After Tax

In Financial Year 2025–2026, the Company achieved significant financial success, with revenue, gross profit, and net profit continuing to stand as the second-highest results recorded in recent years. The slight decrease in net profit compared to gross profit was primarily due to the absence of trading activity and significant foreign exchange movements during the year. This year's results demonstrate a sustained, strong financial position and point toward the strong growth potential of our business operations.

၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်တွင် ကုမ္ပဏီသည် ဘဏ္ဍာရေးအရ သိသိသာသာ အောင်မြင်မှုရှိခဲ့ပြီး၊ ဝင်ငွေ၊ အကြမ်းအမြတ် နှင့် အသားတင်အမြတ်များသည် ပြီးခဲ့သော နှစ်များအတွင်း အမြင့်မားဆုံးရလဒ် ရရှိသည့် ဒုတိယမြောက်နှစ်အဖြစ် ဆက်လက်ရပ်တည်လျက် ရှိပါသည်။ အကြမ်းအမြတ်နှင့် နှိုင်းယှဉ်လျှင် အသားတင်အမြတ် အနည်းငယ်လျော့နည်းခြင်းသည် ယခုနှစ်အတွင်း ကုန်စည်ရောင်းချမှု၊ ကုန်သွယ်ရေး လုပ်ငန်းများမှ ရရှိသောဝင်ငွေနှင့် နိုင်ငံခြားငွေလဲလှယ်နှုန်းအမြတ်များ မရှိခြင်းကြောင့် ဖြစ်ပါသည်။ ယခုနှစ် ရလဒ်များသည် ဆက်လက်အားကောင်းနေသော ဘဏ္ဍာရေးအနေအထားနှင့် လုပ်ငန်းများ၏ အကျိုးအမြတ် တိုးတက်နိုင်ခြေကို ညွှန်ပြလျက် ရှိပါသည်။



Yearly Revenue Overview from different Business Units

In Financial Year 2025–2026, MTSH operations generated 70% of the total revenue, while TPD contributed the remaining 30%. During the year, significant progress in revenue generation was achieved through TPD's strategic initiatives, reflecting growth aligned with the organization's overarching strategic objectives.

၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်တွင် MTSH မှ လုပ်ငန်းများအားလုံး စုစုပေါင်းဝင်ငွေ၏ ၇၀ ရာခိုင်နှုန်း နှင့် TPD မှ ၃၀ ရာခိုင်နှုန်းကို ဖန်တီးပေးနိုင်ခဲ့ပါသည်။ ယခုနှစ်အတွင်း TPD လုပ်ငန်းများ၏ ဝင်ငွေဖန်တီးမှု ဗျူဟာအရ ဖြစ်ပေါ်လာသည့် ဝင်ငွေရရှိမှုဆိုင်ရာ တိုးတက်ပြောင်းလဲမှုများနှင့် လုပ်ငန်းအဖွဲ့အစည်းများအတွင်း မဟာဗျူဟာ နှင့်အညီ တိုးတက်မှုကို တွေ့ရှိရပါသည်။



Balance Sheet and Cash Flow Summary

The balance sheet grew stronger on both assets and equity, even as cash fell — the year's capital was deliberately redeployed from deposits into the new solar power project.



Total assets and equity both grew; cash declined as capital was redirected into the solar power project and land purchases. A large investing outflow — driven by the solar project and restricted deposit — was partly offset by new borrowing.



Cash Flow Analysis

In Financial Year 2025–2026, the Company successfully maintained cash and bank balance of MMK 13.9 billion (including USD 1.4 million held in foreign currency as a restricted fixed deposit). This was achieved despite outlays for the purchase of lands for future projects, dividends payment and payments for the solar power project. This balance reflects the Company's strong liquidity positions and the financial strength available to support current operations as well as future investment initiatives.

၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်တွင် ကုမ္ပဏီ၏ အနာဂတ်ကာလ စီမံကိန်းများအတွက် မြေနေရာများဝယ်ယူခြင်း၊ ရှယ်ယာရှင်များအား အမြတ်ဝေစု ခွဲဝေပေးခြင်းနှင့် နေရောင်ခြည်စွမ်းအင်သုံး လျှပ်စစ် ထုတ်လုပ်ရေး စီမံကိန်းအတွက် လိုအပ်သော ရင်းနှီးမြှုပ်နှံမှုနှင့် လုပ်ငန်းဆောင်ရွက်မှုဆိုင်ရာ ကုန်ကျစရိတ်များ ပေးချေခဲ့ခြင်းများ ရှိခဲ့သော်လည်း ငွေသားနှင့်ဘဏ်လက်ကျန်ငွေ ကျပ် (၁၃.၉) ဘီလီယံ (ထုတ်ယူခွင့်ကန့်သတ်ထားသော ပုံသေအပ်နှံငွေ အမေရိကန်ဒေါ်လာ ၁.၄ သန်း အပါအဝင်) ကို ထိန်းသိမ်းထားနိုင်ခဲ့ပါသည်။ ယင်းသည် ကုမ္ပဏီ၏ ခိုင်မာသော ငွေကြေးလည်ပတ်နိုင်စွမ်းနှင့် လက်ရှိ လုပ်ငန်းလည်ပတ်မှုများအပြင် အနာဂတ် ရင်းနှီးမြှုပ်နှံမှု စီမံကိန်းများကို ပံ့ပိုးပေးနိုင်သည့် ငွေကြေးအင်အားကို ထင်ဟပ်စေပါသည်။



Asset Breakdown

In Financial Year 2025–2026, non-current assets accounted for 69% of the asset structure, while current assets comprised 31%. Compared to Financial Year 2024–2025, where non-current assets stood at 56%, there was a slight increase in Financial Year 2025–2026. Over the 5-year period, the proportion of non-current assets consistently exceeded that of current assets, reflecting a marginal year-on-year increase in Financial Year 2025–2026.

၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်တွင် လက်ငင်းမဟုတ်သော ရရန်ပိုင်ခွင့်များသည် ၆၉% ဖြစ်ပြီး၊ လက်ငင်းရရန်ပိုင်ခွင့်များမှာ ၃၁% ဖြစ်သည်။ ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်တွင် လက်ငင်းမဟုတ်သော ရရန်ပိုင်ခွင့်များသည် ၅၆% ဖြစ်ပြီး၊ ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်တွင် အနည်းငယ် တိုးတက်လာပါသည်။ ၅ နှစ်တာကာလအတွင်း လက်ငင်းမဟုတ်သော ရရန်ပိုင်ခွင့်များသည် လက်ငင်းရရန်ပိုင်ခွင့်များ အချိုးထက် ပိုမိုပြီး၊ ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်တွင် ယခင်နှစ်ထက် အနည်းငယ် တိုးတက်လာကြောင်း တွေ့ရှိရသည်။

Auditor's Report and Financial Outlook

The Group received audit opinion with no material misstatements.

AUDIT OPINION WITH NO MATERIAL MISSTATEMENTS.

Win Thin & Associates Ltd issued the audit opinion.



SECTION

04

Strategic Investments and Growth

Building Future-Ready Businesses

Just as fertile soil nurtures countless seeds into thriving ecosystems, sustainable growth begins with strong foundations, thoughtful investment, and the patience to cultivate opportunities that flourish over time.



Building Future-Ready Businesses

Myanmar Thilawa SEZ Holdings Public Company Limited (MTSH) continued to strengthen its long-term growth platform during FY2025–2026 through disciplined investment, strategic partnerships, and the expansion of businesses that generate sustainable and recurring value.

မိမိတို့ လုပ်ငန်းစုသည် စည်းစနစ်ကျသော ရင်းနှီးမြှုပ်နှံမှုများ၊ မဟာဗျူဟာမြောက် ပူးပေါင်းဆောင်ရွက်မှုများနှင့် ရေရှည်တည်တံ့ ပြီး စဉ်ဆက်မပြတ် တန်ဖိုးဖန်တီးပေးနိုင်သော စီးပွားရေးလုပ်ငန်းများကို တိုးချဲ့ခြင်းတို့ဖြင့် ၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ်အတွင်း ၎င်း၏ ရေရှည်တိုးတက်မှု အခြေခံအုတ်မြစ်ကို ဆက်လက်ခိုင်မာအောင် တည်ဆောက်ခဲ့ပါသည်။

Existing Business Portfolio

The Group's business portfolio is anchored by three complementary platforms that collectively support sustainable value creation.

စီးပွားရေးလုပ်ငန်းဆိုင်ရာ ရင်းနှီးမြှုပ်နှံမှုအစုစုကို ရေရှည်တည်တံ့သော တန်ဖိုးဖန်တီးမှုကို စုပေါင်းအထောက်အကူပြုသည့် ဖြည့်ဆည်းဆောင်ရွက်ပေးသော အခြေခံလုပ်ငန်းစဉ် (Platform) သုံးခုဖြင့် အခိုင်အမာ တည်ဆောက်ထားပါသည်။

MTSH GROUP'S THREE COMPLEMENTARY BUSINESS PLATFORMS.

INDUSTRIAL PLATFORM
MJTD



PROPERTY PLATFORM
TPD



RENEWABLE ENERGY PLATFORM
MJTD & TPD



Renewable energy has emerged as a strategic growth platform alongside the Group's industrial and property businesses, with MJTD's solar capacity and TPD's solar power plant both now in commercial operation — supporting operational resilience, enhancing environmental performance, and establishing new recurring revenue streams.

ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်ဆိုင်ရာလုပ်ငန်းသည် MTSH လုပ်ငန်းစု၏ စက်မှုဇုန်နှင့် အိမ်ခြံမြေ စီးပွားရေးလုပ်ငန်းများနှင့်အတူ မဟာဗျူဟာမြောက် တိုးတက်မှု အခြေခံလုပ်ငန်းစဉ်တစ်ရပ်အဖြစ် ပေါ်ထွက်လာခဲ့ပြီး၊ MJTD ၏ နေရောင်ခြည်စွမ်းအင် ထုတ်လုပ်မှုပမာဏ နှင့် TPD ၏ နေရောင်ခြည်စွမ်းအင်သုံး လျှပ်စစ်မာတ်အားပေးစက်ရုံ တို့သည် ယခုအခါ စီးပွားဖြစ် စတင်လည်ပတ်နေပြီဖြစ်ရာ လုပ်ငန်းလည်ပတ်မှု ကြံ့ကြံ့ခံနိုင်စွမ်းကို အဓိက အထောက်အကူပြုလျက်ရှိသည့်အပြင် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ စွမ်းဆောင်ရည်ကို မြှင့်တင်ပေးခြင်းနှင့် စဉ်ဆက်မပြတ် ရရှိမည့် ဝင်ငွေလမ်းကြောင်းသစ်များကိုလည်း ဖန်တီးပေးနိုင်ခဲ့ပါသည်။

Industrial Infrastructure Development

Through our investment in Myanmar Japan Thilawa Development Limited (MJTD), MTSH participates in the development and operation of Thilawa Special Economic Zone, one of Myanmar's largest industrial development platforms.

The business provides integrated industrial infrastructure, including serviced land, utilities, and supporting facilities, enabling international and domestic companies to establish and expand manufacturing operations.

Strategic Value

Supporting industrialization and foreign investment

Creating long-term infrastructure value

Developing an internationally competitive business environment

စက်မှုအခြေခံအဆောက်အအုံ ဖွံ့ဖြိုးတိုးတက်ရေး

Myanmar Japan Thilawa Development Limited (MJTD) တွင် ရင်းနှီးမြှုပ်နှံထားမှုမှတစ်ဆင့် MTSH သည် မြန်မာနိုင်ငံ၏ အကြီးဆုံးစက်မှုဖွံ့ဖြိုးရေးစီမံကိန်းများအနက် တစ်ခုဖြစ်သော သီလဝါအထူးစီးပွားရေးဇုန် (Thilawa Special Economic Zone) ၏ ဖွံ့ဖြိုးတိုးတက်ရေးနှင့် လုပ်ငန်းလည်ပတ်မှုများတွင် ပါဝင်ဆောင်ရွက်လျက်ရှိပါသည်။

အဆိုပါလုပ်ငန်းသည် စက်မှုမြေကွက်များ၊ အခြေခံအသုံးအဆောင်ဝန်ဆောင်မှုများ (Utilities) နှင့် အထောက်အကူပြု အခြေခံအဆောက်အအုံများ အပါအဝင် ပေါင်းစပ်စက်မှုအခြေခံအဆောက်အအုံများကို ပံ့ပိုးပေးခြင်းဖြင့် ပြည်တွင်း၊ ပြည်ပ ရင်းနှီးမြှုပ်နှံသူများနှင့် ထုတ်လုပ်မှုလုပ်ငန်းများ၏ တည်ထောင်ခြင်းနှင့် တိုးချဲ့ဆောင်ရွက်ခြင်းကို အားပေးထောက်ပံ့လျက်ရှိပါသည်။

မဟာဗျူဟာမြောက် တန်ဖိုးဖန်တီးမှု

နိုင်ငံ၏ စက်မှုဖွံ့ဖြိုးတိုးတက်ရေးနှင့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများကို အထောက်အကူပြုခြင်း
ရေရှည်တည်တံ့သော အခြေခံအဆောက်အအုံဆိုင်ရာ တန်ဖိုးများကို ဖန်တီးပေးခြင်း
နိုင်ငံတကာအဆင့်မီ ယှဉ်ပြိုင်နိုင်စွမ်းရှိသော စီးပွားရေးပတ်ဝန်းကျင် တည်ဆောက်ရာတွင် အထောက်အကူပြုခြင်း





Property Development & Supporting Infrastructure

Through Thilawa Property Development Limited (TPD), MTSH expands its ecosystem beyond industrial infrastructure by developing residential, commercial, and supporting facilities within the Thilawa area.
TPD strengthens the integrated township concept by creating complementary developments that enhance livability, connectivity, and long-term economic activity.

Strategic Value

Expanding the Thilawa ecosystem
Creating diversified revenue opportunities
Supporting sustainable community development

အိမ်ခြံမြေဖွံ့ဖြိုးတိုးတက်ရေးနှင့် အထောက်အကူပြု အခြေခံအဆောက်အအုံများ

Thilawa Property Development Limited (TPD) မှတစ်ဆင့် Myanmar Thilawa SEZ Holdings Public Company Limited (MTSH) သည် စက်မှုအခြေခံအဆောက်အအုံ ဖွံ့ဖြိုးတိုးတက်ရေးကဏ္ဍကို ကျော်လွန်၍ သီလဝါဒေသအတွင်း လူနေနှင့် စီးပွားရေးဆိုင်ရာအဆောက်အအုံများနှင့် အထောက်အကူပြု အခြေခံအဆောက်အအုံများကို ဖွံ့ဖြိုးတိုးတက်စေခြင်းဖြင့် ပေါင်းစပ်ဖွံ့ဖြိုးတိုးတက်သည့် စီးပွားရေးနှင့် လူနေဆိုင်ရာ ပတ်ဝန်းကျင်တစ်ရပ်ကို တည်ဆောက်လျက်ရှိပါသည်။

TPD သည် သီလဝါဒေသ၏ ပေါင်းစပ်မြို့ပြဖွံ့ဖြိုးတိုးတက်ရေးအယူအဆကို အားကောင်းစေရန်အတွက် နေထိုင်မှုအရည်အသွေး မြှင့်တင်ပေးနိုင်သော ဖွံ့ဖြိုးရေးလုပ်ငန်းများ၊ ချိတ်ဆက်သွားလာနိုင်မှုနှင့် ရေရှည်စီးပွားရေးလှုပ်ရှားမှုများကို အထောက်အကူပြုနိုင်သည့် ဖြည့်စွက်ဖွံ့ဖြိုးရေးစီမံကိန်းများကို ဆောင်ရွက်လျက်ရှိပါသည်။

မဟာဗျူဟာမြောက် တန်ဖိုးဖန်တီးမှု

သီလဝါဒေသ၏ ပေါင်းစပ်ဖွံ့ဖြိုးတိုးတက်ရေး အလားအလာကို ချဲ့ထွင်ခြင်း
ဝင်ငွေရင်းမြစ်များကို ကွဲပြားစွာ ဖန်တီးနိုင်မည့် အခွင့်အလမ်းများ တိုးချဲ့ခြင်း
ရေရှည်တည်တံ့သော လူမှုအသိုက်အဝန်း ဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အကူပြုခြင်း



Renewable Energy Infrastructure

MTSH continues to expand into sustainable infrastructure through renewable energy investments, reflecting its commitment to responsible growth and energy transition.

The TPD 3.37 MW Solar Power Generation and Distribution Pilot Project represents a milestone investment that strengthens energy resilience while supporting Myanmar's transition toward cleaner energy solutions.

Strategic Value

Supporting low-carbon development
Enhancing energy reliability
Creating sustainable infrastructure assets

ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင် အခြေခံအဆောက်အအုံများ

Myanmar Thilawa SEZ Holdings Public Company Limited (MTSH) သည် ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်ကဏ္ဍတွင် ရင်းနှီးမြှုပ်နှံမှုများ တိုးချဲ့ဆောင်ရွက်ခြင်းအားဖြင့် ရေရှည်တည်တံ့သော အခြေခံအဆောက်အအုံများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် တာဝန်ယူမှုရှိသော စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအပေါ် ကတိကဝတ်ကို ဆက်လက်အကောင်အထည်ဖော်လျက်ရှိပါသည်။

Thilawa Property Development Limited (TPD) ၏ ၃.၃၇ မဂ္ဂါဝပ် နေရောင်ခြည်စွမ်းအင် ထုတ်လုပ်ဖြန့်ဝေရေးရှေ့ပြေးစီမံကိန်းသည် MTSH ၏ ရေရှည်တည်တံ့သော အခြေခံအဆောက်အအုံ ရင်းနှီးမြှုပ်နှံမှုများအနက် အရေးပါသော မှတ်တိုင်တစ်ရပ်ဖြစ်ပြီး စွမ်းအင်လုံခြုံစိတ်ချရမှုကို မြှင့်တင်ပေးသကဲ့သို့ မြန်မာနိုင်ငံ၏ သန့်ရှင်းသောစွမ်းအင်အသုံးပြုမှုသို့ ကူးပြောင်းရေးလုပ်ငန်းစဉ်ကိုလည်း အထောက်အကူပြုလျက်ရှိပါသည်။

မဟာဗျူဟာမြောက် တန်ဖိုးဖန်တီးမှု

ကာဗွန်ထုတ်လွှတ်မှုလျော့ချရေးနှင့် ရေရှည်တည်တံ့သော ဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူပြုခြင်း
စွမ်းအင်ရရှိနိုင်မှုနှင့် လုပ်ငန်းလည်ပတ်မှု တည်ငြိမ်မှုကို မြှင့်တင်ခြင်း
ရေရှည်တန်ဖိုးဖန်တီးပေးနိုင်သော ရေရှည်ခံ အခြေခံအဆောက်အအုံ ပိုင်ဆိုင်မှုများ တည်ဆောက်ခြင်း



STRATEGIC INVESTMENT HIGHLIGHT

Investing in Sustainable Tomorrow

မှတ်ပုံတင်ထားသောကုမ္ပဏီ၏ လိပ်စာသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ ရန်ကုန်တိုင်းဒေသကြီး၊ အလုံမြို့နယ်၊ ကမ်းနားလမ်း၊ ရွှေဇမ္ဗူရေးဗားဗျူးကွန်းပလပ်၊ ၂၃ ဂျီ - ၁၊ အမှတ် - ၃ (ဘီ) တာဝါ - အေ၊ Penthouse – ၀၁ - ၀၂ တွင် တည်ရှိပါသည်။

ဤကုမ္ပဏီ၏ အဓိက စီးပွားရေးလုပ်ငန်းများမှာ

- Class A Project အား ရင်းနှီးတည်ဆောက်ခြင်း၊ ဈေးကွက်တင်ရောင်းချခြင်းနှင့် လုပ်ငန်းများဆောင်ရွက်ခြင်း တို့ကို တာဝန်ယူလုပ်ကိုင်မည့် ဖက်စပ်ကုမ္ပဏီတွင် ရင်းနှီးမြှုပ်နှံကာ ယင်း၏ စီမံအုပ်ချုပ်မှုတွင် ပါဝင်ဆောင်ရွက်ခြင်း။
- Class A Properties အား မြန်မာဆက်နွယ်အဖွဲ့အစည်းများထံ တစ်ဦးတည်းသောအေးဂျင့်အဖြစ် ဈေးကွက်တင်ရောင်းချခြင်းနှင့် Class A Properties အား မြန်မာနှင့်ဆက်နွယ်မှုမရှိသော အဖွဲ့အစည်းများ၊ သို့မဟုတ် ဂျပန်နှင့် မဆက်နွယ်သောအဖွဲ့အစည်းများသို့ ဂျပန်ပူးပေါင်းကော်ပိုရေးရှင်းအဖွဲ့မှ အဖွဲ့ဝင်များဖြင့် လက်တွဲကာ ဈေးကွက်တင်ရောင်းချခြင်းနှင့်

- ကျွန်ုပ်တို့၏ ဒါရိုက်တာများက ၎င်းတို့၏ ဆင်ခြင်တုံတရားအရ ဆုံးဖြတ်ကာ သီလဝါအထူးစီးပွားရေးဇုန် (Class A Area မှအပ) သို့မဟုတ် ၎င်း၏မည်သည့်အစိတ်အပိုင်းတွင်မဆို တည်ဆောက်မှုလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်ခြင်း။

ကုမ္ပဏီနှင့်ပတ်သက်၍ ထပ်မံသိရှိလိုသောအချက်များအတွက် ၂၀၁၄ ခုနှစ်၊ ဖေဖော်ဝါရီလ (၂၇) ရက်စွဲပါ ကုမ္ပဏီ၏ အလားအလာညွှန်းတမ်းကို ကြည့်ရှုနိုင်ပါသည်။

ကုမ္ပဏီသည် ၂၀၁၆ ခုနှစ်၊ မေလ (၂၀)ရက် နေ့တွင် ရန်ကုန်စတော့အိတ်ချိန်းတွင် စာရင်းဝင်ခဲ့ပါသည်။

လက်အောက်ခံကုမ္ပဏီ၏ အဓိက စီးပွားရေးလုပ်ငန်းများမှာ

- သီလဝါအထူးစီးပွားရေးဇုန်အတွင်း မြို့ပြအိမ်ယာဖွံ့ဖြိုးရေး လုပ်ငန်းများဖြစ်သည့် မြေယာများဖော်ထုတ်ခြင်း၊ စီးပွားရေးဇုန်များ၊ လူနေအိမ်ရာများ၊ ရုံးခန်းများနှင့် ဆက်စပ်အဆောက်အဦများ တည်ဆောက်ခြင်း၊ ရောင်းချခြင်းနှင့် ငှားရမ်းခြင်းတို့ဆောင်ရွက်ရန်။
- အကြိုအင်ဂျင်နီယာလုပ်ငန်းများဆောင်ရွက်ရန်။
- ဆောက်လုပ်ရေးလုပ်ငန်းဆိုင်ရာ ကုန်ကြမ်း၊ ကုန်ချောပစ္စည်းများ၊ အထောက်အကူပြု စက်ယန္တရားယာဉ်နှင့် အရန်ဆက်စပ်ပစ္စည်းများကို ပြည်ပမှတင်သွင်းခြင်း၊ ပြည်တွင်း၌ဝယ်ယူခြင်း၊ ငှားရမ်းခြင်းနှင့် ပြန်လည်ရောင်းချခြင်း။
- ကုမ္ပဏီအား တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ၊ အကျိုးဖြစ်ထွန်းစေမည်ဆိုပါက မည်သည့်ပုဂ္ဂိုလ် (သို့မဟုတ်) ကုမ္ပဏီနှင့်မဆို အစုစပ်ဝင်လုပ်ရန် (သို့မဟုတ်) အမြတ်များအား မျှဝေရန်အတွက် စီစဉ်မှုကိစ္စရပ်တွင် ပါဝင်ရန် (သို့မဟုတ်) အကျိုးအမြတ်အတွက် ပူးပေါင်းဖွဲ့စည်းရန် (သို့မဟုတ်) ဖက်စပ်လုပ်ကိုင်ရန်။
- မြေယာအဆောက်အအုံအပါအဝင် ပိုင်ဆိုင်မှုများ၊ ရပိုင်ခွင့်များ၊ လုပ်ငန်းလုပ်ပိုင်ခွင့်များ၊ လိုင်စင်များ၊ ဂရန်များ၊ မူပိုင်များ၊ ကုန်အမှတ်တံဆိပ်များ၊ မူပိုင်ခွင့်များ၊ ဝယ်ရန် (သို့မဟုတ်) အခြားနည်းလမ်းများဖြင့် ရယူရန်နှင့် ၄င်းပစ္စည်းများနှင့် အခွင့်အရေးများကို သင့်တော်သလို ဖွံ့ဖြိုးတိုးတက်စေရန်၊ အကျိုးရှိစွာအသုံးချရန်နှင့် စီမံဆောင်ရွက်ရန်။

စုပေါင်းဘဏ္ဍာရေးရှင်းတမ်းများသည် ၂၀၂၆ ခုနှစ်၊ မတ်လ (၃၁) ရက်နေ့နှင့် ထိုနေ့ကုန်ဆုံးသော နှစ်အတွက် ကုမ္ပဏီနှင့် ၎င်း၏လက်အောက်ခံကုမ္ပဏီ ("ကုမ္ပဏီအုပ်စု") တို့ပါဝင်ပါသည်။

၂။ အရေးပါသော စာရင်းကိုင်မူအချက်အလက်

စုပေါင်းဘဏ္ဍာရေးရှင်းတမ်းများကို ရေးဆွဲရာတွင် အသုံးပြုခဲ့သော အဓိကစာရင်းကိုင်မူများကို အောက်တွင် ဖော်ပြထားပါသည်။ အခြားတစ်စုံတစ်ရာဖော်ပြထားခြင်းမရှိပါက ဤမူများကို နှစ်စဉ် တစ်သမတ်တည်း ကျင့်သုံးပါသည်။

၂.၁ စာရင်းရေးဆွဲခြင်းဆိုင်ရာအခြေခံမူ

(၁) နိုင်ငံတကာဘဏ္ဍာရေးအစီရင်ခံခြင်းဆိုင်ရာစံများ နှင့် မြန်မာနိုင်ငံကုမ္ပဏီများ ဥပဒေပါပြဋ္ဌာန်းချက်များနှင့်အညီ လိုက်နာမှုရှိကြောင်းထုတ်ပြန်ချက်

ကုမ္ပဏီအုပ်စု၏စုပေါင်းဘဏ္ဍာရေးရှင်းတမ်းများကို နိုင်ငံတကာစာရင်းကိုင်စံဘုတ်အဖွဲ့မှထုတ်ပြန်ထားသော နိုင်ငံတကာ ဘဏ္ဍာရေးအစီရင်ခံခြင်းဆိုင်ရာစံများနှင့် မြန်မာနိုင်ငံကုမ္ပဏီများဥပဒေပါပြဋ္ဌာန်းချက်များနှင့်အညီ ရေးဆွဲထားပါသည်။

(၂) မူရင်းကုန်ကျစရိတ်သဘောတူညီချက်

ကုမ္ပဏီအုပ်စု၏စုပေါင်းဘဏ္ဍာရေးရှင်းတမ်းများကို သက်ဆိုင်သည့်စာရင်းကိုင်မူများတွင် ဖော်ပြထားသည့်အချို့အချက်များမှလွဲ၍ မူရင်းကုန်ကျစရိတ်အခြေခံမူဖြင့်ရေးဆွဲထားပါသည်။

(၃) စတင်အကျိုးသက်ရောက်မှုရှိသောအသစ်ပြဋ္ဌာန်းသည့်စာရင်းကိုင်စံများ၊ ပြင်ဆင်ထားသည့်စာရင်းကိုင်စံများနှင့် ရှင်းလင်းချက်များ

အောက်ပါပြင်ဆင်ချက်များသည် ၂၀၂၅ ခုနှစ်၊ ဧပြီလ (၁) ရက်နေ့မှစတင်၍ နှစ်စဉ်အစီရင်ခံကာလအတွက် အကျိုးသက်ရောက်ပါသည်။

- လဲလှယ်နိုင်မှုမရှိခြင်း (နိုင်ငံတကာစာရင်းကိုင်စံ ၂၁ ကို ပြင်ဆင်ချက် နိုင်ငံခြားငွေလဲလှယ်နှုန်းများ အပြောင်းအလဲများ၏ အကျိုးသက်ရောက်မှုများ)

ဤပြင်ဆင်ချက်သည် ကုမ္ပဏီအုပ်စု၏ စုပေါင်းဘဏ္ဍာရေးရှင်းတမ်းများအပေါ် သိသာထင်ရှားသောသက်ရောက်မှု တစ်စုံတစ်ရာမရှိပါ။

(၄) စတင်အကျိုးသက်ရောက်မှုမရှိသေးသော အသစ်ပြဋ္ဌာန်းသည့်စာရင်းကိုင်စံများ၊ ပြင်ဆင်ထားသည့်စာရင်းကိုင်စံများနှင့် ရှင်းလင်းချက်များ

ကုမ္ပဏီအုပ်စုက ဆောလျှင်စွာ လက်ခံကျင့်သုံးခြင်းမပြုရန် ဆုံးဖြတ်ထားသည့် အနာဂတ်စာရင်းကာလများတွင် အကျိုးသက်ရောက်မည့် နိုင်ငံတကာစာရင်းကိုင်စံဘုတ်အဖွဲ့မှထုတ်ပြန်ထားသော အချို့သောအသစ်ပြဋ္ဌာန်းသည့်စာရင်းကိုင်စံများ၊ ပြင်ဆင်ထားသည့်စာရင်းကိုင်စံများနှင့် ရှင်းလင်းချက်များရှိပါသည်။

အောက်ပါပြင်ဆင်ချက်များသည် ၂၀၂၆ ခုနှစ်၊ ဧပြီလ (၁) ရက်နေ့မှစတင်၍ နှစ်စဉ်အစီရင်ခံကာလအတွက် အကျိုးသက်ရောက်ပါသည်။

- ဘဏ္ဍာရေးဆိုင်ရာ စာချုပ်စာတမ်းများ အမျိုးအစားခွဲခြင်းနှင့် တိုင်းတာခြင်းကို ပြင်ဆင်ချက်များ (နိုင်ငံတကာ ဘဏ္ဍာရေးအစီရင်ခံခြင်းစံ ၉ ဘဏ္ဍာရေးဆိုင်ရာ စာချုပ်စာတမ်းများ နှင့် နိုင်ငံတကာ ဘဏ္ဍာရေး အစီရင်ခံခြင်းစံ ၇ ကို ပြင်ဆင်ချက်များ)

ဤပြင်ဆင်ချက်များသည် ကုမ္ပဏီအုပ်စု၏ စုပေါင်းဘဏ္ဍာရေးရှင်းတမ်းများအပေါ် သက်ရောက်မှုရှိမည်ဟု ကုမ္ပဏီအုပ်စုမှ မျှော်လင့်မထားပါ။

အောက်ပါနိုင်ငံတကာဘဏ္ဍာရေးအစီရင်ခံခြင်းစံသည် ၂၀၂၇ ခုနှစ် ဧပြီလ ၁ ရက်နေ့မှစတင်၍ နှစ်စဉ်အစီရင်ခံကာလအတွက် အကျိုးသက်ရောက်ပါသည်။

- နိုင်ငံတကာ ဘဏ္ဍာရေးအစီရင်ခံခြင်းစံ ၁၈ ဘဏ္ဍာရေးရှင်းတမ်းများတွင် တင်ပြခြင်းနှင့် ထုတ်ဖော်ခြင်း။

ကုမ္ပဏီအုပ်စုသည် ၎င်း၏မဖြစ်မနေအသက်ဝင်မည့် ၂၀၂၇ ခုနှစ်၊ ဧပြီလ (၁) ရက်နေ့မှစတင်၍ နိုင်ငံတကာဘဏ္ဍာရေးအစီရင်ခံခြင်းစံအသစ်ကို ကျင့်သုံးမည်ဖြစ်သည်။ နောက်ကြောင်းပြန်ကျင့်သုံးမှု လိုအပ်ပါသည်။ ထို့ကြောင့် ၂၀၂၇ ခုနှစ်၊ မတ်လ (၃၁)ရက် ကုန်ဆုံးမည့်ဘဏ္ဍာရေးနှစ်အတွက် နှိုင်းယှဉ်အချက်အလက်များကို နိုင်ငံတကာဘဏ္ဍာရေးအစီရင်ခံခြင်းစံ ၁၈ နှင့်အညီ ပြန်လည်ဖော်ပြမည်ဖြစ်ပါသည်။

အောက်ပါနိုင်ငံတကာဘဏ္ဍာရေးအစီရင်ခံခြင်းစံသည် ၂၀၂၇ ခုနှစ်၊ ဧပြီလ (၁) ရက်နေ့မှစတင်၍ နှစ်စဉ်အစီရင်ခံကာလအတွက် အကျိုးသက်ရောက်ပါသည်။

- နိုင်ငံတကာဘဏ္ဍာရေးအစီရင်ခံခြင်းစံ ၁၉ အများပြည်သူတာဝန်ခံမှုမရှိဘဲ လက်အောက်ခံကုမ္ပဏီများ - ထုတ်ဖော်မှုများ

ဤနိုင်ငံတကာဘဏ္ဍာရေးအစီရင်ခံခြင်းစံသည် ကုမ္ပဏီအုပ်စု၏ စုပေါင်းဘဏ္ဍာရေးရှင်းတမ်းများအပေါ် သက်ရောက်မှုရှိမည်ဟု ကုမ္ပဏီအုပ်စု မှ မျှော်လင့်မထားပါ။

(၂.၂) နိုင်ငံခြားငွေကြေးအား ပြောင်းလဲသတ်မှတ်ခြင်း

(၁) လုပ်ငန်းလုပ်ဆောင်သည့် ငွေကြေးနှင့် စာရင်းတင်ဖော်ပြသည့်ငွေကြေး

ကုမ္ပဏီအုပ်စု၏ စုပေါင်းဘဏ္ဍာရေးရှင်းတမ်းများတွင်ပါဝင်သော အကြောင်းအရာများကို ကုမ္ပဏီအုပ်စု၏ အဓိကကျသော စီးပွားရေးနယ်ပယ်တွင် အသုံးပြုသော ငွေကြေး (Functional currency) ဖြင့်တိုင်းတာပါသည်။ စုပေါင်းဘဏ္ဍာရေးရှင်းတမ်းများတွင် မြန်မာကျပ်ငွေဖြင့် ဖော်ပြထားပြီး ယင်းမြန်မာကျပ်ငွေသည် ကုမ္ပဏီအုပ်စု၏ စာရင်းတင်ဖော်ပြသည့်ငွေကြေး (Presentation currency) ဖြစ်သည့်အပြင် လုပ်ငန်းလုပ်ဆောင်သည့် ငွေကြေး (Functional currency) လည်း ဖြစ်သည်။ ငွေကြေးများအားလုံးကို အခြားနည်းလမ်းများဖြင့် ဖော်ပြထားခြင်းမရှိဘဲ အနီးစပ်ဆုံး ကျပ်ထောင်ပေါင်းဖြင့် ဖော်ပြထားပါသည်။

(၂) လုပ်ငန်းဆောင်ရွက်ချက်နှင့် စာရင်းလက်ကျန်များ

နိုင်ငံခြားငွေဖြင့်ပြုလုပ်သော လုပ်ငန်းလုပ်ဆောင်ချက်များကို လုပ်ဆောင်ချက်ဖြစ်ပေါ်သည့် နေ့တွင်ရှိသော ငွေလဲနှုန်းဖြင့် လုပ်ငန်းဆောင်ရွက်သည့် ငွေကြေးအဖြစ်သို့ ပြောင်းလဲထားပါသည်။ နိုင်ငံခြားငွေဖြင့် ဖော်ပြသော ငွေကြေးနှင့် သက်ဆိုင်သည့် ပိုင်ဆိုင်ပစ္စည်းနှင့် ပေးရန်တာဝန်များကို ဘဏ္ဍာရေးနှစ်ကုန်ဆုံးချိန်ရှိ ငွေလဲနှုန်းဖြင့် ပြောင်းလဲသတ်မှတ်ရာမှာသော်လည်းကောင်း၊ ၎င်းနိုင်ငံခြားငွေကြေးများကို စာရင်းရှင်းလင်းရာမှာသော်လည်းကောင်း ဖြစ်ပေါ်လာသော နိုင်ငံခြားငွေအမြတ်၊ အရှုံးများကို စုပေါင်းဝင်ငွေရှင်းတမ်းတွင် အသိအမှတ်ပြုစာရင်းရေးသွင်းပါသည်။

(၂.၃) ကုမ္ပဏီအုပ်စုစာရင်းရေးဆွဲခြင်း

(က) လက်အောက်ခံကုမ္ပဏီများ

စာရင်းစုပေါင်းမှု

လက်အောက်ခံကုမ္ပဏီများဆိုသည်မှာ ကုမ္ပဏီအုပ်စုက ယင်းကုမ္ပဏီများ၏ လုပ်ငန်းဆောင်ရွက်ချက်များမှ ပေါ်ပေါက်လာသော အကျိုးအမြတ်များကို ရရှိရန်နှင့် ဘဏ္ဍာရေးနှင့် လုပ်ငန်းဆောင်ရွက်မှုဆိုင်ရာ မူဝါဒများကို ကုမ္ပဏီအုပ်စုက

ထိန်းချုပ်ပိုင်ခွင့်ရှိသော အဖွဲ့အစည်းများ (အထူးလုပ်ငန်းဆောင်ရွက်ရန် အဖွဲ့အစည်းများ အပါအဝင်) ဖြစ်ပြီး ယေဘုယျအားဖြင့် အဓိကမဲပေးပိုင်ခွင့်ရှိသည့် ရှယ်ယာပိုင်ဆိုင်မှုဖြစ်ပါသည်။ ကုမ္ပဏီအုပ်စုက အခြားအဖွဲ့အစည်းကို ထိန်းချုပ်မှုရှိ၊ မရှိ အကဲဖြတ်သောအခါ လက်ရှိကျင့်သုံးခွင့်ရှိသော (သို့မဟုတ်) ပြောင်းလဲခွင့် ရှိသော အလားအလာရှိသည့် မဲပေးပိုင်ခွင့်၏ တည်ရှိမှုနှင့် အကျိုးဆက်ကို ထည့်သွင်းစဉ်းစားပါသည်။ လက်အောက်ခံ ကုမ္ပဏီများကို ကုမ္ပဏီအုပ်စုသို့ ထိန်းချုပ်မှုလွှဲပြောင်းသည့်နေ့ရက်မှစ၍ စာရင်းစုပေါင်းရေးဆွဲပါသည်။ ၎င်းတို့ကို ထိန်းချုပ်မှုရပ်စဲသည့်နေ့ရက်မှစ၍ စာရင်းစုပေါင်းချုပ်ရေးဆွဲခြင်းကို ရပ်စဲပါသည်။

စုပေါင်းဘဏ္ဍာရေးရှင်းတမ်းများရေးဆွဲရာတွင် လုပ်ငန်းဆောင်ရွက်ချက်များ၊ လက်ကျန်များနှင့် ကုမ္ပဏီအုပ်စုများ အကြားရှိ လုပ်ငန်းဆောင်ရွက်ချက်များအပေါ် အမှန်မရရှိသေးသော (Unrealised) အမြတ်များကိုဖယ်ထုတ် ထားပါသည်။ အမှန်မပေါ်ပေါက်သေးသော (Unrealised) အရှုံးများကိုလည်း ဖယ်ထုတ်ထားပါသည်။ သို့သော် ယင်းတို့ကို လွှဲပြောင်းပေးသောရပိုင်ခွင့်၏ တန်ဖိုးကျဆင်းကိန်းတစ်ခုအဖြစ် ထည့်သွင်းစဉ်းစားပါသည်။ လက်အောက်ခံကုမ္ပဏီများ၏ စာရင်းဆိုင်ရာမူဝါဒများကို ကုမ္ပဏီအုပ်စုက လက်ခံကျင့်သုံးသော မူဝါဒများနှင့် လိုက်လျောညီထွေ ဖြစ်စေရန် လိုအပ်သည့်အခါ ပြောင်းလဲထားပါသည်။

ထိန်းချုပ်နိုင်ခွင့်မရှိသောပိုင်ဆိုင်သူများဆိုသည်မှာ ကုမ္ပဏီအုပ်စုကိုပိုင်ဆိုင်သူများက တိုက်ရိုက်သော်လည်းကောင်း၊ သွယ်ဝိုက်၍သော်လည်းကောင်း မပိုင်ဆိုင်သောအကျိုးစီးပွားများ (Interests) က ဖြစ်ပေါ်စေသော လက်အောက်ခံကုမ္ပဏီတစ်ခု၏ အသားတင်ပိုင်ဆိုင်မှုများနှင့် လုပ်ငန်းဆောင်ရွက်မှု အသားတင်ရလဒ်များကို ခွဲဝေ၍ပေးရသော အပိုင်းဖြစ်ပါသည်။ ၎င်းတို့ကို စုပေါင်းဘဏ္ဍာရေးအခြေအနေပြရှင်းတမ်းတွင် ပါဝင်သော စုပေါင်းဝင်ငွေအလုံးစုံပါဝင်သော ရှင်းတမ်းနှင့် စုပေါင်းအစုရှင်များ၏ ပိုင်ဆိုင်ခွင့်များပြောင်းလဲမှုရှင်းတမ်းတို့တွင် ခွဲခြားဖော်ပြပါသည်။ ဝင်ငွေအလုံးစုံပါဝင်သောရှင်းတမ်း (Comprehensive income) မှာ ထိန်းချုပ်နိုင်ခြင်းမရှိသော အကျိုးစီးပွားသည် လိုငွေလက်ကျန် ဖြစ်နေသည့်တိုင်အောင် သက်ဆိုင်ရာလက်အောက်ခံကုမ္ပဏီတစ်ခုတွင် ယင်းတို့၏သက်ဆိုင်ရာ အကျိုးစီးပွား (Interests) အပေါ် အခြေခံသော ထိန်းချုပ်မှုမရှိသော ပိုင်ဆိုင်မှုများကြောင့် ဖြစ်ပေါ်လာသည့်ငွေများ ဖြစ်ပါသည်။

(ခ) တွဲဖက်ကုမ္ပဏီများ

တွဲဖက်ကုမ္ပဏီများမှာ ကုမ္ပဏီအုပ်စုက ၎င်းတို့အပေါ် သိသာထင်ရှားသော ဩဇာသက်ရောက်မှုရှိသော်လည်း ထိန်းချုပ်နိုင်မှုမရှိသောအဖွဲ့အစည်းများ ဖြစ်ပါသည်။ ယေဘုယျအားဖြင့် ရှယ်ယာတစ်စုပိုင်ဆိုင်မှုအရေအတွက် ၂၀% နှင့် ၅၀% ထက်မပိုသော မဲပေးခွင့်ရှိသည့်အဖွဲ့အစည်းများ ဖြစ်ပါသည်။ တွဲဖက်ကုမ္ပဏီများတွင် ရင်းနှီးမြှုပ်နှံမှုများကို Equity နည်းဖြင့် စာရင်းဖော်ပြပြီး တန်ဖိုးကျဆုံးရှုံးမှုများကို နှုတ်၍ စုပေါင်းဘဏ္ဍာရေးရှင်းတမ်းများတွင် စာရင်းဖော်ဆောင်ပါသည်။

(ဂ) Equity နည်းဖြင့် စာရင်းရေးဆွဲခြင်း

Equity နည်းဖြင့်စာရင်းရေးဆွဲရာတွင် တွဲဖက်ကုမ္ပဏီများတွင် ကနဦးရင်းနှီးမြှုပ်နှံမှုပြုပြီး နောက်ပိုင်းပေါ်ပေါက်လာသော အရှုံး၊ အမြတ်ဝေစုကို အရှုံး၊ အမြတ်စာရင်းတွင် အသိအမှတ်ပြုစာရင်းရေးသွင်းပြီး ၎င်းကုမ္ပဏီများ၏ ရင်းနှီးမြှုပ်နှံမှု နောက်ပိုင်း ကာလ အခြားအလုံးစုံပါဝင်သောဝင်ငွေကို အခြားအလုံးစုံပါဝင်သောဝင်ငွေတွင် အသိအမှတ်ပြုစာရင်းရေးသွင်းပါသည်။ ထို ရင်းနှီးမြှုပ်နှံမှု နောက်ပိုင်းကာလ ဆောင်ရွက်မှုများနှင့် တွဲဖက်ကုမ္ပဏီများထံမှ ခွဲဝေရရှိမှုများကို ရင်းနှီးမြှုပ်နှံမှုများ၏ သယ်ဆောင်တန်ဖိုး (Carrying amount) တွင် စာရင်းညှိနှိုင်းပါသည်။ အခြားမည်သည့် လက်ငင်းမဟုတ်သော အကာအကွယ်မဲ့ ရပိုင်ခွင့်များအပါအဝင် တွဲဖက်ကုမ္ပဏီတစ်ခုတွင် ကုမ္ပဏီအုပ်စု၏ အရှုံးဝေစုသည် တွဲဖက်ကုမ္ပဏီရှိ ၎င်း၏ပိုင်ဆိုင်မှုနှင့် တူညီသောအခါ (သို့မဟုတ်) ကျော်လွန်သောအခါ ကုမ္ပဏီအုပ်စုသည်

ပေးရန်တာဝန်မရှိခဲ့လျှင် (သို့မဟုတ်) တွဲဖက်ကုမ္ပဏီ၏ ကိုယ်စားပေးချေမှု မပြုလုပ်ခဲ့လျှင် နောက်ထပ်အရှုံးများကို စာရင်းရေးသွင်းအသိ အမှတ်မပြုပါ။

တွဲဖက်ကုမ္ပဏီများနှင့် ကုမ္ပဏီအုပ်စုအကြား စာရင်းရေးသွင်းချက်များအပေါ် (Unrealised gains) ကို တွဲဖက်ကုမ္ပဏီများတွင် ကုမ္ပဏီအုပ်စု၏ ပိုင်ဆိုင်မှုနှင့်ညီမျှသည်အထိ စာရင်းပယ်ဖျက်သည်။ လုပ်ဆောင်ချက်များသည် လွဲပြောင်းလိုက်သော ပိုင်ဆိုင်မှုများ၏ တန်ဖိုးလျော့ကျမှုကို အထောက်အထားမပြသလျှင် (Unrealised loss) ကိုလည်း စာရင်းပယ်ဖျက်ပါသည်။ တွဲဖက်ကုမ္ပဏီများ၏ စာရင်းဆိုင်ရာမူဝါဒများကို ကုမ္ပဏီအုပ်စုက လက်ခံကျင့်သုံးသော စာရင်းဆိုင်ရာမူဝါဒများနှင့် တသမတ်တည်းဖြစ်စေရန် လိုအပ်ပါက ပြုပြင်ပြောင်းလဲထားပါသည်။

(၂.၄) မြေ၊ အဆောက်အဦ၊ စက်နှင့် စက်ပစ္စည်းကိရိယာ

မြေ၊ အဆောက်အဦ၊ စက်နှင့် စက်ပစ္စည်းကိရိယာကို မူရင်းတန်ဖိုးမှ စုစုပေါင်းတန်ဖိုးလျော့နှုန်း တန်ဖိုးကျ၍ ဆုံးရှုံးငွေ ပမာဏတို့ကိုနှုတ်၍ ဖော်ပြထားပါသည်။ ကုန်ကျစရိတ်တွင် စီမံအုပ်ချုပ်သူကရည်ရွယ်ထားသည့်ပုံစံအတိုင်း ထိုရပိုင်ခွင့်ကိုလုပ်ငန်းခွင်သို့ ရောက်ရှိရန်သယ်ဆောင်ခြင်းနှင့် လည်ပတ်နိုင်ရန်လိုအပ်သည့်အခြေအနေရောက်ရှိရန်အတွက် တိုက်ရိုက်သက်ဆိုင်သော အသုံးစရိတ်များအားလုံး ပါဝင်ပါသည်။

နောက်ဆက်တွဲကုန်ကျစရိတ်များကို စာရင်းရေးသွင်းရာတွင် ရရန်ပိုင်ခွင့်၏ကုန်ကျစရိတ်ကို တိတိကျကျ တိုင်းတာနိုင်သောအခါနှင့် ပစ္စည်းနှင့်သက်ဆိုင်သောအနာဂတ်စီးပွားရေးအကျိုးကျေးဇူးများ ကုမ္ပဏီအုပ်စုအတွင်းသို့ စီးဝင်လာနိုင်ဖွယ်ရှိသောအခါတို့တွင်သာလျှင် အသားတင်သင့်ငွေပမာဏ (သို့မဟုတ်) သီးခြားရပိုင်ခွင့်အနေဖြင့် စာရင်းဖော်ဆောင်ပါသည်။ အစားထိုးလဲလှယ်လိုက်သော ပစ္စည်းအစိတ်အပိုင်း၏အရင်းအရ တန်ဖိုးငွေကို ပယ်ဖျက်ပေးရပါမည်။ အခြားပြင်ဆင်စရိတ်နှင့် ပြုပြင်ထိန်းသိမ်းရေးစရိတ်များအားလုံးကို သက်ဆိုင်ရာကာလ၏ အရှုံး၊ အမြတ်တွင် ကျခံရပါသည်။

သတ်မှတ်ထားသည့်လုပ်ငန်းအတွက်အသုံးပြုရန် အဆင်သင့်ဖြစ်သည့်အချိန်မှစ၍ တည်ဆောက်ဆဲရရန်ပိုင်ခွင့်များအပေါ် တန်ဖိုးလျော့တွက်ချက်ခြင်းကို စတင်ပါသည်။ မြေ၊ အဆောက်အဦ၊ စက်နှင့် စက်ပစ္စည်းကိရိယာ၏ကုန်ကျ စရိတ်ကို တန်ဖိုးလျော့ကိုတွက်ချက်ရာတွင် ၎င်းပစ္စည်း၏ အကြွင်းတန်ဖိုး နှုတ်ပြီးသားတန်ဖိုးနှင့် ခန့်မှန်းအသုံးဝင်မှုသက်တမ်းပေါ်တွင်မူတည်၍ မျဉ်းဖြောင့်နည်းဖြင့် တွက်ချက်ထားပါသည်။ ခန့်မှန်းတန်ဖိုးလျော့ရာခိုင်နှုန်းမှာ အောက်ပါအတိုင်းဖြစ်ပါသည်။

၄ားရမ်းထားသောမြေ	၂.၁၉%
စက်ရုံ	၅%
မီးအားမြှင့်စက်	၂.၁၇%
အဆောက်အဦ	၂% / ၂.၁၇%
စွန့်ပစ်ပစ္စည်းသိုလှောင်ကန်	၅%
စက်နှင့် စက်ပစ္စည်းများ	၂၀%
မော်တော်ယာဉ်	၂၀%
ကွန်ပျူတာနှင့် စက်ပစ္စည်းများ	၂၀%
ပရိဘောဂနှင့် ကိရိယာများ	၁၀% - ၄၀%
ရုံးခန်းပြန်လည်ပြုပြင်မွမ်းမံခြင်း	၅% / ၂၀%
နေရောင်ခြည်စွမ်းအင်သုံး ဓာတ်အားစနစ်	၀.၀၈၃% - ၂၀%

ရရန်ပိုင်ခွင့်များ၏ ခန့်မှန်းအသုံးဝင်သက်တမ်းနှင့် တန်ဖိုးလျော့နည်းစနစ်ကို စုပေါင်းဘဏ္ဍာရေးအခြေအနေပြရှင်းတမ်းရေးဆွဲသည့်နေ့တွင် ပြန်လည်သုံးသပ်၍ သင့်တော်သော ညှိနှိုင်းမှုများကို လုပ်ဆောင်ပါသည်။ ပြောင်းလဲမှုများဖြစ်ပေါ်လာသောအခါ ပြင်ဆင်ချက်တိုင်း၏ အကျိုးသက်ရောက်မှုကို အရှုံးအမြတ်ထဲတွင် အသိအမှတ်ပြုစာရင်းရေးသွင်းပါသည်။

ထုခွဲရောင်းချခြင်း၏ အရှုံး၊ အမြတ်ကို တွက်ချက်ရာတွင် ဝင်ငွေနှင့် အသားတင်သင့်ငွေပမာဏတို့ကို နှိုင်းယှဉ်ခြင်းအားဖြင့် ဆုံးဖြတ်၍ စုပေါင်းဝင်ငွေအလုံးစုံပါဝင်သောရှင်းတမ်းရှိ အခြားအမြတ်၊အရှုံးစာရင်းတွင် အသိအမှတ်ပြုစာရင်းရေးသွင်းပါသည်။

(၂.၅) ထိတွေ့ကိုင်တွယ်၍မရသောရရန်ပိုင်ခွင့်များ

စာရင်းကိုင်နှင့် လုပ်ခလစာစာရင်းဆော့ဝဲ(လ်) (Accounting and payroll software)

စာရင်းကိုင်နှင့် လုပ်ခလစာစာရင်းဆော့ဝဲ(လ်)လိုင်စင်ကို ကနဦးတွင် မူရင်းတန်ဖိုးဖြင့် စာရင်းသွင်းပြီးဝယ်ဈေး (လျှော့ပေးငွေများနှင့် ပြန်ရငွေများကိုနှုတ်ပြီးအသားတင်) ပါဝင်သော မူရင်းတန်ဖိုးနှင့် ၎င်း၏ ရည်ရွယ်ထားသော အသုံးပြုမှုအတွက် မွမ်းမံခြင်းဆိုင်ရာ တိုက်ရိုက်ကုန်ကျသော အခြားစရိတ်များကိုပါ စာရင်းသွင်းဖော်ပြပါသည်။ တိုက်ရိုက်ကုန်ကျ စရိတ်များကို ဆော့ဝဲ(လ်)၏ မူရင်းတန်ဖိုးတွင် ထည့်ပေါင်းသည်။ စာရင်းကိုင်ဆော့ဝဲ(လ်)လိုင်စင်ပြုပြင်ထိန်းသိမ်းခြင်းဆိုင်ရာစရိတ်များကို ကုန်ကျသည့်အချိန်တွင် အသုံးစရိတ်အဖြစ် စာရင်းဖော်ဆောင်သည်။

စာရင်းကိုင်ဆော့ဝဲ(လ်)လိုင်စင်ကို မူရင်းတန်ဖိုးတွင် စုစုပေါင်းတန်ဖိုးလျော့နှင့် စုစုပေါင်းတန်ဖိုးကျ အရှုံးများကို နှုတ်ပယ်၍ နောက်ပိုင်းစာရင်းရေးသွင်းပါသည်။ ၎င်းစရိတ်များကို မျဉ်းဖြောင့်နည်းဖြင့် ၂၀% နှင့်ညီမျှသော ခန့်မှန်းအသုံးဝင်သက်တမ်းငါးနှစ်ပေါ်တွင် တန်ဖိုးလျော့၍ အရှုံး၊ အမြတ်စာရင်းတွင် ကျခံပါသည်။

ထိတွေ့ကိုင်တွယ်၍မရသော ရရန်ပိုင်ခွင့်များ၏ တန်ဖိုးလျော့နှုန်းနှင့် တန်ဖိုးလျော့သည့်နည်းစနစ်ကို အနည်းဆုံး စုပေါင်းဘဏ္ဍာရေးအခြေအနေပြရှင်းတမ်းရေးဆွဲသည့်နေ့တွင် တစ်ကြိမ် ပြန်လည်သုံးသပ်ပါသည်။ ယင်းပြောင်းလဲမှုများ၏ အကျိုးသက်ရောက်မှုများကို အရှုံးအမြတ်စာရင်းတွင် အသိအမှတ်ပြုစာရင်းရေးသွင်းပါသည်။

(၂.၆) တွဲဖက်ကုမ္ပဏီတွင်ရင်းနှီးမြှုပ်နှံမှု

တွဲဖက်ကုမ္ပဏီတွင် ရင်းနှီးမြှုပ်နှံမှုကို Equity နည်းဖြင့် လုပ်ဆောင်မှုဈေးနှုန်း (လုပ်ဆောင်မှုကုန်ကျစရိတ် အပါအဝင်) ဖြင့် ကနဦး အသိအမှတ်ပြုစာရင်းရေးသွင်းပါသည်။ ဝယ်ယူပြီးသည့်နေ့ နောက်ပိုင်းတွင် သယ်ဆောင်လာသည့် ငွေပမာဏကို အတိုး အလျော့ပြုလုပ်ပြီး ရင်းနှီးမြှုပ်နှံသူ၏ အရှုံးအမြတ်ဝေစုကို စာရင်းတင်ပါသည်။

ရင်းနှီးမြှုပ်နှံသူ၏ အရှုံး၊ အမြတ်ဝေစုကို ရင်းနှီးမြှုပ်နှံသူ၏ အရှုံး၊ အမြတ်စာရင်းတွင် အသိအမှတ်ပြုစာရင်းရေးသွင်းပါသည်။ ရင်းနှီးမြှုပ်နှံထားသည့်အဖွဲ့အစည်းမှ ခွဲဝေရရှိမှုများသည် ရင်းနှီးမြှုပ်နှံမှု၏ သယ်ယူလာသည့်ငွေပမာဏ (လက်ကျန်) ကိုလျော့ကျစေပါသည်။

(၂.၇) ရင်းနှီးမြှုပ်နှံထားသော ပိုင်ဆိုင်ပစ္စည်း

ရင်းနှီးမြှုပ်နှံထားသော ပိုင်ဆိုင်ပစ္စည်းကို ငှားရမ်းခရရန် (သို့မဟုတ်) တန်ဖိုးတိုးလာရန် (သို့မဟုတ်) နှစ်ခုလုံးအတွက် လက်ဝယ်ကိုင်ဆောင်ထားခြင်းဖြစ်ပါသည်။ ရင်းနှီးမြှုပ်နှံထားသော ပိုင်ဆိုင်ပစ္စည်းကို ကနဦးစာရင်းသွင်းရာတွင် မူရင်းတန်ဖိုးဖြင့်သာ အသိအမှတ်ပြုစာရင်းရေးသွင်း၍ နောက်ပိုင်းကာလများတွင် မူရင်းတန်ဖိုးမှ စုစုပေါင်းတန်ဖိုးလျော့နှင့် ပစ္စည်း၏ တန်ဖိုးကျ၍ဆုံးရှုံးငွေပမာဏ စုစုပေါင်းကို နှုတ်၍ စာရင်းသယ်ဆောင်ပါသည်။ တန်ဖိုးလျော့ကို ခွဲဝေရာတွင် တန်ဖိုးလျော့ရမည့် သင့်ငွေပမာဏ၏ ခန့်မှန်းအသုံးဝင်မှုသက်တမ်း နှစ်ငါးဆယ်အပေါ်တွင် မျဉ်းဖြောင့်နည်းဖြင့် တွက်ချက်ထားပါသည်။

ရင်းနှီးမြှုပ်နှံထားသောပိုင်ဆိုင်ပစ္စည်း၏ ခန့်မှန်းအသုံးဝင်သက်တမ်းနှင့်တန်ဖိုးလျော့နည်းစနစ်ကို စုပေါင်းဘဏ္ဍာရေးအခြေအနေပြရှင်းတမ်းရေးဆွဲသည့်နေ့တွင် ပြန်လည်သုံးသပ်ပြီး သင့်လျော်သလို ညှိနှိုင်းပါသည်။ ပြောင်းလဲမှုများဖြစ်ပေါ်လာပါက ပြင်ဆင်ချက်တိုင်း၏ အကျိုးသက်ရောက်မှုသည် အရှုံး၊ အမြတ်ထဲတွင် ပါဝင်ပါသည်။

(၂.၈) ဘဏ္ဍာရေးဆိုင်ရာ စာချုပ်စာတမ်းများ

(က) အသိအမှတ်ပြုစာရင်းရေးသွင်းခြင်းနှင့် ကနဦးတိုင်းတာတွက်ချက်မှု

ကုမ္ပဏီအုပ်စုသည် စာရွက်စာတမ်း၏ စာချုပ်ပါပြဋ္ဌာန်းချက်များတွင် ပါဝင်သည့်နေ့မှစတင်၍ ဘဏ္ဍာရေးဆိုင်ရာရရန် ပိုင်ခွင့်များနှင့် ဘဏ္ဍာရေးဆိုင်ရာပေးရန်တာဝန်များကို ကနဦးအသိအမှတ်ပြုစာရင်းရေးသွင်းပါသည်။

ဘဏ္ဍာရေးဆိုင်ရာရရန်ပိုင်ခွင့်များနှင့် ဘဏ္ဍာရေးဆိုင်ရာပေးရန်တာဝန်များကို မျှတသောတန်ဖိုးဖြင့် ကနဦးတိုင်းတာပါသည်။ ဘဏ္ဍာရေးဆိုင်ရာရရန်ပိုင်ခွင့်များ သို့မဟုတ် ဘဏ္ဍာရေးဆိုင်ရာပေးရန်တာဝန်များ (သင့်တင့်မျှတသောတန်ဖိုးကို အမြတ် သို့မဟုတ် အရှုံးတွင်စာရင်းတင်ပြီး တိုင်းတာတွက်ချက်ထားသော ဘဏ္ဍာရေးဆိုင်ရာရရန်ပိုင်ခွင့်များ သို့မဟုတ် ဘဏ္ဍာရေးဆိုင်ရာပေးရန်တာဝန်များမှလွဲ၍) ဝယ်ယူခြင်း သို့မဟုတ် ထုတ်ဝေခြင်း နှင့် တိုက်ရိုက်သက်ဆိုင်သည့် ကုန်ကျစရိတ်များကို ကနဦးအသိအမှတ်ပြုစာရင်းရေးသွင်းရာတွင် သင့်တင့်မျှတသောတန်ဖိုးတွင် ပေါင်းထည့်သို့မဟုတ် နုတ်ယူပါသည်။

(ခ) အမျိုးအစားခွဲခြားခြင်းနှင့်နောက်ဆက်တွဲတိုင်းတာတွက်ချက်မှု

ဘဏ္ဍာရေးဆိုင်ရာရရန်ပိုင်ခွင့်များ

ဘဏ္ဍာရေးဆိုင်ရာရရန်ပိုင်ခွင့်များကို ဘဏ္ဍာရေးဆိုင်ရာရရန်ပိုင်ခွင့်များနှင့် ငွေသားစီးဆင်းမှုဆိုင်ရာ စာချုပ်ပါစည်းကမ်းချက်များကို စီမံခန့်ခွဲခြင်းအတွက် ကုမ္ပဏီအုပ်စု၏လုပ်ငန်းပုံစံအပေါ် အခြေခံ၍ အောက်ပါအမျိုးအစားများထဲမှ တစ်ခုအဖြစ် အမျိုးအစားခွဲခြားပါသည်။

- တန်ဘိုးလျော့စရိတ်
- သင့်တင့်မျှတသောတန်ဖိုးကို အခြားဝင်ငွေအလုံးစုံပါဝင်သော ရှင်းတမ်း (သို့မဟုတ်)
- သင့်တင့်မျှတသောတန်ဖိုးကို အမြတ် သို့မဟုတ် အရှုံး ရှင်းတမ်း

အောက်ပါအခြေအနေနှစ်ခုလုံးကို ကိုက်ညီပါက ဘဏ္ဍာရေးဆိုင်ရာရရန်ပိုင်ခွင့်တစ်ခုအား တန်ဘိုးလျော့စရိတ်ဖြင့် တိုင်းတာတွက်ချက်ပါသည်။

- ပိုင်ဆိုင်မှုများကို ကိုင်ဆောင်ပြီး စာချုပ်အရ ငွေသားစီးဆင်းမှု ကောက်ခံရန် ရည်ရွယ်ထားသည့် လုပ်ငန်းပုံစံတစ်ခုအတွင်း ကိုင်ဆောင်ထားသော ပိုင်ဆိုင်မှုဖြစ်ပါသည်။
- စာချုပ်ပါစည်းကမ်းချက်များသည် ကျန်ရှိသောငွေရင်းပမာဏအပေါ် အရင်းနှင့်အတိုးတစ်ခုတည်းသာပေးချေသည့် ငွေသားစီးဆင်းမှုအား သတ်မှတ်ထားသည့်ရက်စွဲများတွင် ဖြစ်ပေါ်စေပါသည်။

အောက်ပါအခြေအနေနှစ်ခုလုံးနှင့် ကိုက်ညီပြီး သင့်တင့်မျှတသောတန်ဖိုးကို အမြတ် သို့မဟုတ် အရှုံး ရှင်းတမ်းကို ရွေးချယ်သတ်မှတ်ထားခြင်းမရှိပါက ချေးငွေစာချုပ်စာတမ်းတစ်ခုအား သင့်တင့်မျှတသောတန်ဖိုးကို အခြားဝင်ငွေအလုံးစုံပါဝင်သော ရှင်းတမ်း၌ တိုင်းတာတွက်ချက်ပါသည်။

- စာချုပ်အရ ငွေသားစီးဆင်းမှု ကောက်ခံခြင်းနှင့် ဘဏ္ဍာရေးဆိုင်ရာရရန်ပိုင်ခွင့်များကို ရောင်းချခြင်းဖြင့် ရည်မှန်းချက်အောင်မြင်ရန် ရည်ရွယ်ထားသည့် လုပ်ငန်းပုံစံတစ်ခုအတွင်း ကိုင်ဆောင်ထားသော ပိုင်ဆိုင်မှုဖြစ်ပါသည်။
- စာချုပ်ပါစည်းကမ်းချက်များသည် ကျန်ရှိသောငွေရင်းပမာဏအပေါ် အရင်းနှင့်အတိုးတစ်ခုတည်းသာပေးချေသည့် ငွေသားစီးဆင်းမှုအား သတ်မှတ်ထားသည့်ရက်စွဲများတွင် ဖြစ်ပေါ်စေပါသည်။

တန်ဘိုးလျော့စရိတ် (သို့မဟုတ်) သင့်တင့်မျှတသောတန်ဖိုးကို အခြားဝင်ငွေအလုံးစုံပါဝင်သောရှင်းတမ်းဖြင့် မတိုင်းတာသော ဘဏ္ဍာရေးဆိုင်ရာရရန်ပိုင်ခွင့်များကို သင့်တင့်မျှတသောတန်ဖိုးကို အမြတ် သို့မဟုတ် အရှုံးရှင်းတမ်းတွင် တိုင်းတာပါသည်။ သင့်တင့်မျှတသောတန်ဖိုး အပြောင်းအလဲကြောင့် အမြတ် သို့မဟုတ် အရှုံးကို အမြတ် သို့မဟုတ် အရှုံးစာရင်းတွင် အသိအမှတ်ပြုစာရင်းရေးသွင်းပါသည်။

တန်ဘိုးလျော့စရိတ်ဖြင့် ဘဏ္ဍာရေးဆိုင်ရာရရန်ပိုင်ခွင့်များကို ထိရောက်သောအတိုးနည်းလမ်းဖြင့် နောက်ဆက်တွဲတိုင်းတာပြီး တန်ဖိုးကျဆင်းမှုကိုလည်းကျခံရပါသည်။ ဘဏ္ဍာရေးဆိုင်ရာရရန်ပိုင်ခွင့်အား အသိအမှတ်ပြုစာရင်းရေးသွင်းခြင်းမှဖယ်ရှားခြင်း၊ ပြုပြင်မွမ်းမံခြင်း သို့မဟုတ် တန်ဖိုးကျခြင်းရှိလာသောအခါ အမြတ် သို့မဟုတ် အရှုံးတွင် အသိအမှတ်ပြုစာရင်းရေးသွင်းပါသည်။

တန်ဘိုးလျော့စရိတ်ဖြင့် ကုမ္ပဏီအုပ်စု၏ဘဏ္ဍာရေးဆိုင်ရာရရန်ပိုင်ခွင့်များတွင် အရစ်ကျရောင်းချခြင်းမှ အသားတင်ရရန်ရှိငွေ၊ ကုန်သွယ်မှုနှင့် အခြားရရန်ရှိများနှင့် ငွေနှင့် ငွေသားညီမျှခြင်းများ ပါဝင်ပါသည်။

ဘဏ္ဍာရေးဆိုင်ရာပေးရန်တာဝန်များ

ဘဏ္ဍာရေးဆိုင်ရာပေးရန်တာဝန်များကို အောက်ပါအချက်များမှလွဲ၍ တန်ဘိုးလျော့စရိတ်ဖြင့် အမျိုးအစားခွဲခြားပြီး တိုင်းတာပါသည်။

- သင့်တင့်မျှတသောတန်ဖိုးကို အမြတ် သို့မဟုတ် အရှုံးရှင်းတမ်းဖြင့် တိုင်းတာသော ကုန်သွယ်မှုအတွက် ကိုင်ဆောင်ထားသော ဘဏ္ဍာရေးဆိုင်ရာပေးရန်တာဝန်များ
- ကနဦးအသိအမှတ်ပြုစာရင်းရေးသွင်းချိန်တွင် သင့်တင့်မျှတသောတန်ဖိုးကို အမြတ် သို့မဟုတ် အရှုံးရှင်းတမ်းတွင် အသိအမှတ်ပြုစာရင်းရေးသွင်းသည့် ဘဏ္ဍာရေးဆိုင်ရာပေးရန်တာဝန်များ

တန်ဘိုးလျော့စရိတ်ဖြင့် ဘဏ္ဍာရေးဆိုင်ရာပေးရန်တာဝန်များကို ထိရောက်သောအတိုးနည်းလမ်းဖြင့် နောက်ဆက်တွဲတိုင်းတာပါသည်။ သင့်တင့်မျှတသောတန်ဖိုးကို အမြတ် သို့မဟုတ် အရှုံးရှင်းတမ်းတွင် အသိအမှတ်ပြုစာရင်းရေးသွင်းသည့် ဘဏ္ဍာရေးဆိုင်ရာပေးရန်တာဝန်များကို သင့်တင့်မျှတသောတန်ဖိုးဖြင့် နောက်ဆက်တွဲတိုင်းတာပြီး အမြတ် သို့မဟုတ် အရှုံးကို အမြတ် သို့မဟုတ် အရှုံးစာရင်းတွင် အသိအမှတ်ပြုစာရင်း ရေးသွင်းပါသည်။

ကုမ္ပဏီအုပ်စု၏ ဘဏ္ဍာရေးဆိုင်ရာပေးရန်တာဝန်များတွင် ကုန်သွယ်မှုနှင့် အခြားပေးရန်ရှိများ၊ပေးရန်ရှိစရိတ်များနှင့် ချေးယူငွေတို့ ပါဝင်ပါသည်။

(ဂ) အသိအမှတ်ပြုစာရင်းသွင်းခြင်းမှ ဖယ်ရှားခြင်း

ဘဏ္ဍာရေးဆိုင်ရာရရန်ပိုင်ခွင့်မှ ငွေသားစီးဆင်းမှုဆိုင်ရာ စာချုပ်ပါအခွင့်အရေးများ ကုန်ဆုံးသွားသောအခါ၊ သို့မဟုတ် ဘဏ္ဍာရေးဆိုင်ရာရရန်ပိုင်ခွင့်ကို လွှဲပြောင်းပေးသည့်အခါ၊ ရပိုင်ခွင့်၏ ဆုံးရှုံးနိုင်ခြေများနှင့် အကျိုးခံစားခွင့်များ အားလုံးကို အခြားပုဂ္ဂိုလ်သို့ အကုန်လုံးနီးပါးလွှဲပြောင်းပေးသည့်အခါတွင် ကုမ္ပဏီအုပ်စုသည် ဘဏ္ဍာရေးဆိုင်ရာရရန်ပိုင်ခွင့်ကို အသိအမှတ်ပြုစာရင်းသွင်းခြင်းမှ ဖယ်ရှားပါသည်။

ကုမ္ပဏီအုပ်စုသည်၎င်း၏ စာချုပ်ပါတာဝန်ဝတ္တရားများကို ဆောင်ရွက်ပြီးသောအခါ၊ ဖျက်သိမ်းသောအခါ သို့မဟုတ် သက်တမ်းကုန်သွားသောအခါ ဘဏ္ဍာရေးဆိုင်ရာပေးရန်တာဝန်ကို အသိအမှတ်ပြုစာရင်းရေးသွင်းခြင်းမှ ဖယ်ရှားပါသည်။

(ဃ) တန်ဖိုးကျခြင်း

ကုမ္ပဏီအုပ်စုသည် သင့်တင့်မျှတသောတန်ဖိုးကို အခြားဝင်ငွေအလုံးစုံပါဝင်သောရှင်းတမ်း (သို့မဟုတ်) တန်ဖိုးလျော့စရိတ်ဖြင့် တိုင်းတာထားသော ဘဏ္ဍာရေးဆိုင်ရာရရန်ပိုင်ခွင့်များအပေါ်တွင် မျှော်မှန်းထားသော ကြွေးမြီ အရှုံးငွေ (ECL) များအတွက် ခွင့်ပြုအရှုံးငွေကို အသိအမှတ်ပြုစာရင်းရေးသွင်းပါသည်။ သက်ဆိုင်သည့် ဘဏ္ဍာရေး ဆိုင်ရာရရန်ပိုင်ခွင့်ကို ကနဦးအသိအမှတ်ပြုချိန်မှစပြီး ကြွေးမြီဆုံးရှုံးနိုင်ခြေ အန္တရာယ်ပြောင်းလဲမှုများကို ထင်ဟပ်စေရန် မျှော်မှန်းထားသော အကြွေးအရှုံးငွေပမာဏကို အစီရင်ခံသည့်ရက်စွဲတစ်ခုစီတွင် ပြန်လည်ညှိနှိုင်းပါသည်။

(c) ခုနှိမ်ခြင်း

ကုမ္ပဏီအုပ်စုသည်အသိအမှတ်ပြုစာရင်းရေးသွင်းထားသည့်ငွေပမာဏကို ခုနှိမ်ရန် ဥပဒေအရအတည်ပြုနိုင်သော အခွင့်အရေးရှိပြီး အသားတင်အခြေခံအပေါ်တွင်စာရင်းရှင်းလင်းရန်နှင့် ရရန်ပိုင်ခွင့်ကို ရောင်းချ၍ ပေးရန်တာဝန်ကို တပြိုင်နက်တည်း စာရင်းရှင်းလင်းရန် ရည်ရွယ်ထားပါက ဘဏ္ဍာရေးဆိုင်ရာရရန်ပိုင်ခွင့်များနှင့် ဘဏ္ဍာရေးဆိုင်ရာ ပေးရန်တာဝန်များကိုခုနှိမ်ပြီး အသားတင်ငွေပမာဏကို စုပေါင်းဘဏ္ဍာရေးအခြေအနေပြရှင်းတမ်းတွင် တင်ပြထားပါသည်။

(၂.၉) ဘဏ္ဍာရေးဆိုင်ရာမဟုတ်သည့် ရရန်ပိုင်ခွင့်များတန်ဖိုးကျမှု

အစီရင်ခံသည့်ရက်စွဲတစ်ခုစီတွင် ကုမ္ပဏီအုပ်စုသည် တန်ဖိုးကျမှု ညွှန်ပြချက်ရှိ၊မရှိ ဆုံးဖြတ်ရန် ဘဏ္ဍာရေးဆိုင်ရာမဟုတ်သည့် ရရန်ပိုင်ခွင့်များ၏ သယ်ဆောင်သည့်ပမာဏကို သုံးသပ်ပါသည်။ ထိုသို့သော အညွှန်းကိန်းများ တည်ရှိပါက ရပိုင်ခွင့်၏ ပြန်လည်ရရှိနိုင်မည့်ပမာဏကို ခန့်မှန်းပါသည်။

ရပိုင်ခွင့်တစ်ခု၏ ပြန်လည်ရရှိနိုင်သောပမာဏသည် သင့်တင့်မျှတသောတန်ဖိုး (ရောင်းချရန် ကုန်ကျစရိတ်နှုတ်ပြီး) နှင့် အသုံးပြုမှုတန်ဖိုး၏များရာ ဖြစ်ပါသည်။ အသုံးပြုမှုတန်ဖိုးသည် ခန့်မှန်းခြေ အနာဂတ်ငွေသားစီးဆင်းမှုအပေါ် အခြေခံပြီး၊ ကုမ္ပဏီအုပ်စုသည် ငွေကြေး၏အချိန်တန်ဖိုးနှင့် ရပိုင်ခွင့်အတွက် သီးခြားအန္တရာယ်များကို ရောင်ပြန်ဟပ်သည့် အကြို အခွန်ကြိုလျှော့နှုန်းဖြင့် ၎င်းတို့၏ လက်ရှိတန်ဖိုးကို လျှော့ဈေးဖြင့် ရပိုင်ခွင့်မှရရှိရန် မျှော်လင့်ပါသည်။

ပစ္စည်းတစ်ခု၏ သယ်ဆောင်သည့်ပမာဏသည် ပြန်လည်ရရှိနိုင်သောပမာဏထက်ကျော်လွန်ပါက တန်ဖိုးကျဆုံးရှုံးမှုကို အသိအမှတ်ပြုစာရင်းရေးသွင်းပါသည်။

တန်ဖိုးကျဆုံးရှုံးမှုကို အမြတ် သို့မဟုတ် အရှုံး တွင် အသိအမှတ်ပြုစာရင်းရေးသွင်းပါသည်။

တန်ဖိုးကျဆုံးရှုံးမှုကို အသိအမှတ်ပြုစာရင်းရေးသွင်းခြင်းမရှိလျှင် ရပိုင်ခွင့်၏သယ်ဆောင်ပမာဏသည် အသားတင် တန်ဖိုးလျော့ထားသော သယ်ဆောင်ပမာဏထက်မကျော်လွန်သည့်အတိုင်းအတာအထိ တန်ဖိုးကျဆုံးရှုံးမှုကို ပြောင်းပြန် စာရင်းရေးသွင်းပါသည်။ ငွေရှာဖွေပေးနိုင်သည့် ယူနစ်တစ်ခုအတွက် တန်ဖိုးကျဆုံးရှုံးမှု၏ ပြောင်းပြန် စာရင်းရေး သွင်းမှုကို ထိုရပိုင်ခွင့်များ၏ သယ်ဆောင်လာသောပမာဏနှင့်အတူ ယူနစ်၏ရပိုင်ခွင့်များသို့အချိုးကျခွဲဝေပါသည်။ သယ်ဆောင်လာသည့်ပမာဏ တိုးလာမှုကို ရပိုင်ခွင့်တစ်ခုချင်းအတွက် တန်ဖိုးကျဆုံးရှုံးမှုကို ပြောင်းပြန်လှန်ခြင်းအဖြစ် သဘောထားကာ အမြတ် သို့မဟုတ် အရှုံးစာရင်းတွင် အသိအမှတ်ပြုစာရင်းရေးသွင်းပါသည်။

(၂.၁၀) ကုန်လက်ကျန်များ

ကုန်လက်ကျန်များကို ကုန်ကျစရိတ်နှင့် ရောင်းချလျှင်ရနိုင်မည့် အသားတင်ကုန်ရောင်းရငွေတို့အနက် နည်းရာ ပမာဏဖြင့် တန်ဖိုးသင့်ရန် ဖြစ်ပါသည်။ ကုန်ကျစရိတ်တွင် မြေယာပြုပြင်ကုန်ကျစရိတ်၊ အခြေခံအဆောက်အဦများ ဖွံ့ဖြိုးတိုးတက်မှုကုန်ကျစရိတ်၊ တိုက်ရိုက်အလုပ်သမားနှင့် အခြားတိုက်ရိုက်ကုန်ကျစရိတ်များပါဝင်သည်။ အသားတင် ရောင်းရငွေဆိုသည်မှာ သာမန်စီးပွားရေးလုပ်ငန်းတစ်ခုတွင် ပြီးဆုံးမှုအတွက် ခန့်မှန်းကုန်ကျစရိတ်နှင့် ပုံသေမဟုတ်သော အရောင်းကုန်ကျစရိတ်တို့ကို နှုတ်ပြီးကျန်ရှိမည့် ခန့်မှန်းရောင်းဈေးဖြစ်ပါသည်။

(၂.၁၁) ငွေနှင့် ငွေသားညီမျှခြင်းလက်ကျန်များ

ငွေနှင့် ငွေသားညီမျှခြင်းလက်ကျန်များတွင် လက်ဝယ်ရှိ ငွေသားလက်ကျန်နှင့် ဘဏ်ရှိငွေလက်ကျန်များ ပါဝင်ပါသည်။

(၂.၁၂) ကုန်သွယ်မှုနှင့် အခြားရရန်ရှိများ

ရရန်ရှိတစ်ခုသည် ခြွင်းချက်မရှိသော အဖိုးစားနား၏ပမာဏတစ်ခုအတွက် ကုမ္ပဏီအုပ်စု၏ရပိုင်ခွင့်ကို ကိုယ်စား ပြုသည် (ဆိုလိုသည်မှာ အဖိုးစားနားပေးချေမှု အချိန်မစေ့ရောက်မီ အချိန်ကုန်ဆုံးရန် လိုအပ်သည်)။
ကုန်သွယ်မှုနှင့် အခြားရရန်ရှိများကို ကနဦးတွင် မျှတသောတန်ဖိုး (fair value) ဖြင့် စာရင်းရေးသွင်းပြီးနောက် effective interest method ကိုအသုံးပြု၍ နောက်ပိုင်းနှစ်တွင် လျော့ချပြီးတန်ဖိုးမှ ပျက်စီးဆုံးရှုံးမှုအတွက် လျာထားသောတန်ဖိုးကို နှုတ်၍ စာရင်းသယ်ဆောင်ပါသည်။ ပြန်၍မရနိုင်သော ခန့်မှန်းပမာဏအတွက် သင့်လျော်သော ခွင့်ပြုချက်ဖြင့် ကုန်သွယ်မှုနှင့် အခြားရရန်ရှိများတွင် လျှော့ချရပါသည်။

(၂.၁၃) ကန်ထရိုက် ရရန်ပိုင်ခွင့်များ

ကန်ထရိုက်ရရန်ပိုင်ခွင့်သည် ဝယ်ယူသူထံလွှဲပြောင်းပေးခဲ့သည့် ကုန်စည် သို့မဟုတ် ဝန်ဆောင်မှုများအတွက် လဲလှယ်ရာတွင် အဖိုးစားနားကို ရပိုင်ခွင့်ဖြစ်ပါသည်။ ဝယ်ယူသူသည် အဖိုးစားနားမပေးမီ သို့မဟုတ် ငွေပေးချေမှုအချိန်မစေ့ရောက်မီ ကုမ္ပဏီအုပ်စုသည် ဝယ်ယူသူတစ်ဦးထံ ကုန်ပစ္စည်း သို့မဟုတ် ဝန်ဆောင်မှုများ လွှဲပြောင်းခြင်းကို လုပ်ဆောင်ပါက ကန်ထရိုက်ရရန်ပိုင်ခွင့်ကို ခြွင်းချက်ရှိသော ရရှိခဲ့သည့်အဖိုးစားနားအတွက် အသိအမှတ်ပြုစာရင်းရေးသွင်းပါသည်။

(၂.၁၄) ကုန်သွယ်မှုနှင့် အခြားပေးရန်ရှိများ

ကုန်သွယ်မှုနှင့် အခြားပေးရန်ရှိများသည် အစီရင်ခံကာလမကုန်မီတွင် ကုမ္ပဏီအုပ်စုမှရရှိထားသည့် ကုန်စည် သို့မဟုတ် ဝန်ဆောင်မှုများအတွက်ဖြစ်ပြီး အစီရင်ခံသည့်ရက်တွင် ကျန်ရှိနေသော ပေးချေမှုမပြုရသေးသည့် ပေးရန်တာဝန်များဖြစ်ပါသည်။

ကုန်သွယ်မှုနှင့် အခြားပေးရန်ရှိများကို ကုမ္ပဏီအုပ်စုသည် အစီရင်ခံသည့်ရက်ပြီးနောက် အနည်းဆုံး ၁၂ လကြာ ပေးရန်တာဝန်စာရင်းရှင်းလင်းမှုကို ခြွင်းချက်မရှိ ဆိုင်းငံ့ထားခြင်းမရှိပါက လက်ငင်းပေးရန်တာဝန်များအဖြစ် အမျိုးအစားခွဲခြားထားပါသည်။

ကုန်သွယ်မှုနှင့် အခြားပေးရန်ရှိများကို ကနဦးတွင် မျှတသောတန်ဖိုး (fair value) ဖြင့် စာရင်းရေးသွင်းပြီးနောက် ထိရောက်သောအတိုးနည်းလမ်းကိုအသုံးပြု၍ နောက်ပိုင်းတွင် တန်ဘိုးလျော့စရိတ်ဖြင့် တိုင်းတာတွက်ချက်ပါသည်။

ကုမ္ပဏီအုပ်စုသည်ပေးရန်တာဝန်ဝတ္တရားများကို ဆောင်ရွက်ပြီးသောအခါ၊ ဖျက်သိမ်းသောအခါ သို့မဟုတ် သက်တမ်းကုန်သွားသောအခါ ပေးရန်ရှိတစ်ခုကို အသိအမှတ်ပြုစာရင်းရေးသွင်းခြင်းမှ ဖယ်ရှားပါသည်။

(၂.၁၅) ကန်ထရိုက် ပေးရန်တာဝန်များ

ကန်ထရိုက်ပေးရန်တာဝန်သည် ဝယ်သူထံမှ ရရှိခဲ့သည့် အဖိုးစားနား (သို့မဟုတ် အဖိုးစားနားသည် အချိန်စေ့ရောက်သည်) အတွက် ဝယ်သူထံသို့ ကုန်ပစ္စည်း သို့မဟုတ် ဝန်ဆောင်မှုများကိုလွှဲပြောင်းပေးရန် ကုမ္ပဏီအုပ်စု၏တာဝန်ဖြစ်ပါသည်။ ကုမ္ပဏီအုပ်စုမှ ဝယ်သူထံသို့ ကုန်ပစ္စည်းများ သို့မဟုတ် ဝန်ဆောင်မှုများမလွှဲပြောင်းမီ ဝယ်သူတစ်ဦးသည် အဖိုးစားနားပေးမည်ဆိုပါက ကန်ထရိုက်ပေးရန်တာဝန်တစ်ခုကို ငွေပေးချေမှုပြုလုပ်သည့်အခါ သို့မဟုတ် ငွေပေးချေမှုအချိန်စေ့ရောက်သည့်အခါ (စောရာ) အသိအမှတ်ပြုစာရင်းရေးသွင်းပါသည်။ ကုမ္ပဏီအုပ်စုသည် ကန်ထရိုက်ပါတာဝန်ဝတ္တရားများကို ကျေနပ်ဖွယ်ရာဆောင်ရွက်ပြီးစီးသည့်အခါ ကန်ထရိုက်ပေးရန်တာဝန်ကို အသိအမှတ်ပြုစာရင်းရေးသွင်းခြင်းမှ ဖယ်ရှားပြီး ဝင်ငွေစာရင်းတွင် အသိအမှတ်ပြုစာရင်းရေးသွင်းပါသည်။

(၂.၁၆) ငှားရမ်းမှု

ကုမ္ပဏီအုပ်စုသည် စာချုပ်စတင်ချိန်တွင် စာချုပ်တစ်ခုသည် ငှားရမ်းမှု ပါဝင်ခြင်းရှိမရှိ အကဲဖြတ်ပါသည်။ ဆိုလိုသည်မှာ စာချုပ်သည် သတ်မှတ်ထားသောပစ္စည်းတစ်ခု၏ အသုံးပြုခွင့်ကို အချိန်တစ်ခုအတွင်း ထိန်းချုပ်နိုင်စွမ်းရှိစေရန်အတွက် အခကြေးငွေတစ်ရပ်ဖြင့် ပေးအပ်ခြင်းကို ရည်ညွှန်းပါသည်။

ငှားရမ်းသူအနေဖြင့်

(က) အသုံးပြုခွင့်ရှိသောပစ္စည်း

ကုမ္ပဏီအုပ်စုသည် ငှားရမ်းမှုစတင်သည့်နေ့တွင် (ဥပမာ - အရင်းခံပစ္စည်းကို အသုံးပြုနိုင်သည့်နေ့စွဲ) တွင် အသုံးပြုခွင့်ရှိသောပစ္စည်းကို အသိအမှတ်ပြုစာရင်းရေးသွင်းပါသည်။ အသုံးပြုခွင့်ရှိသော ပစ္စည်းကို ကုန်ကျစရိတ်မှ စုစုပေါင်းတန်ဖိုးလျော့နှုန်း တန်ဖိုးကျဆင်းမှုများကိုနုတ်၍ တိုင်းတာတွက်ချက်ပါသည်။ ထို့အပြင် ငှားရမ်းမှုပေးရန်တာဝန်ကို ပြန်လည်တိုင်းတာတွက်ချက်ရာမှ ဖြစ်ပေါ်လာသော ပြင်ဆင်မှုများကိုလည်း ထည့်သွင်းညှိနှိုင်းပါသည်။ အသုံးပြုခွင့်ရှိသော ပစ္စည်း၏စရိတ်တွင် အငှားစာချုပ်စတင်သည့်နေ့တွင် သို့မဟုတ် ထိုနေ့မတိုင်မီတွင်ပေးချေထားသည့် ငှားရမ်းခငွေများကို ညှိနှိုင်းထားသည့် ငှားရမ်းမှုပေးရန်တာဝန်၏ ကနဦးပမာဏမှ လက်ခံရရှိသောငှားရမ်းခ အကျိုးခံစားခွင့်များကို နုတ်ပြီး ငွေပမာဏနှင့် အစပိုင်းတွင် တိုက်ရိုက်ကျခံထားသည့်အသုံးစရိတ်များပါဝင်ပါသည်။ အသုံးပြုခွင့်ရှိသောပစ္စည်းသည် အငှားသက်တမ်း သို့မဟုတ် ပစ္စည်း၏ ခန့်မှန်းအသုံးဝင်နိုင်သောသက်တမ်းအနက်မှ နည်းသည့်ကာလအတွင်း မျဉ်းဖြောင့်နည်းဖြင့် တန်ဖိုးလျော့ပါသည်။ ထို့အပြင် အငှားသက်တမ်း ကုန်ဆုံးသည့်အချိန်တွင် ကုမ္ပဏီအုပ်စုသို့ ငှားရမ်းပစ္စည်း၏ပိုင်ဆိုင်မှုကို လွှဲပြောင်းပါက သို့မဟုတ် ကုန်ကျစရိတ်က ဝယ်ယူခွင့်ရွေးချယ်မှုတစ်ခု၏ အသုံးချမှုကို ရည်ရွယ်ထားသည်ဟု ဖော်ပြနေပါက ပစ္စည်း၏ခန့်မှန်းအသုံးဝင်နိုင်သောသက်တမ်းအပေါ်မူတည်၍ တန်ဖိုးလျော့ချမှုကို တွက်ချက်ပါသည်။ ထို့အပြင် အသုံးပြုခွင့်ရှိသောပစ္စည်း တန်ဖိုးလျော့ကျမှုရှိပါက အချိန်ကာလအလိုက် လျော့ချသတ်မှတ်ပြီး၊ ငှားရမ်းမှုပေးရန်တာဝန်၏အချို့သောပြန်လည်တိုင်းတာမှုအတွက် ထည့်သွင်းညှိနှိုင်းပါသည်။

(ခ) ငှားရမ်းမှုပေးရန်တာဝန်များ

ငှားရမ်းမှုစတင်သောနေ့တွင် ကုမ္ပဏီအုပ်စုသည် ငှားရမ်းသက်တမ်းကာလအတွင်း ပေးချေရမည့်ငှားရမ်းခငွေများ၏ လက်ရှိတန်ဖိုးဖြင့် တိုင်းတာထားသော ငှားရမ်းမှုပေးရန်တာဝန်များကို အသိအမှတ်ပြုစာရင်းရေးသွင်းပါသည်။ အငှားစာချုပ်သက်တမ်းသည် ရပ်ဆိုင်းရန်ရွေးချယ်မှုကိုကျင့်သုံးနေသော ကုမ္ပဏီအုပ်စုကို ထင်ဟပ်စေလျှင် ငှားရမ်းခ ပေးငွေများတွင် ပုံသေပေးချေငွေများမှ (ပစ္စည်းပုံသေပေးချေမှုများအပါအဝင်) လျှော့ဈေးအဖြစ် လက်ခံရရှိမည့် ငှားရမ်းခ အကျိုးခံစားခွင့်များကို နှုတ်ပယ်ထားငွေ၊ အညွှန်းတစ်ခု သို့မဟုတ် နှုန်းထားတစ်ခုအပေါ် မူတည်၍ ပြောင်းလဲနိုင်သော အငှားပေးချေမှုများ၊ကျန်တန်ဖိုးအာမခံချက်များအောက်တွင် ပေးချေရန်မျှော်လင့်ထားသည့် ပမာဏများ၊ ကုမ္ပဏီအုပ်စုအနေဖြင့် ဝယ်ယူခွင့်ကို အသုံးပြုမည်ဟု ကျိုးကြောင်းဆီလျော်စွာ သတ်မှတ်ထားသော ဝယ်ယူမှုတစ်ခု၏ဈေးနှုန်းနှင့် အငှားစာချုပ်ကို ရပ်ဆိုင်းခြင်းအတွက် ပေးရမည့်ဒဏ်ငွေများ ပါဝင်ပါသည်။

အညွှန်းတစ်ခု သို့မဟုတ် နှုန်းထားအပေါ်မူတည်မှုမရှိသော ပြောင်းလဲနိုင်သော ငှားရမ်းခပေးငွေများကို ၎င်းတို့ ပေါ်ပေါက်သည့်ကာလအတွင်း ကုန်ကျစရိတ်အဖြစ် အသိအမှတ်ပြုစာရင်းရေးသွင်းပါသည်။

ငှားရမ်းမှုပေးရန်တာဝန်ကို ထိရောက်သောအတိုးနှုန်းနည်းလမ်းအရ တန်ဖိုးလျော့စရိတ်ဖြင့် တိုင်းတာတွက်ချက်ပါသည်။ အညွှန်းတစ်ခု သို့မဟုတ် နှုန်းထားပြောင်းလဲမှုတစ်ခုမှ ဖြစ်ပေါ်လာသည့် အနာဂတ်ငှားရမ်းခပေးချေမှုများတွင် အပြောင်းအလဲရှိသည့်အခါ ကုမ္ပဏီအုပ်စု၏ကျန်ရှိသောတန်ဖိုးအာမခံချက်ဖြင့်ပေးချေရမည့်ပမာဏ၏ ခန့်မှန်းချက်တွင် အပြောင်းအလဲရှိပါက ကုမ္ပဏီအုပ်စုမှ ဝယ်ယူမှု၊ သက်တမ်းတိုးခြင်း သို့မဟုတ် ရပ်စဲခြင်းရွေးချယ်ခွင့်ကို အသုံးပြုလျှင် သို့မဟုတ် ပြန်လည်ပြင်ဆင်ထားသည့် ပုံသေငှားရမ်းခပေးချေမှုရှိလျှင်ပြန်လည်တိုင်းတာတွက်ချက်ပါသည်။

ဤနည်းဖြင့် ငှားရမ်းမှုပေးရန်တာဝန်ကို ပြန်လည်တိုင်းတာသောအခါ အသုံးပြုခွင့်ရှိသောပစ္စည်းတန်ဖိုး၏ သယ်ဆောင်ပမာဏကိုလည်း အလားတူညှိနှိုင်းမှုပြုလုပ်ပါသည် သို့မဟုတ် အသုံးပြုခွင့်ရှိသောပစ္စည်းတန်ဖိုး၏ သယ်ဆောင်ပမာဏသည် သုည်ပမာဏကိုလျော့သွားပါက အမြတ် သို့မဟုတ် အရှုံးတွင် ရေးသွင်းပါသည်။

(ဂ) ကာလတိုငှားရမ်းမှုနှင့် တန်ဖိုးနည်းပစ္စည်းများ၏ ငှားရမ်းမှု

ကုမ္ပဏီအုပ်စုသည် ကာလတိုငှားရမ်းမှုနှင့် တန်ဖိုးနည်းပစ္စည်းများ၏ ငှားရမ်းမှုအတွက် အသုံးပြုခွင့်ရှိသောပစ္စည်းနှင့် ငှားရမ်းမှုပေးရန်တာဝန်များကို အသိအမှတ်ပြုစာရင်းမရေးသွင်းရန် ရွေးချယ်ထားပါသည်။ ကာလတိုငှားရမ်းခနှင့် တန်ဖိုးနည်းပစ္စည်းများ၏ ငှားရမ်းမှုအပေါ် ငှားရမ်းခပေးငွေများကို ငှားရမ်းမှုသက်တမ်းတစ်လျှောက် မျဉ်းဖြောင့်နည်းဖြင့် ကုန်ကျစရိတ်အဖြစ် အသိအမှတ်ပြုစာရင်းရေးသွင်းပါသည်။

ငှားသူအနေဖြင့်

ကုမ္ပဏီအုပ်စုသည် ပစ္စည်းတစ်ခု၏ ပိုင်ဆိုင်မှုသို့ မတော်တဆဖြစ်နိုင်သော အန္တရာယ်များနှင့် အကျိုးခံစားခွင့်များ အားလုံးကို မည်မည်ရရ လွှဲပြောင်းမပေးသော အငှားများကို လုပ်ငန်းလည်ပတ်ခြင်းအတွက် အငှားချထားမှုအဖြစ် အမျိုးအစားခွဲခြားပါသည်။ ပေါပေါက်လာသောငှားရမ်းခဝင်ငွေကို ငှားရမ်းကာလအတွင်း မျဉ်းဖြောင့်နည်းဖြင့် တွက်ချက်ပြီး ၎င်း၏ လုပ်ငန်းလည်ပတ်မှု သဘောသဘာဝကြောင့် အမြတ် သို့မဟုတ် အရှုံးရှင်းတမ်းတွင် ထည့်သွင်းပါသည်။ လုပ်ငန်းလည်ပတ်ခြင်းအတွက် အငှားချထားမှုတစ်ခုရရှိရေးတွင်ကျခံထားသည့် ကနဦးတိုက်ရိုက်ကုန်ကျစရိတ်များကို ငှားရမ်းထားသော ပစ္စည်း၏သယ်ဆောင်ပမာဏသို့ ပေါင်းထည့်ကာ ငှားရမ်းမှုဝင်ငွေအဖြစ် တူညီသော အခြေခံမူအပေါ် ငှားရမ်းကာလအတွင်း အသုံးစရိတ်အဖြစ် အသိအမှတ်ပြုစာရင်းရေးသွင်းပါသည်။

(၂.၁၇) ထုတ်ဝေပေးသွင်းပြီး အစုရှယ်ယာရင်းနှီးငွေ

သာမန်အစုရှယ်ယာများကို အစုရှင်များ၏ ပိုင်ဆိုင်ခွင့်များအဖြစ် အမျိုးအစားသတ်မှတ်ထားပါသည်။ သာမန်အစု ရှယ်ယာထုတ်ပေးခြင်းနှင့် တိုက်ရိုက်သက်ဆိုင်သော စရိတ်များကို အစုရှင်များ၏ ပိုင်ဆိုင်ခွင့်များမှ နှုတ်၍ အသိအမှတ်ပြုစာရင်းရေးသွင်းပါသည်။ ကျသင့်အခွန်မှန်သမျှ နှုတ်ပြီးသော အသားတင်ဖြစ်ပါသည်။

(၂.၁၈) ချေးယူငွေ

စုပေါင်းဘဏ္ဍာရေးအခြေအနေပြရှင်းတမ်းရေးဆွဲသည့်နေ့ နောက်ပိုင်း အနည်းဆုံး ၁၂ လ ကြာသည်အထိ ရွှေ့ဆိုင်းခွင့်မရှိပါက ကုမ္ပဏီအုပ်စုသည် ချေးယူငွေကို လက်ငင်းပေးရန်တာဝန်အဖြစ်ဖော်ပြပြီး၊ ထိုသို့မဟုတ်ပါက လက်ငင်းမဟုတ်သော ပေးရန်တာဝန်အဖြစ် ဖော်ပြပါသည်။

ချေးယူငွေများကို ကနဦးစာရင်းသွင်းရာတွင် သင့်တင့်မျှတသောတန်ဖိုး (လုပ်ဆောင်မှုကုန်ကျစရိတ်၏အသားတင်) ဖြင့် အသိအမှတ်ပြုစာရင်းရေးသွင်း၍ နောက်ပိုင်းတွင် တန်ဘိုးလျော့ကုန်ကျစရိတ်ဖြင့် စာရင်းသယ်ဆောင်ပါသည်။ ရငွေ (လုပ်ဆောင်မှု ကုန်ကျစရိတ်၏ အသားတင်) နှင့် သတ်မှတ်တန်ဖိုးအကြားကွာခြားချက်ကို ချေးငွေကာလအတွင်း Effective interest method ကို အသုံးပြု၍ အရှုံးအမြတ်စာရင်းတွင် အသိအမှတ်ပြုစာရင်းရေးသွင်းပါသည်။

(၂.၁၉) အမြတ်ဝေစုများ

ကုမ္ပဏီ၏အစုရှယ်ယာရှင်များသို့ အမြတ်ဝေစုများပေးရန် သဘောတူခွင့်ပြုပြီးသည့်အခါမှသာ အမြတ်ဝေစုများကို အသိအမှတ်ပြုစာရင်းရေးသွင်းပါသည်။

(၂.၂၀) ဝန်ထမ်းအကျိုးအမြတ်စရိတ်များ

ဆက်စပ်သောဝန်ဆောင်မှုကိုလုပ်ဆောင်ပေးသောကြောင့် ကာလတိုဝန်ထမ်းအကျိုးခံစားခွင့်များကို ကျခံသုံးစွဲပါသည်။ ကုမ္ပဏီအုပ်စုမှာ ဝန်ထမ်းမှ ယခင်က လုပ်ဆောင်ပေးခဲ့သော ဝန်ဆောင်မှုကြောင့် ဤပမာဏကို ပေးဆောင်ရန် ဥပဒေအရတာဝန်ဝတ္တရား သို့မဟုတ် အပြုသဘောဆောင်သော တာဝန်ဝတ္တရားရှိလျှင်၊ တာဝန်ဝတ္တရားကို ယုံကြည်အားထားစွာ ခန့်မှန်းနိုင်လျှင် ပေးချေရမည့်ပမာဏအတွက် ပေးရန်တာဝန်တစ်ခုကို အသိအမှတ်ပြုစာရင်းရေးသွင်းပါသည်။

(၂.၂၁) လျာထားငွေများ

ကုမ္ပဏီအုပ်စုသည် အတိတ်နှစ်အဖြစ်အပျက်များ၏ အကျိုးရလဒ်အတွက် လက်ရှိတွင်ဥပဒေအရ တာဝန်ရှိသော (သို့မဟုတ်) အပြုသဘောဆောင်၍ ပေးရန်တာဝန်ရှိငွေများကို လျာထားငွေများအဖြစ် စာရင်းသွင်းပါသည်။ ပေးရန်တာဝန်ရှိသောငွေများကို ပေးချေရန်အတွက် လုပ်ငန်း၏အရင်းအမြစ်များ စီးထွက်ရန်အလားအလာရှိပြီး ပေးချေရမည့်ပမာဏကို တိကျသေချာစွာ ခန့်မှန်းနိုင်ရမည်။ အနာဂတ်လုပ်ငန်း၏ဆောင်ရွက်ချက် ဆုံးရှုံးမှုများကို လျာထားငွေစာရင်းများတွင် စာရင်းရေးသွင်းအသိအမှတ်မပြုပါ။

(၂.၂၂) ဝင်ငွေ

ကုန်ပစ္စည်း သို့မဟုတ် ဝန်ဆောင်မှုများ၏ ထိန်းချုပ်မှုကို ကုမ္ပဏီအုပ်စုမှ အဆိုပါ ကုန်စည် သို့မဟုတ် ဝန်ဆောင်မှုများအတွက် လဲလှယ်ခွင့်ရရန် မျှော်မှန်းထားသည့် အဖိုးစားနားကို ထင်ဟပ်စေသည့် ပမာဏတစ်ခုဖြင့် ဝယ်ယူသူထံ လွှဲပြောင်းပေးသည့်အခါ ဝယ်ယူသူများနှင့် စာချုပ်များမှ ရရှိသောဝင်ငွေကို အသိအမှတ်ပြုစာရင်းရေးသွင်းပါသည်။

စာချုပ်တစ်ခုရှိအဖိုးစားနားတွင် ပြောင်းလဲနိုင်သော ပမာဏတစ်ခုပါဝင်ပါက ဝယ်သူထံသို့ ကုန်ပစ္စည်း သို့မဟုတ် ဝန်ဆောင်မှုများကို လွှဲပြောင်းပေးခြင်းအတွက် ကုမ္ပဏီအုပ်စုမှ ခံစားခွင့်ရှိသော အဖိုးစားနားပမာဏကို ကုမ္ပဏီအုပ်စုမှ ခန့်မှန်းပေးပါသည်။

(က) ကုန်ရောင်း

ကုန်စည်ရောင်းချမှုမှရရှိသောဝင်ငွေကို ဝယ်ယူသူသည် ကုန်စည်၏ထိန်းချုပ်မှုရရှိသည့်အချိန်၌ အသိအမှတ်ပြုစာရင်းရေးသွင်းပါသည်။ ယေဘုယျအားဖြင့် ပေးပို့သည့်အချိန်တွင်ဖြစ်သည်။

(ခ) ဝန်ဆောင်မှုဆောင်ရွက်ပေးခြင်း

ဝန်ဆောင်မှုဆောင်ရွက်ပေးခြင်းမှ ရရှိသော ဝင်ငွေကို ဝန်ဆောင်မှုကိုလုပ်ဆောင်ပေးပြီးသော အချိန်မှသာ အသိအမှတ်ပြုစာရင်းရေးသွင်းပါသည်။

(ဂ) ငှားရမ်းခဝင်ငွေ

ငှားရမ်းခဝင်ငွေကို ငှားရမ်းသည့်သက်တမ်းပေါ်တွင်မူတည်၍ မျဉ်းဖြောင့်နည်းဖြင့် အသိအမှတ်ပြု စာရင်းရေးသွင်းပါသည်။

(ဃ) အတိုးဝင်ငွေ

ငွေရေးကြေးရေးဆိုင်ရာ အဖွဲ့အစည်းများတွင် အပ်နှံထားငွေများမှ ဖြစ်ပေါ်လာသောအတိုးဝင်ငွေကို ထိရောက်သော အတိုးနည်းလမ်းကိုအသုံးပြုပြီး အသိအမှတ်ပြုစာရင်းရေးသွင်းပါသည်။

(င) အမြတ်ဝေစု

ပေးချေမှုကိုလက်ခံရရှိရန်ဆိုသည့် အခွင့်အရေးကို အကောင်အထည်ဖော်သောအခါ အမြတ်ဝေစုကို အသိအမှတ်ပြု စာရင်းရေးသွင်းပါသည်။

(၂.၂၃) ချေးယူငွေကုန်ကျစရိတ်များ

ချေးယူငွေကုန်ကျစရိတ်များကို ၎င်းတို့ဖြစ်ပေါ်သည့် ကာလအတွင်း၌သာ အသုံးစရိတ်အဖြစ် အသိအမှတ်ပြုစာရင်း ရေးသွင်းရမည်။ သို့သော် အဆိုပါကုန်ကျစရိတ်များသည် သတ်မှတ်ချက်နှင့်ကိုက်ညီသည့် ရရန်ပိုင်ခွင့်တစ်ခုကို ရယူခြင်း၊ တည်ဆောက်ခြင်း သို့မဟုတ် ထုတ်လုပ်ခြင်းတို့နှင့် တိုက်ရိုက်သက်ဆိုင်နေပါက ၎င်းတို့ကို အဆိုပါရရန်ပိုင်ခွင့်တန်ဖိုး၏ အစိတ်အပိုင်းတစ်ခုအဖြစ် ထည့်သွင်းတွက်ချက်ပါသည်။

(၂.၂၄) ဝင်ငွေခွန်များ

တစ်နှစ်အတွက် ဝင်ငွေခွန် အသုံးစရိတ်တွင် လက်ရှိအခွန်နှင့် ရွှေ့ဆိုင်းအခွန်များ ပါဝင်ပါသည်။ ဝင်ငွေခွန်အသုံးစရိတ်ကို အခြားအလုံးစုံပါဝင်သောဝင်ငွေ သို့မဟုတ် ပိုင်ရှင်၏ပိုင်ဆိုင်ခွင့်တွင် အသိအမှတ်ပြုစာရင်းရေးသွင်းထားသော အမယ်များမှအပ အမြတ် သို့မဟုတ် အရှုံးကို အသိအမှတ်ပြုစာရင်းရေးသွင်းပါသည်။ ယင်းအခြေအနေတွင် အခွန်ကို အခြားအလုံးစုံ ပါဝင်သောဝင်ငွေ သို့မဟုတ် ပိုင်ရှင်၏ပိုင်ဆိုင်ခွင့်တွင်လည်း အသိအမှတ်ပြုစာရင်းရေးသွင်းပါသည်။

လက်ရှိအချိန်နှင့် ယခင်ကာလများအတွက် လက်ရှိအခွန်ကို အခွန်အာဏာပိုင်များထံသို့ ပေးဆောင်ရမည့် သို့မဟုတ် အခွန်အာဏာပိုင်များထံမှ ပြန်လည်ရယူရန်မျှော်မှန်းထားသည့်ပမာဏနှင့် လက်ကျန်ရှင်းတမ်းနေ့ရှိ အတည်ပြုပြဋ္ဌာန်း ထားသော အခွန်နှုန်းထားများနှင့် အခွန်ဥပဒေများကို အသုံးပြု၍ အသိအမှတ်ပြုစာရင်းရေးသွင်းပါသည်။

ရွှေ့ဆိုင်းအခွန်ကို ရပိုင်ခွင့်များနှင့် ပေးရန်တာဝန်များ၏ အခွန်အခြေခံများနှင့် စုပေါင်းဘဏ္ဍာရေးရှင်းတမ်းများတွင် ၎င်းတို့၏သယ်ဆောင်ပမာဏများအကြားတွင် ဖြစ်ပေါ်လာသည့် ယာယီကွာခြားချက်များအားလုံးကို အသိအမှတ်ပြု စာရင်းရေးသွင်းပါသည်။

အနာဂတ်တွင် အခွန်ဆောင်နိုင်သောအမြတ်အစွန်းများကို လျှော့ချရန် မျှော်မှန်းထားသည့် ယာယီကွာခြားချက်များ အားလုံးနှင့် အသုံးမပြုရသေးသည့်အခွန်ခုနှိမ်နိုင်သောအရှုံးပမာဏများ သို့မဟုတ် အသုံးမပြုရသေးသော အခွန်ခရက်ဒစ် များအတွက် ရွှေ့ဆိုင်းအခွန်ရရန်ပိုင်ခွင့်များကို အသိအမှတ်ပြုစာရင်းရေးသွင်းပါသည်။

အနာဂတ်တွင် အခွန်ဆောင်နိုင်သောအမြတ်ငွေ တိုးလာရန် မျှော်လင့်ထားသည့် ယာယီခြားနားချက်များအားလုံးအတွက် ရွှေ့ဆိုင်းအခွန်ပေးရန်တာဝန်များကို အသိအမှတ်ပြုစာရင်းရေးသွင်းပါသည်။

ရွှေဆိုင်းထားသောအခွန်ကို လက်ကျန်ရှင်းတမ်းနေ့ရှိ အတည်ပြုပြဋ္ဌာန်းထားသော သို့မဟုတ် သိသိသာသာ ပြဋ္ဌာန်းထားသည့် အခွန်နှုန်းနှင့် အခွန်ဥပဒေတို့ကို အသုံးပြု၍ ဆုံးဖြတ်ပြီး သက်ဆိုင်သည့် ရွှေဆိုင်းအခွန်ရရန်ပိုင်ခွင့်ကို အသုံးပြုသည့် အခါ သို့မဟုတ် ရွှေဆိုင်းအခွန်ပေးရန်တာဝန်ကို စာရင်းရှင်းသည့်အခါတွင် အသုံးပြုရန် မျှော်လင့်ထားပါသည်။

ဝင်ငွေခွန်အသုံးစရိတ်နှင့် အခွန်အတွက် သက်ဆိုင်သည့် ပြဋ္ဌာန်းချက်များကို ဆုံးဖြတ်ရာတွင် အရေးပါသော ဆုံးဖြတ်ချက်လိုအပ်ပါသည်။ နောက်ဆက်တွဲအခွန်များ ကျသင့်ခြင်းရှိမရှိ ခန့်မှန်းချက်များအပေါ် အခြေခံ၍ မျှော်လင့်ထားသော အခွန်ဆိုင်ရာ ပြဿနာများအတွက် ပေးရန်တာဝန်များကို ကုမ္ပဏီအုပ်စုမှအသိအမှတ်ပြုစာရင်းရေးသွင်းပါသည်။ အဆိုပါ ကိစ္စရပ်များ၏ နောက်ဆုံးအခွန်ရလဒ်သည် ကနဦးမှတ်တမ်းတင်ထားသည့် ပမာဏများနှင့် ကွဲလွဲပါက ထိုသို့သော ကွဲလွဲမှုများသည် ယင်းကဲ့သို့ ဆုံးဖြတ်သည့်ကာလအတွင်း လက်ရှိနှင့် ရွှေဆိုင်းအခွန်ရရန်ပိုင်ခွင့်များနှင့် ပေးရန်တာဝန်များကို အကျိုးသက်ရောက်မှုရှိမည်ဖြစ်ပါသည်။

ထို့အပြင် ရွှေဆိုင်းအခွန်ရရန်ပိုင်ခွင့်များ၏ သယ်ဆောင်ပမာဏကို အစီရင်ခံသည့်နေ့တွင် ပြန်လည်သုံးသပ်ပြီး အနာဂတ်အခွန်စည်းကြပ်နိုင်သောအမြတ်ငွေ၏ လက်ရှိအကဲဖြတ်မှုကို ထင်ဟပ်စေရန် ညှိနှိုင်းထားပါသည်။ လိုအပ်ပါက အသိအမှတ်ပြုစာရင်းရေးသွင်းထားသော ရွှေဆိုင်းအခွန်ရရန်ပိုင်ခွင့်၏ တစ်စိတ်တစ်ပိုင်း သို့မဟုတ် အားလုံးကို အကျိုးရှိအောင် အသုံးချနိုင်စေရန် လုံလောက်သောအခွန်စည်းကြပ်နိုင်သောအမြတ်ငွေ မဖြစ်နိုင်တော့သည့်အတိုင်းအတာအထိ ရွှေဆိုင်းအခွန်ရရန်ပိုင်ခွင့်၏သယ်ဆောင်ပမာဏကို လျှော့ချပါသည်။ လုံလောက်သောအခွန်စည်းကြပ်နိုင်သော အမြတ်ငွေရရှိနိုင်ရန် ဖြစ်နိုင်ချေရှိသည့်အတိုင်းအတာအထိ အဆိုပါလျှော့ချမှုကို ပြောင်းပြန်စာရင်းရေးသွင်းပါသည်။

ရွှေဆိုင်းအခွန်ရရန်ပိုင်ခွင့်များနှင့် ပေးရန်တာဝန်များသည် တူညီသောအခွန်ဦးစီးဌာနမှ ကောက်ခံသော ဝင်ငွေခွန်များနှင့် သက်ဆိုင်သည့်အခါတွင် လက်ရှိအခွန်ရရန်ပိုင်ခွင့်များနှင့် လက်ရှိအခွန်ပေးရန်တာဝန်များကို ခုနှိမ်ရန် ဥပဒေအရအတည်ပြုနိုင်သောအခွင့်အရေးရှိသောအခါ ရွှေဆိုင်းအခွန်ရရန်ပိုင်ခွင့်များနှင့် ပေးရန်တာဝန်များကို ခုနှိမ်ပါသည်။ အဖွဲ့အစည်းတွင်ခုနှိမ်ရန် ဥပဒေအရအတည်ပြုနိုင်သောအခွင့်အရေးရှိပြီး အသားတင်အခြေခံအပေါ်တွင် စာရင်းရှင်းရန် သို့မဟုတ် ရပိုင်ခွင့်ကိုအသုံးပြုရန်နှင့်ပေးရန်တာဝန်ကို တပြိုင်နက်တည်းစာရင်းရှင်းရန်ရည်ရွယ်ထားပါက လက်ရှိအခွန်ရရန်ပိုင်ခွင့်များနှင့်ပေးရန်တာဝန်များကိုခုနှိမ်ပါသည်။

၃။ အရေးပါသော စာရင်းပိုင်းဆိုင်ရာ ဆုံးဖြတ်ချက်များနှင့် ခန့်မှန်းချက်များ

နိုင်ငံတကာစာရင်းကိုင်စံဘုတ်အဖွဲ့မှထုတ်ပြန်ထားသော နိုင်ငံတကာဘဏ္ဍာရေးအစီရင်ခံခြင်းဆိုင်ရာစံများနှင့်အညီ ကုမ္ပဏီအုပ်စု၏ ဘဏ္ဍာရေးရှင်းတမ်းများကို ပြုစုရာတွင် စီမံအုပ်ချုပ်ရေးတွင် တာဝန်ရှိသူများသည် စာရင်းဆိုင်ရာမူဝါဒများနှင့် အစီရင်ခံစာပါရပိုင်ခွင့်များ၊ ပေးရန်တာဝန်များ၊ ဝင်ငွေနှင့် အသုံးစရိတ်များကို အကျိုးသက်ရောက်စေသော ခန့်မှန်းခြေများနှင့်ယူဆချက်များကို ပြုလုပ်ရပါသည်။ အမှန်တကယ်ရလဒ်များသည် ထိုခန့်မှန်းချက်များနှင့်ကွဲလွဲကောင်းကွဲလွဲနိုင်ပါသည်။

ခန့်မှန်းခြေများနှင့် ယူဆချက်များကို စဉ်ဆက်မပြတ် ပြန်လည်စိစစ်ပါသည်။ စာရင်းဆိုင်ရာခန့်မှန်းချက်များ ပြန်လည်စိစစ်ခြင်းများကို ယင်းသို့ပြန်လည်စိစစ်သည့်နှစ်နှင့် အကျိုးသက်ရောက်မှုရှိသော လာမည့်နှစ်များတွင် အသိအမှတ်ပြုစာရင်းရေးသွင်းပါသည်။

အခြေခံအဆောက်အဦများ ဖွံ့ဖြိုးတိုးတက်မှု ကုန်ကျစရိတ်

မြေနှင့်ပတ်သက်သော အခြေခံအဆောက်အဦများ ဖွံ့ဖြိုးတိုးတက်ရေး ကုန်ကျစရိတ်များကို ဆောက်လုပ်ရေးနှစ် အတွင်းတွင် ကုန်လက်ကျန်အဖြစ် စာရင်းဖော်ဆောင်သည်။ ထိုမြေဖွံ့ဖြိုးတိုးတက်မှုများကို ဝင်ငွေအဖြစ် အချိုးကျ ခွဲဝေ၍ စုပေါင်းဝင်ငွေအလုံးစုံပါဝင်သောရှင်းတမ်းတွင် အသိအမှတ်ပြုစာရင်းရေးသွင်းပါသည်။

အခြေခံအဆောက်အဦများ ဖွံ့ဖြိုးတိုးတက်ရေးကုန်ကျစရိတ်များတွင် ရရှိခဲ့ပြီးသော ကန်ထရိုက်များနှင့် အနာဂတ် ကန်ထရိုက်များ၏ ခန့်မှန်းတွက်ချက်ခြင်းတို့ ပါဝင်ပါသည်။ စုစုပေါင်းကုန်ကျစရိတ်ကို ကျွမ်းကျင်သော ကြီးကြပ် စစ်ဆေးသူ တတိယလူမှ ခန့်မှန်းခြင်းနှင့် ကာလအပိုင်းအခြားအလိုက် အတွင်းကျကျ ပြန်လည်အတည်ပြုခြင်းကို လုပ်ဆောင်ပါသည်။

ဖွံ့ဖြိုးတိုးတက်မှုကုန်ကျစရိတ်၏ နောက်ဆုံးပေးချေမှုနှင့် မြေယာနှင့်သက်ဆိုင်သော အခြားကုန်ကျစရိတ်တို့သည် စီမံအုပ်ချုပ်သူ၏ အကောင်းဆုံးခန့်မှန်းမှုပေါ်တွင် မူတည်ပါသည်။ ထိုနောက်ဆုံးပေးချေမှုနှင့် မြေယာနှင့်သက်ဆိုင်သော အခြားကုန်ကျစရိတ်တို့သည် ကနဦးခန့်မှန်းမှုနှင့် ကွာခြားနေပါက ၎င်းဖွံ့ဖြိုးတိုးတက်မှုကုန်ကျစရိတ်နှင့် အခြားကုန်ကျစရိတ် အတိုးအလျော့တိုင်းသည် လာမည့်နှစ်များ၏ အရှုံး၊ အမြတ်ပေါ်တွင် သက်ရောက်မှုရှိလိမ့်မည်။

၄။ လက်ရှိဘဏ္ဍာရေးနှစ်တွင် အရေးပါသောပြောင်းလဲမှုများ

ကုမ္ပဏီအုပ်စု၏ဘဏ္ဍာရေးအခြေအနေနှင့် ဆောင်ရွက်ချက်ကို ဘဏ္ဍာရေးနှစ်အတွင်း အောက်ပါဖြစ်ရပ်များနှင့် လုပ်ဆောင်ချက်များက အထူးသဖြင့် အကျိုးသက်ရောက်စေခဲ့ပါသည်။

- ယခုနှစ်အတွင်း (၁၀) နှစ်မြောက် စီမံခန့်ခွဲမှုအခကြေးငွေများရရှိခြင်း၊ ဆိုလာရောင်းချမှုအတွက် ရောင်းချသူထံမှ ကော်မရှင်ခများရရှိခြင်းနှင့် လူနေဆိုင်ခန်း (၄)ခု ရောင်းချခြင်းမှ ဝင်ငွေများရရှိခဲ့သော်လည်း ကုန်သွယ်မှုလုပ်ငန်းများ မရှိခဲ့ခြင်းကြောင့် ဝင်ငွေများလျော့နည်းလာခြင်း။
- ယခုနှစ်အတွင်း သီလဝါအထူးစီးပွားရေးဇုန်စီမံခန့်ခွဲမှုကော်မတီသို့ (၁၀) နှစ်မြောက် စီမံခန့်ခွဲမှုအခကြေးငွေများ ပေးချေခြင်းနှင့် ရောင်းချခဲ့သည့် လူနေဆိုင်ခန်း (၄)ခု၏ ကုန်ကျစရိတ်များရှိသော်လည်း ကုန်သွယ်မှုလုပ်ငန်းများ မရှိခဲ့ခြင်းကြောင့် ကုန်ရောင်းတန်ဖိုးလျော့နည်းလာခြင်း။
- ယခင်နှစ်နှင့်နှိုင်းယှဉ်ပါက ယခုနှစ်အတွင်း နိုင်ငံခြားငွေလဲလှယ်နှုန်း သိသိသာသာ အတက်အကျမရှိခြင်းနှင့် နိုင်ငံခြားငွေဖြင့် အရောင်းအဝယ်ပြုလုပ်မှုများနှင့် လက်ကျန်ငွေများ လျော့နည်းသွားခြင်းတို့ကြောင့် အခြားအမြတ်များ လျော့နည်းသွားခြင်း။
- ယခင်နှစ်နှင့်နှိုင်းယှဉ်ပါက ယခုနှစ်အတွင်းတွင် အဓိကအရေးပါသော စီမံအုပ်ချုပ်သူများအတွက် အခကြေးငွေများနှင့် ဆုကြေးငွေများ ပိုမိုပေးချေခဲ့ရသော်လည်း အလှူငွေကုန်ကျစရိတ်များ လျော့နည်းသွားခြင်းနှင့် ဒါရိုက်တာဆုကြေးငွေများ ပေးချေမှုမရှိခြင်းတို့ကြောင့် စီမံခန့်ခွဲမှုစရိတ်များ လျော့နည်းလာခြင်း။
- ရင်းနှီးမြှုပ်နှံထားသော တွဲဖက်ကုမ္ပဏီ၏ လုပ်ငန်းဆောင်ရွက်မှုရလဒ်များ တိုးလာသောကြောင့် အချိုးကျအသားတင်အမြတ်ငွေ တိုးလာခြင်း၊
- ယခင်နှစ်နှင့်နှိုင်းယှဉ်ပါက ယခုနှစ်အတွင်းတွင် အခွန်ပေးဆောင်ရမည့်အမြတ်ငွေ လျော့နည်းသွားခြင်းကြောင့် ဝင်ငွေခွန်စရိတ် လျော့နည်းလာခြင်း။
- အနာဂတ် စီမံကိန်းအတွက် မြေကွက်များ ဝယ်ယူခြင်းနှင့် တည်ဆောက်ဆဲနေရောင်ခြည်စွမ်းအင်စီမံကိန်းအတွက် ငွေပေးချေမှုများ ပြုလုပ်ခဲ့ခြင်းတို့ကြောင့် မြေ၊ အဆောက်အဦ၊ စက်နှင့် စက်ပစ္စည်းကိရိယာ တိုးလာခြင်း။

- ယခုနှစ်အတွင်း တွဲဖက်ကုမ္ပဏီထံမှ အချိုးကျအသားတင်အမြတ်ငွေ ရရှိခဲ့ခြင်းကြောင့် တွဲဖက်ကုမ္ပဏီတွင် ရင်းနှီးမြှုပ်နှံမှုငွေတိုးလာခြင်း။
- ရင်းနှီးမြှုပ်နှံထားသောပိုင်ဆိုင်ပစ္စည်းမှ လူနေဆိုင်ခန်းများကို ကုန်လက်ကျန်များအဖြစ်သို့ (အသုံးပြုမှုပုံစံပြောင်းလဲသွားခြင်းကြောင့်) ပြောင်းလဲခြင်းကြောင့် ရင်းနှီးမြှုပ်နှံထားသော ပိုင်ဆိုင်ပစ္စည်း လျော့နည်းလာခြင်း။
- အရစ်ကျရောင်းချသည့် အရောင်းပမာဏ ပိုမိုများပြားလာခြင်းကြောင့် အရစ်ကျရောင်းချခြင်းမှ အသားတင်ရရန်ရှိတိုးလာခြင်း။
- ချေးငွေရယူခြင်းအတွက် CB Bank PCL တွင် ထားရှိသောစာရင်းသေအပ်ငွေ အမေရိကန်ဒေါ်လာ ၁.၄၀ သန်းအား အာမခံအဖြစ် ထားရှိရခြင်းကြောင့် ထုတ်ယူခွင့်ကန့်သတ်ထားသောစာရင်းသေအပ်ငွေ တိုးလာခြင်း။
- CB Bank PCL ထံမှ ချေးငွေရရှိခြင်းနှင့် လူနေဆိုင်ခန်းများ ရောင်းချမှုမှ ငွေရရှိမှုများ ရှိခဲ့သော်လည်း မြေကွက်များ ဝယ်ယူခြင်း၊ အမြတ်ဝေစုနှင့် ဝင်ငွေခွန်များ ပေးချေခြင်း၊ ထုတ်ယူခွင့်ကန့်သတ်ထားသောစာရင်းသေအပ်ငွေစာရင်းသို့ စာရင်းပြန်လည်ညှိနှိုင်းခြင်းနှင့် နေရောင်ခြည်စွမ်းအင်စီမံကိန်းအတွက် ငွေပေးချေမှုများ ပြုလုပ်ခဲ့ခြင်းတို့ကြောင့် ငွေနှင့် ငွေသားညီမျှခြင်းများ လျော့နည်းလာခြင်း။
- နေရောင်ခြည်စွမ်းအင်စီမံကိန်းအတွက် ယာယီစိုက်ထုတ်ပေးထားသော ကြိုတင်ပေးငွေများ ပြန်လည်ရရှိခြင်းနှင့် တွဲဖက်ကုမ္ပဏီထံမှ စီမံခန့်ခွဲမှုအခကြေးငွေများ ကောက်ခံရရှိခြင်းတို့ကြောင့် ကုန်သွယ်မှုနှင့် အခြားရရန်ရှိများ လျော့နည်းလာခြင်း။
- လူနေဆိုင်ခန်း (၄) ခု၏ ကုန်ကျစရိတ်များကို ကုန်ရောင်းတန်ဘိုးတွင် အသိအမှတ်ပြုစာရင်းရေးသွင်းခဲ့သော်လည်း ရင်းနှီးမြှုပ်နှံထားသောပိုင်ဆိုင်ပစ္စည်းမှ လူနေဆိုင်ခန်းများကို ကုန်လက်ကျန်များအဖြစ်သို့ (အသုံးပြုမှုပုံစံပြောင်းလဲသွားခြင်းကြောင့်) ပြောင်းလဲခြင်းကြောင့် ကုန်လက်ကျန်များ တိုးလာခြင်း။
- နေရောင်ခြည်စွမ်းအင်စီမံကိန်းအတွက် CB Bank PCL ထံမှ ချေးငွေရယူခဲ့ခြင်းကြောင့် ချေးငွေများ တိုးလာခြင်း။
- လူနေဆိုင်ခန်းများအတွက် ၁၀% ကြိုတင်ငွေပေးချေမှုများ လက်ခံရရှိခဲ့ခြင်းကြောင့် ဝယ်သူများထံမှ ကြိုတင်ရငွေများ တိုးလာခြင်း။
- ချေးငွေအပေါ် ပေးရန်ရှိသော အတိုးများနှင့် နေရောင်ခြည်စွမ်းအင်စီမံကိန်းအတွက် ပေးရန်ရှိသော ၅% အာမခံထိန်းသိမ်းငွေများ တိုးလာသော်လည်း ငလျင်ဘေးသင့်ကယ်ဆယ်ရေးအတွက် လှူဒါန်းငွေပေးလှူခဲ့ခြင်းကြောင့် ကုန်သွယ်မှုနှင့် အခြားပေးရန်ရှိငွေများ လျော့နည်းလာခြင်း။
- ယခုနှစ်အတွင်း အခွန်ပေးဆောင်ရမည့် အမြတ်ငွေလျော့နည်းသွားခြင်းကြောင့် အခွန်လျာထားချက်များ လျော့နည်းလာခြင်း။

၅။ အစိတ်အပိုင်းအချက်အလက်များ

စီမံအုပ်ချုပ်ရေးတွင် တာဝန်ရှိသူများသည် မဟာဗျူဟာဆုံးဖြတ်ချက်များချရာတွင် အသုံးပြုသည့် အဓိကကျသော စီမံအုပ်ချုပ်မှုအဖွဲ့မှ ပြန်လည်သုံးသပ်ထားသော အစီရင်ခံစာများအပေါ် အခြေခံ၍ လုပ်ငန်းဆောင်ရွက်မှုအစိတ်အပိုင်းများကို ဆုံးဖြတ်ပါသည်။ အဓိကကျသောစီမံအုပ်ချုပ်မှုအဖွဲ့တွင် ဥက္ကဋ္ဌ၊ အမှုဆောင်အရာရှိချုပ်၊ ဘဏ္ဍာရေး အရာရှိချုပ်နှင့် လုပ်ငန်းတစ်ခုစီ၏ အကြီးအကဲများသည် သက်ဆိုင်ရာလုပ်ငန်းအလိုက် ဥက္ကဋ္ဌထံ တိုက်ရိုက်တင်ပြသော လုပ်ငန်းအကြီးအကဲများ ပါဝင်ပါသည်။

နိုင်ငံတကာဘဏ္ဍာရေးအစီရင်ခံခြင်းစံ ၈ ခေါင်းစဉ်အောက်ရှိ ကုမ္ပဏီအုပ်စု၏ အစီရင်ခံသည့်အစိတ်အပိုင်းများမှာ အောက်ပါအတိုင်းဖြစ်ပါသည်။

၁။ ရင်းနှီးမြှုပ်နှံမှုအစိတ်အပိုင်းသည် လက်အောက်ခံကုမ္ပဏီနှင့် တွဲဖက်ကုမ္ပဏီတွင် ရင်းနှီးမြှုပ်နှံခြင်းနှင့် တွဲဖက်ကုမ္ပဏီ၏ စီမံအုပ်ချုပ်ရေးအပိုင်းတွင် ပါဝင်ဆောင်ရွက်ခြင်းတို့ဖြစ်ပါသည်။

၂။ လူနေအိမ်ခြံမြေအစိတ်အပိုင်းသည် အိမ်ရာဖွံ့ဖြိုးရေးလုပ်ငန်း၊ တည်ဆောက်ထားပြီးသော လူနေအိမ်နှင့် မြေများ ရောင်းချခြင်း၊ အိမ်ခြံမြေစီမံခန့်ခွဲရေး ဝန်ဆောင်မှုများနှင့် အိမ်ခြံမြေ အငှားချလုပ်ငန်းများ ဆောင်ရွက်ခြင်းတို့ ဖြစ်ပါသည်။

အောက်ပါဇယားများသည် ၂၀၂၆ ခုနှစ်၊ မတ်လ (၃၁) ရက်နေ့နှင့် ၂၀၂၅ ခုနှစ်၊ မတ်လ (၃၁) ရက်နေ့ ကုန်ဆုံးသော နှစ်အတွက် ကုမ္ပဏီအုပ်စု၏ လုပ်ငန်းဆောင်ရွက်မှုအစိတ်အပိုင်းများအတွက် ဝင်ငွေနှင့် အမြတ်/ (အရှုံး) အချက်အလက်များကို တင်ပြပါသည်။

	အစီရင်ခံသည့်အစိတ်အပိုင်း				
၂၀၂၆ ခုနှစ်၊ မတ်လ (၃၁) ရက်နေ့၊ ကုန်ဆုံးသောနှစ်	**ရင်းနှီးမြှုပ်နှံမှု**	**လူနေအိမ်ခြံမြေ**	**စုစုပေါင်း အစီရင်ခံသည့် အစိတ်အပိုင်းများ**	**စာရင်းညှိနှိုင်းမှုများနှင့် စာရင်းရှင်းလင်းမှုများ**	**စုစုပေါင်း**
			မြန်မာကျပ်ငွေ (ကျပ်ထောင်ပေါင်း)		
ဝင်ငွေ					
ပြင်ပဝယ်ယူသူ	၇,၅၄၄,၃၅၃	၃,၁၉၀,၆၁၉	၁၀,၇၃၄,၉၇၂	–	၁၀,၇၃၄,၉၇၂
အစိတ်အပိုင်းအချင်းချင်း	–	–	–	–	–
စုစုပေါင်းဝင်ငွေ	၇,၅၄၄,၃၅၃	၃,၁၉၀,၆၁၉	၁၀,၇၃၄,၉၇၂	–	၁၀,၇၃၄,၉၇၂
ရလဒ်					
အခွန်မဆောင်မီအစိတ်အပိုင်း အမြတ်/ (အရှုံး)	၁၁,၅၅၁,၅၂၈	၅၆၈,၂၆၇	၁၂,၁၁၉,၇၉၅	၂၀,၉၄၀	၁၂,၁၄၀,၇၃၅

၂၀၂၅ ခုနှစ်၊ မတ်လ (၃၁) ရက်နေ့၊ ကုန်ဆုံးသောနှစ်	**ရင်းနှီးမြှုပ်နှံမှု**	**လူနေအိမ်ခြံမြေ**	**စုစုပေါင်း အစီရင်ခံသည့် အစိတ်အပိုင်းများ**	**စာရင်းညှိနှိုင်းမှုများနှင့် စာရင်းရှင်းလင်းမှုများ**	**စုစုပေါင်း**
			မြန်မာကျပ်ငွေ (ကျပ်ထောင်ပေါင်း)		
ဝင်ငွေ					
ပြင်ပဝယ်ယူသူ	၁၉,၃၇၇,၃၀၇	၇၁၈,၅၃၃	၂၀,၀၉၅,၈၄၀	–	၂၀,၀၉၅,၈၄၀
အစိတ်အပိုင်းအချင်းချင်း	–	–	–	–	–
စုစုပေါင်းဝင်ငွေ	၁၉,၃၇၇,၃၀၇	၇၁၈,၅၃၃	၂၀,၀၉၅,၈၄၀	–	၂၀,၀၉၅,၈၄၀
ရလဒ်					
အခွန်မဆောင်မီအစိတ်အပိုင်း အမြတ်/ (အရှုံး)	၁၃,၃၇၅,၁၂၀	၁,၃၄၄,၀၁၀	၁၄,၇၁၉,၃၃၀	၂၇,၀၃၄	၁၄,၇၄၆,၃၆၄

အောက်ဖော်ပြပါဇယားများသည် ၂၀၂၆ ခုနှစ်၊ မတ်လ (၃၁) ရက်နေ့နှင့် ၂၀၂၅ ခုနှစ်၊ မတ်လ (၃၁) ရက်နေ့ရှိ ကုမ္ပဏီအုပ်စု၏ လုပ်ငန်းဆောင်ရွက်မှုအစိတ်အပိုင်းများအတွက် ရပိုင်ခွင့်များနှင့် ပေးရန်တာဝန်များကို တင်ပြပါသည်။

	အစီရင်ခံသည့်အစိတ်အပိုင်း				
	ရင်းနှီးမြှုပ်နှံမှု	လူနေအိမ်ခြံမြေ	စုစုပေါင်း အစီရင်ခံသည့် အစိတ်အပိုင်းများ	စာရင်းညှိနှိုင်းမှုများနှင့် စာရင်းရှင်းလင်းမှုများ	စုစုပေါင်း
	မြန်မာကျပ်ငွေ (ကျပ်ထောင်ပေါင်း)				
ရပိုင်ခွင့်များ					
၂၀၂၆ ခုနှစ်၊ မတ်လ (၃၁) ရက်	**၉၃,၉၆၃,၉၇၃**	**၄၉,၈၄၄,၃၇၀**	**၁၄၃,၈၀၈,၃၄၃**	**(၂၆,၉၆၉,၁၀၄)**	**၁၁၆,၈၃၉,၂၃၉**
၂၀၂၅ ခုနှစ်၊ မတ်လ (၃၁) ရက်	၉၂,၂၉၄,၁၆၂	၄၀,၆၃၉,၉၃၇	၁၃၂,၉၃၄,၀၉၉	(၂၆,၉၉၀,၀၄၄)	၁၀၅,၉၄၄,၀၅၅
ပေးရန်တာဝန်များ					
၂၀၂၆ ခုနှစ်၊ မတ်လ (၃၁) ရက်	**၂,၄၇၇,၈၀၅**	**၈,၉၀၃,၆၁၈**	**၁၁,၃၈၁,၄၂၃**	**(၂၉၁)**	**၁၁,၃၈၁,၁၃၂**
၂၀၂၅ ခုနှစ်၊ မတ်လ (၃၁) ရက်	၄,၂၁၂,၈၈၁	၃၀၂,၆၁၅	၄,၅၁၅,၄၉၆	(၂၉၁)	၄,၅၁၅,၂၀၅

အစီရင်ခံသည့်အစိတ်အပိုင်းအမြတ်/ (အရှုံး) ကိုက်ညီရှင်းတမ်း

မြန်မာကျပ်ငွေ (ကျပ်ထောင်ပေါင်း)	**၂၀၂၆**	၂၀၂၅
အစီရင်ခံသည့်အစိတ်အပိုင်းများအတွက် စုစုပေါင်းအခွန်မနှုတ်မီ အသားတင်အမြတ်/ (အရှုံး)	**၁၂,၁၁၉,၇၉၅**	၁၄,၇၁၉,၃၃၀
စာရင်းညှိနှိုင်းမှုများနှင့် စာရင်းရှင်းလင်းမှုများ		
- မပေါ်ပေါက်ခဲ့သောအမြတ်စာရင်းညှိနှိုင်းမှု	**၂၀,၉၄၀**	၂၇,၀၃၄
အခွန်မနှုတ်မီ အမြတ်/ (အရှုံး)	**၁၂,၁၄၀,၇၃၅**	၁၄,၇၄၆,၃၆၄

၆။ Financial instruments and financial risks

Overview

ကုမ္ပဏီအုပ်စုမှ ရင်ဆိုင်ခဲ့ရသော အဓိကဘဏ္ဍာရေးဆိုင်ရာ ဆုံးရှုံးနိုင်ခြေအန္တရာယ်များနှင့် အဓိကငွေကြေးဆိုင်ရာ လုပ်ဆောင်ချက်နှင့် သက်ဆိုင်သောမူဝါဒများမှာ အောက်ပါအတိုင်းဖြစ်ပါသည်။

- Foreign exchange risk
- Credit risk
- Market risk
- Liquidity and cash flows risk

ဤမှတ်စုသည် ကုမ္ပဏီအုပ်စုမှ ကြုံတွေ့နိုင်သော အထက်ဖော်ပြပါ ဆုံးရှုံးနိုင်ခြေ အန္တရာယ်တစ်ခုစီအတွက် သတင်းအချက်အလက်များ၊ အဆိုပါ ဆုံးရှုံးနိုင်ခြေ အန္တရာယ်များကို တိုင်းတာရန်နှင့် စီမံခန့်ခွဲရန်အတွက် ကုမ္ပဏီအုပ်စုမှ ချမှတ်ထားသော ရည်မှန်းချက်များ၊ မူဝါဒများနှင့် လုပ်ငန်းစဉ်များကို တင်ပြထားပါသည်။

Foreign exchange risk

ကုမ္ပဏီအုပ်စုသည် နိုင်ငံခြားငွေကြေးဖြင့် စာရင်းသွင်းထားသော ရပိုင်ခွင့်နှင့် ပေးရန်တာဝန်များအတွက် နိုင်ငံခြားငွေလဲလှယ်မှုနှင့် ပတ်သက်သည့် ဆုံးရှုံးနိုင်ခြေ အန္တရာယ်များကို ကြုံတွေ့နိုင်ပါသည်။ နိုင်ငံခြားငွေလဲလှယ်နှုန်း အတက်အကျဖြစ်ခြင်းကြောင့် သိသာထင်ရှားသော ဘဏ္ဍာရေးဆိုင်ရာ ဆုံးရှုံးနိုင်ခြေ အန္တရာယ်များ ဖြစ်ပေါ်လာနိုင်ပါသည်။ အဆိုပါ ဆုံးရှုံးမှုများသည် ကုမ္ပဏီအုပ်စု၏ ဝင်ငွေအလုံးစုံပါဝင်သောရှင်းတမ်းရှိ အမှန်ပေါ်ပေါက်လာသော နိုင်ငံခြားငွေလဲလှယ်မှု အမြတ်/ အရှုံး စာရင်းတွင် အကြီးမားဆုံးသောအပိုင်းအဖြစ် ပါဝင်လာနိုင်ပါသည်။

သတ်မှတ်ဖော်ပြတန်ဖိုး (notional amount) ကို အခြေခံပြီး ကုမ္ပဏီအုပ်စုမှ ကြုံတွေ့နိုင်သော နိုင်ငံခြားငွေလဲလှယ်မှုနှင့်ပတ်သက်သည့် ဆုံးရှုံးနိုင်ခြေ အန္တရာယ်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်။

မြန်မာကျပ်ငွေ (ကျပ်ထောင်ပေါင်း)	၂၀၂၆	၂၀၂၅
ထုတ်ယူခွင့်ကန့်သတ်ထားသောစာရင်းသေအပ်ငွေ	**၅,၁၂၁,၂၀၀**	-
ငွေနှင့်ငွေသားညီမျှခြင်းများ	**၁၁၆,၂၂၃**	၅,၀၄၀,၂၀၁
ကုန်သွယ်မှုနှင့်အခြားရရန်ရှိများ	**-**	၄၀၁,၅၈၄
ကုန်သွယ်မှုနှင့်အခြားပေးရန်ရှိများ	**(၆၂)**	(၅၈)
ဝယ်သူများထံမှကြိုတင်ရငွေများ	**(၉၁၅)**	(၉၀၀)
အသားတင်ငွေကြေးပိုင်ဆိုင်မှု	**၅,၂၃၆,၄၄၆**	၅,၄၄၀,၈၂၇

Foreign currency sensitivity

အောက်ဖော်ပြပါ ခွဲခြမ်းစိတ်ဖြာစီစစ်ချက်တွင် မြန်မာကျပ်ငွေ ၁၀% အတိုး/ အလျော့ ဖြစ်ပေါ်မှုအပေါ် သက်ဆိုင်ရာ နိုင်ငံခြားငွေကြေးများ၏ အထိအခိုက်ခံနိုင်မှု အသေးစိတ်ကို ဖော်ပြထားသည်။ ၁၀% သည် အထိအခိုက်ခံနိုင်မှုနှုန်း အဖြစ် နိုင်ငံခြားငွေလဲလှယ်မှုနှင့်ပတ်သက်သည့် ကြုံတွေ့နိုင်သော ဆုံးရှုံးနိုင်ခြေ အန္တရာယ်များကို သော့ချက်ကျသော စီမံအုပ်ချုပ်သူများသို့ လုပ်ငန်းအတွင်း သတင်းပို့ရာတွင် အသုံးပြုသောနှုန်း ဖြစ်သည့်အပြင် နိုင်ငံခြားငွေလဲလှယ်နှုန်း အပြောင်းအလဲ ဖြစ်နိုင်ချေ ရှိ၊ မရှိ စီမံအုပ်ချုပ်သူများ၏ အကဲဖြတ်မှုကိုလည်း ကိုယ်စားပြုပါသည်။ စီမံအုပ်ချုပ်သူများမှ ကျိုးကြောင်းဆီလျော်စွာ ဖြစ်နိုင်သည်ဟု ယူဆသည့် နိုင်ငံခြားငွေလဲလှယ်နှုန်း အပြောင်းအလဲသည် ဘဏ္ဍာရေးနှစ်ကုန်ဆုံးချိန်ရှိ နိုင်ငံခြားငွေကြေးဖြင့် ဖော်ပြထားသော ပမာဏ မပြောင်းလဲသည့် လက်ကျန်များအပေါ် သက်ရောက်မှု ရှိပါသည်။ အထိအခိုက်ခံနိုင်မှု စီစစ်ချက်တွင် ဘဏ္ဍာရေးနှစ်ကုန်ဆုံးချိန်ရှိ ငွေကြေးအားဖြင့် တည်ငြိမ်စွာဖော်ပြနိုင်သောအရာများကို နိုင်ငံခြားငွေကြေးဖြင့် ဖော်ပြထားသောလက်ကျန်များပါဝင်ပြီး နိုင်ငံခြားငွေလဲလှယ်နှုန်း ၁၀% ပြောင်းလဲမှုအတွက် ဘဏ္ဍာရေးနှစ်ကုန်ဆုံးချိန်ရှိ ငွေကြေးပြောင်းလဲသတ်မှတ်မှုကို ညှိနှိုင်းထားပါသည်။

အမေရိကန်ဒေါ်လာသည် လုပ်ငန်းလုပ်ဆောင်သည့် ငွေကြေးတန်ဖိုးထက် ၁၀% အားကောင်းလာပါက ဘဏ္ဍာရေးနှစ်များအတွက် အခွန်မလျာထားမီ အမြတ်သည် အောက်ပါအတိုင်း တိုးလာပါသည်။

မြန်မာကျပ်ငွေ (ကျပ်ထောင်ပေါင်း)	**အခွန်မလျာထားမီ အမြတ်**
၂၀၂၆ ခုနှစ်၊ မတ်လ (၃၁) ရက်	
အမေရိကန်ဒေါ်လာ ၁၀% အားကောင်းလာခြင်း	**၅၂၃,၆၄၅**
၂၀၂၅ ခုနှစ်၊ မတ်လ (၃၁) ရက်	
အမေရိကန်ဒေါ်လာ ၁၀% အားကောင်းလာခြင်း	၅၄၄,၀၈၃

အမေရိကန်ဒေါ်လာသည် လုပ်ငန်းလုပ်ဆောင်သည့် ငွေကြေးတန်ဖိုးအောက် ၁၀% လျော့နည်းသွားပါက ဘဏ္ဍာရေးနှစ်များ၏ အခွန်မလျာထားမီအမြတ်အပေါ်တွင် ပြောင်းပြန်အကျိုးသက်ရောက်မှုရှိမည်ဖြစ်ပါသည်။

Credit risk

ကြွေးမြီနှင့်ပတ်သက်သည့် ဆုံးရှုံးနိုင်ခြေအန္တရာယ်သည် ကုမ္ပဏီအုပ်စုနှင့် ပြင်ပလုပ်ငန်းအပ်နှံသူများထံမှ ကုမ္ပဏီအုပ်စု၏ ရရန်ရှိသည့်ငွေများကြောင့် အဓိကဖြစ်ပေါ်ပြီး လုပ်ငန်းအပ်နှံသူတစ်ဦး သို့မဟုတ် မိတ်ဖက်တစ်ဦးမှ ၎င်းတို့၏ ငွေကြေးဆိုင်ရာစာချုပ်ပါ တာဝန်ဝတ္တရားများကို လိုက်နာရန် ပျက်ကွက်ခဲ့လျှင် ကုမ္ပဏီအုပ်စုအတွက် ဘဏ္ဍာရေးဆိုင်ရာ ဆုံးရှုံးမှုများဖြစ်ပေါ်နိုင်သည့် အန္တရာယ် ဖြစ်ပါသည်။ ကုမ္ပဏီတွင်း စာရင်းစစ်အဖွဲ့သည် ကြွေးမြီနှင့် ပတ်သက်သည့် ဆုံးရှုံးနိုင်ခြေအန္တရာယ် ဖြစ်ပေါ်နိုင်ချေ ရှိ၊ မရှိကို သုံးသပ်ရန်အတွက် လက်ရှိ စုပေါင်းဘဏ္ဍာရေးရှင်းတမ်းများကို အမြဲပြန်လည် သုံးသပ်လျက် ရှိပါသည်။

Trade receivables

ကုမ္ပဏီအုပ်စုတွင် ကြွေးမြီနှင့်ပတ်သက်သော မူဝါဒတစ်ခုထားရှိပြီး ဖောက်သည်များအတွက် ကြွေးမြီ ကန့်သတ်ချက်များကို ချမှတ်ထားသည့်အပြင် ၎င်းတို့၏ လက်ကျန်ငွေများကို စိမံအုပ်ချုပ်သူများမှ စဉ်ဆက်မပြတ် စောင့်ကြည့်လျက် ရှိပါသည်။ ကြွေးမြီအကဲဖြတ်မှုကို ဖောက်သည်များအားလုံးအတွက် ဆောင်ရွက်ခဲ့ပြီး ၎င်းတို့၏ ကြွေးမြီပြန်ဆပ်နိုင်မှုအတိုင်းအတာနှင့် ကုမ္ပဏီအုပ်စုသို့ ယခင်ကာလများတွင် ကြွေးမြီ ပေးဆပ်ခဲ့မှုများကိုပါ ထည့်သွင်းစဉ်းစားပါသည်။

အောက်ပါ အကျဉ်းချုပ်ဖော်ပြချက်သည် ကုမ္ပဏီအုပ်စု၏ ကုန်သွယ်မှုရရန်ရှိများအပေါ် ကြွေးမြီနှင့်ပတ်သက်၍ ကြုံတွေ့နိုင်သည့် ဆုံးရှုံးနိုင်ခြေအန္တရာယ်အချက်အလက်များကို ဖော်ပြထားပါသည်။

၂၀၂၆ ခုနှစ်၊ မတ်လ (၃၁) ရက်	လက်ငင်း	၁ ရက် - ၃၀ ရက် အတွင်း ရက်လွန်ခြင်း	၃၁ ရက်- ၉၀ ရက် အတွင်း ရက်လွန်ခြင်း	၉၁ ရက် - ၁၈၀ ရက် အတွင်း ရက်လွန်ခြင်း	ရက်ပေါင်း ၁၈၀ နှင့် အထက် ရက်လွန်ခြင်း	စုစုပေါင်း
			မြန်မာကျပ်ငွေ (ကျပ်ထောင်ပေါင်း)			
သယ်ဆောင်တန်ဖိုး	**၅၃,၉၉၂**	-	-	-	-	**၅၃,၉၉၂**

၂၀၂၅ ခုနှစ်၊ မတ်လ (၃၁) ရက်	လက်ငင်း	၁ ရက်- ၃၀ ရက် အတွင်း ရက်လွန်ခြင်း	၃၁ ရက်- ၉၀ ရက် အတွင်း ရက်လွန်ခြင်း	၉၁ ရက် - ၁၈၀ ရက် အတွင်း ရက်လွန်ခြင်း	ရက်ပေါင်း ၁၈၀ နှင့် အထက် ရက်လွန်ခြင်း	စုစုပေါင်း
			မြန်မာကျပ်ငွေ (ကျပ်ထောင်ပေါင်း)			
သယ်ဆောင်တန်ဖိုး	၄၇၄,၉၆၆	-	-	-	-	၄၇၄,၉၆၆

Market risk

ဈေးကွက်နှင့်ပတ်သက်သည့် ဆုံးရှုံးနိုင်ခြေ အန္တရာယ်ဆိုသည်မှာ ပိုင်ဆိုင်ပစ္စည်းများ၏ တန်ဖိုး မတည်ငြိမ်ခြင်းနှင့် ဈေးကွက်ပေါက်ဈေး ပြောင်းလဲမှုတို့ကြောင့် ဖြစ်နိုင်သည့် ဆုံးရှုံးနိုင်ခြေအန္တရာယ် ဖြစ်ပါသည်။ ဈေးကွက်နှင့် ပတ်သက်သည့် ဆုံးရှုံးနိုင်ခြေ အန္တရာယ်ကို စီမံခန့်ခွဲခြင်း၏ ရည်ရွယ်ချက်မှာ ကောင်းမွန်သောရလဒ်ရရှိအောင် လုပ်ဆောင်နေစဉ်အတွင်းတွင် လက်ခံနိုင်သော အတိုင်းအတာတစ်ခုအတွင်း၌ ဈေးကွက်နှင့်ပတ်သက်သည့် ကြုံတွေ့နိုင်မှုများကို စီမံခန့်ခွဲရန်နှင့် ထိန်းချုပ်ရန် ဖြစ်ပါသည်။

ကုမ္ပဏီအုပ်စု၏ ဝင်ငွေအများစုသည် သီလဝါအထူးစီးပွားရေးဇုန်တွင် တည်ရှိသော ရင်းနှီးမြှုပ်နှံထားသော ပိုင်ဆိုင်ပစ္စည်းများနှင့် မြေယာများမှတဆင့် ရရှိခဲ့ပါသည်။ လက်ရှိ မြန်မာနိုင်ငံ၏ အိမ်ခြံမြေဈေးကွက်၏ စိန်ခေါ်မှုနှင့် ကျဆင်းမှုများသည် ယခုနှစ် ကုမ္ပဏီအုပ်စု၏ ပိုင်ဆိုင်ပစ္စည်းများ ငှားရမ်းခရရှိမှုနှင့် ဘဏ္ဍာရေး အခြေအနေပေါ်တွင် အကျိုးသက်ရောက်မှု ရှိခဲ့ပါသည်။ စီးပွားရေးအခြေအနေ မတည်ငြိမ်မှုကြောင့် ငှားရမ်းမည့်သူများမှ ပျက်ကွက်ခြင်း ဆုံးရှုံးမှုအန္တရာယ်များနှင့် မူလငှားရမ်းသူများမှ ပြောင်းရွှေ့မှုများ ကြုံတွေ့နိုင်ခြေ မြင့်မားလာနိုင်ပြီး အဆိုပါ ဖြစ်ရပ်များသည် ကုမ္ပဏီအုပ်စု၏ ဝင်ငွေနှင့် လုပ်ဆောင်ချက်များအပေါ်တွင် မကောင်းသော အကျိုးသက်ရောက်မှုကို ဖြစ်စေနိုင်ပါသည်။ သို့သော်လည်း ပိုင်ဆိုင်ပစ္စည်းများကို ငှားရမ်းခြင်း လုပ်ငန်းမှ ဖြစ်ပေါ်လာနိုင်သော အထက်ဖော်ပြပါ ဆုံးရှုံးနိုင်ခြေ အန္တရာယ်များကို ကုမ္ပဏီအုပ်စုသည် ကြိုတင်လေ့လာသုံးသပ်ပြီး သက်ရောက်မှုများ လျော့နည်းစေရန် လျော့ချနိုင်သည့် နည်းလမ်းများဖြစ်သော အရည်အသွေးကောင်းမွန်သော ငှားရမ်းသူများကို ထိန်းသိမ်းခြင်း၊ ငှားရမ်းသူများအား ဆက်လက်ဆွဲဆောင်နိုင်ရန် အခြားသူများနှင့် ယှဉ်ပြိုင်နိုင်သော ငှားရမ်းမှု အစီအစဉ်များကို ကမ်းလှမ်းခြင်း၊ ပိုင်ဆိုင်ပစ္စည်းများကို စီမံခန့်ခွဲမှုနှင့်ပတ်သက်ပြီး ပိုမိုတိုးတက်အောင် ပြုလုပ်ခြင်းနှင့် လုပ်ငန်း၏ မဟာဗျူဟာများကို ပြန်လည်ပြင်ဆင်ခြင်း အစရှိသော နည်းလမ်းများကို ဆောင်ရွက်ခဲ့ပါသည်။ အဆိုပါ ကြိုတင်တုံ့ပြန်ဆောင်ရွက်မှုများသည် အထက်တွင်ဖော်ပြထားသော ဆုံးရှုံးနိုင်ခြေများမှ ပေါ်ပေါက်လာနိုင်သည့် သက်ရောက်မှုများကို လျော့နည်းစေပြီး ကုမ္ပဏီအုပ်စုအား အကျိုးအမြတ်များ ရရှိစေနိုင်ပါသည်။

Liquidity and cash flows risk

ငွေဖြစ်လွယ်မှုနှင့် ပတ်သက်ပြီး ဆုံးရှုံးနိုင်ခြေ အန္တရာယ်သည် အချိန်စေ့ရောက်သည့် ပေးရန်တာဝန်များကို အချိန်နှင့်တစ်ပြေးညီ မပေးချေနိုင်ခြင်းကြောင့် ပေါ်ပေါက်လာသော ဆုံးရှုံးမှုများ သို့မဟုတ် ရေရှည် ကုန်ကျစရိတ် သက်သာစေရန် မဆောင်ရွက်နိုင်ခြင်းမှ ဖြစ်ပေါ်လာသည့် ဆုံးရှုံးနိုင်ခြေ အန္တရာယ်များ ဖြစ်ပါသည်။

ကုမ္ပဏီအုပ်စုသည် ငွေဖြစ်လွယ်မှုနှင့် ပတ်သက်ပြီး ဆုံးရှုံးနိုင်ခြေအန္တရာယ်ကို သတိနှင့်ယှဉ်သော ဘဏ္ဍာရေးဆိုင်ရာ အစီအစဉ်များနှင့် စီစစ်မှုများကို ပြုလုပ်ခြင်း၊ ငွေသားစီးဆင်းမှုကို ပုံမှန်ခန့်မှန်းခြင်း၊ လုပ်ငန်း၏ အသားတင်လည်ပတ်ငွေကို စောင့်ကြည့်စစ်ဆေးခြင်းနှင့် သင့်မြတ်အောင်ဆောင်ရွက်ခြင်း၊ ကုမ္ပဏီ၏ ဘဏ္ဍာရေးဆိုင်ရာ ပေးရန်တာဝန်များ ကို ဖြည့်ဆည်းခြင်းတို့မှတဆင့် စောင့်ကြည့်စစ်ဆေးပါသည်။ ကုမ္ပဏီအုပ်စုသည် ၎င်း၏ လုပ်ငန်းဆောင်ရွက်မှုများကို ငွေကြေးထောက်ပံ့နိုင်ရန် လုပ်ငန်းတွင်း ငွေသားစီးဆင်းမှုများ ဖြစ်စေပြီး လုံလောက်သောငွေနှင့် ငွေသားညီမျှခြင်း လက်ကျန်များကို ထိန်းသိမ်းထားရှိပါသည်။

၇။ Capital management

ကုမ္ပဏီအုပ်စုသည် ရင်းနှီးငွေစီမံခန့်ခွဲခြင်းအတွက် ထားရှိသော ရည်ရွယ်ချက်များမှာ အစုရှယ်ယာရှင်များကို ပြန်လည်ပေးအပ်နိုင်ရန်နှင့် ဆက်နွယ်ပတ်သက်သူများ၏ အကျိုးစီးပွားကို ပံ့ပိုးပေးနိုင်ရန်အတွက် ကုမ္ပဏီအုပ်စု၏ ဆက်လက်လုပ်ဆောင်နိုင်စွမ်းကို ကာကွယ်စောင့်ရှောက်နိုင်ရန်အတွက် ဖြစ်ပါသည်။ စီမံကိန်းအသစ်များ ချဲ့ထွင်မှုအတွက် အနာဂတ်ကာလတွင် ဖြစ်ပေါ်နိုင်သည့် ငွေသားစီးဆင်းမှုကို ယခုနှစ်ရှိ ငွေတန်ဖိုး ရောက်ရှိအောင် လျော့ချထားသော နည်းလမ်းဖြင့် တွက်ချက်ထားသော ဘဏ္ဍာငွေခန့်မှန်းမှုများ အပါအဝင် ဖြစ်နိုင်ချေ လေ့လာစိစစ်မှုများကို သေချာစွာ စိစစ်ခွဲခြမ်း စိတ်ဖြာမှုများ ပြုလုပ်ခဲ့ပါသည်။

| ရန်ပုံငွေများ ရင်းမြစ်များ | ကုန်ကျစရိတ်များ | ပိုလျှံငွေ (ချို့တဲ့ငွေ) | ရန်ပုံငွေ | ရန်ပုံငွေ | ရန်ပုံငွေ

၉။ ထိတွေ့ကိုင်တွယ်၍မရသောရရန်ပိုင်ခွင့်

မြန်မာကျပ်ငွေ (ကျပ်ထောင်ပေါင်း)	**ဆော့ဝဲ(လ်)**
မူရင်းတန်ဖိုး	
၂၀၂၄ ခုနှစ်၊ ဧပြီလ (၁) ရက်နေ့ရှိ စာရင်းဖွင့်လက်ကျန်	၉,၃၉၅
အသစ်ဝယ်ခြင်း	–
၂၀၂၅ ခုနှစ်၊ မတ်လ (၃၁) ရက်နေ့ရှိ စာရင်းပိတ်လက်ကျန်	၉,၃၉၅
၂၀၂၅ ခုနှစ်၊ ဧပြီလ (၁) ရက်နေ့ရှိ စာရင်းဖွင့်လက်ကျန်	**၉,၃၉၅**
အသစ်ဝယ်ခြင်း	–
၂၀၂၆ ခုနှစ်၊ မတ်လ (၃၁) ရက်နေ့ရှိ စာရင်းပိတ်လက်ကျန်	**၉,၃၉၅**
စုစုပေါင်း တန်ဖိုးလျော့နှင့် တန်ဖိုးကျ၍ဆုံးရှုံးမှု	
၂၀၂၄ ခုနှစ်၊ ဧပြီလ (၁) ရက်နေ့ရှိ စာရင်းဖွင့်တန်ဖိုးလျော့	(၈,၈၇၃)
တန်ဖိုးလျော့ (မှတ်စု ၂၅)	(၂၀၁)
တန်ဖိုးကျ၍ ဆုံးရှုံးမှု	–
၂၀၂၅ ခုနှစ်၊ မတ်လ (၃၁) ရက်နေ့ရှိ စာရင်းပိတ်တန်ဖိုးလျော့	(၉,၀၇၄)
၂၀၂၅ ခုနှစ်၊ ဧပြီလ (၁) ရက်နေ့ရှိ စာရင်းဖွင့်တန်ဖိုးလျော့	**(၉,၀၇၄)**
တန်ဖိုးလျော့ (မှတ်စု ၂၅)	**(၂၀၄)**
တန်ဖိုးကျ၍ ဆုံးရှုံးမှု	–
၂၀၂၆ ခုနှစ်၊ မတ်လ (၃၁) ရက်နေ့ရှိ စာရင်းပိတ်တန်ဖိုးလျော့	**(၉,၂၇၈)**
အသားတင်တန်ဖိုး	
၂၀၂၄ ခုနှစ်၊ ဧပြီလ (၁) ရက်နေ့ရှိ	၅၂၂
၂၀၂၅ ခုနှစ်၊ မတ်လ (၃၁) ရက်နေ့ရှိ	၃၂၁
၂၀၂၆ ခုနှစ်၊ မတ်လ (၃၁) ရက်နေ့ရှိ	**၁၁၇**

၁၀။ တွဲဖက်ကုမ္ပဏီတွင် ရင်းနှီးမြှုပ်နှံမှု

မြန်မာကျပ်ငွေ (ကျပ်ထောင်ပေါင်း)	**၂၀၂၆**	၂၀၂၅
စာရင်းဖွင့်လက်ကျန်	**၅၀,၇၄၃,၈၆၈**	၄၆,၃၂၇,၇၂၅
နှစ်အတွက် အချိုးကျအသားတင်အမြတ်	**၇,၀၆၀,၄၉၂**	၄,၃၉၂,၆၆၉
မပေါ်ပေါက်ခဲ့သောအမြတ်စာရင်းညှိနှိုင်းမှု	**၉,၂၁၉**	၂၃,၄၇၄
သယ်ဆောင်တန်ဖိုး	**၅၇,၈၁၃,၅၇၉**	၅၀,၇၄၃,၈၆၈

ကုမ္ပဏီအုပ်စု၏အစီရင်ခံသည့်နှစ်များအတွက် ပိုင်ဆိုင်မှုအချိုးဖြင့် တွက်ချက်သော ရင်းနှီးမြှုပ်နှံမှု (မြန်မာကျပန်သီလဝါ ဖွံ့ဖြိုးတိုးတက်ရေး ကုမ္ပဏီလီမိတက်) အရ ကုမ္ပဏီအုပ်စု၏ အချိုးကျအသားတင်အမြတ်မှာ မြန်မာကျပ် ၇,၀၆၀,၄၉၂ (အမေရိကန်ဒေါ်လာ ၁,၉၃၀,၁၅၀.၅၅ @ မြန်မာကျပ် ၃,၆၅၈)၊ (၂၀၂၅ ခုနှစ်၊ မတ်လ (၃၁) ရက်နေ့တွင် အမြတ်ငွေ မြန်မာကျပ် ၄,၃၉၂,၆၆၈,၇၁၉.၂၁ (အမေရိကန်ဒေါ်လာ ၁,၂၂၀,၅၂၄.၇၉ @ မြန်မာကျပ် ၃,၅၉၉)) ဖြစ်ပါသည်။ ပိုင်ဆိုင်မှုအချိုးဖြင့် တွက်ချက်သော ရင်းနှီးမြှုပ်နှံမှုသည် အများပိုင်စာရင်းဝင်ကုမ္ပဏီမဟုတ်သောကြောင့် အများပြည်သူသို့ ကြေငြာထားသော ရောင်းဈေးမရှိပါ။

အောက်တွင် တွဲဖက်ကုမ္ပဏီ၏ ဝင်ငွေ၊ အသုံးစရိတ်များနှင့် ရပိုင်ခွင့်များ၊ ပေးရန်တာဝန်များကို ဖော်ပြထားပါသည်။

အမေရိကန်ဒေါ်လာ (ဒေါ်လာထောင်ပေါင်း)	**၂၀၂၆**	၂၀၂၅
ပိုင်ဆိုင်မှု ရာခိုင်နှုန်း	**၄၁%**	၄၁%
လက်ငင်းရပိုင်ခွင့်များ	**၈၄,၂၁၇**	၇၈,၀၇၂
လက်ငင်းမဟုတ်သောရပိုင်ခွင့်များ	**၁၈,၀၁၃**	၁၈,၁၆၄
စုစုပေါင်းရပိုင်ခွင့်များ	**၁၀၂,၂၃၀**	၉၆,၂၃၆
လက်ငင်းပေးရန်တာဝန်များ	**၈,၇၉၅**	၇,၃၆၆
လက်ငင်းမဟုတ်သောပေးရန်တာဝန်များ	**၁,၈၃၁**	၁,၉၇၃
စုစုပေါင်းပေးရန်တာဝန်များ	**၁၀,၆၂၆**	၉,၃၃၉
အသားတင်ရပိုင်ခွင့်များ	**၉၁,၆၀၄**	၈၆,၈၉၇

အမေရိကန်ဒေါ်လာ (ဒေါ်လာထောင်ပေါင်း)	**၂၀၂၆**	၂၀၂၅
ဝင်ငွေ	**၁၆,၀၉၉**	၁၅,၃၄၂
အသုံးစရိတ်များ	**(၁၁,၃၉၂)**	(၁၂,၃၆၅)
အမြတ်	**၄,၇၀၇**	၂,၉၇၇
အချိုးကျအသားတင်အမြတ်	**၁,၉၃၀**	၁,၂၁၁

၁၁။ အခြားရင်းနှီးမြှုပ်နှံမှု (မြန်မာကျပ် ၁၀,၀၀၀,၀၀၀)

အထက်ဖော်ပြပါ ငွေပမာဏသည် ကုမ္ပဏီအုပ်စုက မြန်မာကျောက်ဖြူ အထူးစီးပွားရေးဇုန် ဟိုး(လ်)ဒင်း ကုမ္ပဏီအုပ်စု အများနှင့် သက်ဆိုင်သော ကုမ္ပဏီလီမိတက်တွင် ရင်းနှီးမြှုပ်နှံထားရှိမှု ဖြစ်ပါသည်။

၁၂။ ရင်းနှီးမြှုပ်နှံထားသော ပိုင်ဆိုင်ပစ္စည်း

မြန်မာကျပ်ငွေ (ကျပ်ထောင်ပေါင်း)	**မြေနှင့် အဆောက်အဦ**
မူရင်းတန်ဖိုး	
၂၀၂၄ ခုနှစ်၊ ဧပြီလ (၁) ရက်နေ့ရှိ စာရင်းဖွင့်လက်ကျန်	၄,၇၄၁,၃၃၄
ကုန်လက်ကျန်များမှ လွှဲပြောင်းခြင်း	၁,၄၅၇,၄၄၁
ကုန်လက်ကျန်များသို့ လွှဲပြောင်းခြင်း	(၂၃၃,၄၃၁)
၂၀၂၅ ခုနှစ်၊ မတ်လ (၃၁) ရက်နေ့ရှိ စာရင်းပိတ်လက်ကျန်	၅,၉၆၅,၃၄၄
၂၀၂၅ ခုနှစ်၊ ဧပြီလ (၁) ရက်နေ့ရှိ စာရင်းဖွင့်လက်ကျန်	**၅,၉၆၅,၃၄၄**
ကုန်လက်ကျန်များမှ လွှဲပြောင်းခြင်း	**၂၄၉,၁၅၆**
ကုန်လက်ကျန်များသို့ လွှဲပြောင်းခြင်း	**(၁,၄၇၃,၅၃၁)**
ညှိနှိုင်းမှု	**(၂,၈၀၇)**
၂၀၂၆ ခုနှစ်၊ မတ်လ (၃၁) ရက်နေ့ရှိ စာရင်းပိတ်လက်ကျန်	**၄,၇၃၈,၁၆၂**
စုစုပေါင်းတန်ဖိုးလျော့နှင့် တန်ဖိုးကျဆုံးရှုံးမှု	
၂၀၂၄ ခုနှစ်၊ ဧပြီလ (၁) ရက်နေ့ရှိ စာရင်းဖွင့်တန်ဖိုးလျော့	(၇၉၄,၀၂၁)

တန်ဖိုးလျော့ (မှတ်စု ၂၅)	(၁၂၆,၀၇၉)
ကုန်လက်ကျန်များသို့ လွှဲပြောင်းခြင်း	၂,၉၁၂
တန်ဖိုးကျ၍ ဆုံးရှုံးမှု	–
၂၀၂၅ ခုနှစ်၊ မတ်လ (၃၁) ရက်နေ့ရှိ စာရင်းပိတ်တန်ဖိုးလျော့	(၉၁၇,၁၈၈)
၂၀၂၅ ခုနှစ်၊ ဧပြီလ (၁) ရက်နေ့ရှိ စာရင်းဖွင့်တန်ဖိုးလျော့	**(၉၁၇,၁၈၈)**
တန်ဖိုးလျော့ (မှတ်စု ၂၅)	**(၁၁၆,၄၅၀)**
ကုန်လက်ကျန်များသို့ လွှဲပြောင်းခြင်း	**၆၇,၂၁၂**
ညှိနှိုင်းမှု	**၂,၈၀၇**
တန်ဖိုးကျ၍ ဆုံးရှုံးမှု	–
၂၀၂၆ ခုနှစ်၊ မတ်လ (၃၁) ရက်နေ့ရှိ စာရင်းပိတ်တန်ဖိုးလျော့	**(၉၆၃,၆၁၉)**
မပေါ်ပေါက်ခဲ့သောအမြတ်စာရင်းညှိနှိုင်းမှု	
၂၀၂၄ ခုနှစ်၊ ဧပြီလ (၁) ရက်နေ့ရှိ	(၁၀၉,၄၇၆)
၂၀၂၅ ခုနှစ်၊ မတ်လ (၃၁) ရက်နေ့ရှိ	(၁၁၄,၉၄၈)
၂၀၂၆ ခုနှစ်၊ မတ်လ (၃၁) ရက်နေ့ရှိ	**(၁၀၁,၂၃၂)**
အသားတင်တန်ဖိုး	
၂၀၂၄ ခုနှစ်၊ ဧပြီလ (၁) ရက်နေ့ရှိ	၃,၈၃၇,၈၃၇
၂၀၂၅ ခုနှစ်၊ မတ်လ (၃၁) ရက်နေ့ရှိ	၄,၉၃၃,၂၀၈
၂၀၂၆ ခုနှစ်၊ မတ်လ (၃၁) ရက်နေ့ရှိ	**၃,၆၇၃,၃၁၁**

၂၀၂၆ ခုနှစ်၊ မတ်လ (၃၁) ရက်နေ့ရှိ ကုမ္ပဏီအုပ်စု၏ ရင်းနှီးမြှုပ်နှံထားသော ပိုင်ဆိုင်ပစ္စည်းတွင် သီလဝါအထူးစီးပွားရေးဇုန်၏ အပန်းဖြေရေးနှင့်စီးပွားရေးဆိုင်ရာ နယ်မြေဧရိယာ (R&C) ရှိ အလုပ်သမားများနေထိုင်သည့် အဆောက်အဦ (၃) လုံး ပါဝင်ပါသည်။ ၂၀၂၆ ခုနှစ်၊ မတ်လ (၃၁) ရက်နေ့ရှိ ပစ္စည်း၏မျှတသောတန်ဖိုး (fair value) သည် တိကျသေချာမှုရှိလိမ့်မည် မဟုတ်ကြောင်း ဒါရိုက်တာများက ထင်မြင်ယူဆကြသည်။ ၎င်းထင်မြင်ယူဆချက်သည် အောက်ဖော်ပြပါ အချက်အလက်များပေါ်တွင် အခြေခံပါသည်။

၁။ သီလဝါအထူးစီးပွားရေးဇုန်တွင် အဆိုပါပစ္စည်းနှင့် အမျိုးအစားတူမရှိခြင်း၊
၂။ သီလဝါအထူးစီးပွားရေးဇုန်တွင် အဆိုပါပစ္စည်းနှင့်တူညီသော ပုံသေပိုင်ပစ္စည်းကို အရောင်းအဝယ်ပြုလုပ်ခဲ့သော သမိုင်းကြောင်းမရှိခဲ့ခြင်းနှင့်
၃။ သီလဝါအထူးစီးပွားရေးဇုန်တွင် အဆိုပါပစ္စည်းအမျိုးအစားကဲ့သို့ ပစ္စည်းများအား အရောင်းအဖြစ် စာရင်းဖော်ဆောင်မှု မရှိခဲ့ခြင်း။

ထိုအခြေအနေတွင် ဝယ်လိုသောဆန္ဒရှိသူနှင့် ရောင်းလိုသောဆန္ဒရှိသူအပေါ် အခြေခံ၍ တန်ဖိုးသတ်မှတ်ရန် မဖြစ်နိုင်သောကြောင့် Market Comparable Approach ကို လက်ခံကျင့်သုံးနိုင်မည် မဟုတ်ပေ။ ပစ္စည်း၏ တန်ဖိုးသတ်မှတ်ရန် Income Capitalisation Approach ကို သုံးမည်ဆိုပါက ထိုပစ္စည်းသည် ငှားရမ်းမှုအတွက် လုံလောက်သောအချိန်ပေးနိုင်ရမည်။ ထို့အပြင် ပစ္စည်း၏ ပြန်ရရှိက်သည် တည်ငြိမ်မှုရှိ၍ Capitalisation rate ကို အသုံးပြုနိုင်သော အခြေအနေရှိရပါမည်။ နေထိုင်ခြင်းအတွက် ခွင့်ပြုမိန့်သည် လက်တလောကာလတွင် ရရှိထားသဖြင့် ငှားရမ်းမှုဖြစ်စဉ်သည် ကနဦးအဆင့်တွင်သာရှိပါသည်။ သို့ဖြစ်၍ Income Capitalisation Approach ကို ကျင့်သုံးနိုင်မည် မဟုတ်ပေ။

ကနဦးဖော်ပြထားသော တန်ဖိုးသတ်မှတ်ခြင်းနည်းလမ်းနှစ်ခုကို အသုံးမပြုနိုင်သောကြောင့် တတိယအသုံးပြုနိုင်သော နည်းလမ်းမှာ Cost Approach ဖြစ်ပါသည်။ သင့်လျော်သော ဝယ်ယူသူမှ အလားတူအဆောက်အဦတစ်ခု ဆောက်လုပ်ခြင်းအတွက် ကုန်ကျသောစရိတ်နှင့် တူညီသောပမာဏ (သို့မဟုတ်) ပိုသောပမာဏဖြင့် ပေးချေခြင်းကို ဆိုလိုပါသည်။ ၂၀၂၆ ခုနှစ်၊ မတ်လ (၃၁) ရက်နေ့ရှိ Cost Approach သည် ပစ္စည်း၏တန်ဖိုးကို ခန့်မှန်းခြင်းနှင့် ပြန်လည် တန်ဖိုးသတ်မှတ်ခြင်းအတွက် အသင့်တော်ဆုံးနည်းလမ်းဖြစ်ပါသည်။

၂၀၂၆ ခုနှစ်၊ မတ်လ (၃၁) ရက်နေ့ရှိ ကုမ္ပဏီအုပ်စု၏ ရင်းနှီးမြှုပ်နှံထားသော ပိုင်ဆိုင်ပစ္စည်းတွင်

၁။ အလုပ်သမားများနေထိုင်သည့် အဆောက်အဦ (၃)လုံး၊
၂။ အဓိကလမ်းမကြီးနှင့် မျက်နှာချင်းဆိုင်ရှိ B အမျိုးအစား လူနေဆိုင်ခန်း (၁) ခု၊

၂၀၂၆ ခုနှစ်၊ မတ်လ (၃၁) ရက်နေ့ရှိ ကုမ္ပဏီအုပ်စု၏ ရင်းနှီးမြှုပ်နှံထားသော ပိုင်ဆိုင်ပစ္စည်းနှင့် ပတ်သက်သည့် မျှတသောတန်ဖိုး (fair value) အဆင့်ဆင့်၏ အသေးစိတ်မှာ အောက်ဖော်ပြပါအတိုင်း ဖြစ်ပါသည်။

မြန်မာကျပ်ငွေ (ကျပ်ထောင်ပေါင်း)	အဆင့် (၁)	အဆင့် (၂)	အဆင့် (၃)	မျှတသော တန်ဖိုး
ရင်းနှီးမြှုပ်နှံထားသော ပိုင်ဆိုင်ပစ္စည်း				
အလုပ်သမားများနေထိုင်ရန် အဆောက်အဦ	-	-	၃,၈၁၂,၆၀၅	၃,၈၁၂,၆၀၅
လူနေဆိုင်ခန်း (B)- အဓိကလမ်းမကြီး	၅၀၄,၀၀၀	-	-	၅၀၄,၀၀၀

လူနေဆိုင်ခန်း - အဓိကလမ်းမကြီးအတွက် မျှတသောတန်ဖိုး (fair value) သတ်မှတ်မှုပြုလုပ်ရာတွင် Market Comparable Approach ကို အသုံးပြု၍ အရှေ့မြေကွက်လပ်အတွက် ညှိနှိုင်းထားပြီးသော အလားတူပိုင်ဆိုင်ပစ္စည်း၏ လက်ရှိ ဈေးကွက် ပေါက်ဈေး အပေါ်အခြေခံပြီး ရယူထားပါသည်။

ရင်းနှီးမြှုပ်နှံထားသော ပိုင်ဆိုင်ပစ္စည်းအတွက် မျှတသောတန်ဖိုး (fair value) အဆင့်ဆင့်ကို Level 3 သို့ ခွဲခြားရာတွင် အောက်ဖော်ပြပါ အချက်အလက်များ သက်ဆိုင်ပါသည်။

ရင်းနှီးမြှုပ်နှံထားသော ပိုင်ဆိုင်ပစ္စည်း	**တန်ဖိုးသင့်သော နည်းလမ်း**	**Significant unobservable input(s)**	**အထိအခိုက်ခံနိုင်မှု (Sensitivity)**
အလုပ်သမားများ နေထိုင်သည့် အဆောက်အဦ	Income Capitalisation Approach	Capitalisation rate	Capitalisation rate တိုးလာခြင်းသည် မျှတသောတန်ဖိုး (fair value) လျော့ကျခြင်းကိုဖြစ်စေသည်။ အပြန်အလှန်အားဖြင့် မျှတသောတန်ဖိုး (fair value) လျော့ကျလျှင်လည်း Capitalisation rate တိုးလာနိုင်သည်။
		Occupancy rate	နေထိုင်မှုနှုန်း လျော့ကျခြင်းသည် မျှတသောတန်ဖိုး (fair value) လျော့ကျခြင်းကို ဖြစ်စေသည်။ အပြန်အလှန်အားဖြင့် မျှတသောတန်ဖိုး (fair value) လျော့ကျလျှင်လည်း နေထိုင်မှုနှုန်း လျော့ကျနိုင်သည်။

Monthly rental	လစဉ်ငှားရမ်းခ လျော့ကျခြင်းသည် မျှတသောတန်ဖိုး (fair value) လျော့ကျခြင်းကို ဖြစ်စေသည်။ အပြန်အလှန်အားဖြင့် မျှတသောတန်ဖိုး (fair value) လျော့ကျလျှင် လည်း လစဉ်ငှားရမ်းခ လျော့ကျနိုင်သည်။

နှစ်အတွင်း လူနေဆိုင်ခန်း (၁) ခုကို ကုန်လက်ကျန်များမှ ပြောင်းရွှေ့ခဲ့ပြီး၊ လူနေဆိုင်ခန်း (၆) ခုကို ကုန်လက်ကျန်များသို့ ပြောင်းရွှေ့ခဲ့ပါသည်။

ရင်းနှီးမြှုပ်နှံထားသော ပိုင်ဆိုင်ပစ္စည်း၏ မျှတသောတန်ဖိုး (fair value) သည် လွတ်လပ်သော တန်ဖိုးသင့်သူ၏ တန်ဖိုးသင့်မှုအပေါ်တွင် အခြေခံထားခြင်းမဟုတ်ပါ။

ကုမ္ပဏီအုပ်စု၏ ရင်းနှီးမြှုပ်နှံထားသော ပိုင်ဆိုင်ပစ္စည်းအားလုံးမှ ပိုင်ဆိုင်ပစ္စည်းငှားရမ်းခရငွေ မြန်မာကျပ်ငွေ (ကျပ်ထောင်ပေါင်း) ၂၈၅,၂၃၅ မှာ ကာလတိုငှားရမ်းခြင်း (operating lease) မှ ရရှိသော ငှားရမ်းခရငွေဖြစ်ပါသည်။ ရင်းနှီးမြှုပ်နှံထားသော ပိုင်ဆိုင်ပစ္စည်း ငှားရမ်းမှုအတွက် တိုက်ရိုက်လုပ်ငန်းလည်ပတ်မှုကုန်ကျစရိတ် (ပြုပြင်ခြင်းနှင့် ထိန်းသိမ်းခြင်း အပါအဝင်) မှာ မြန်မာကျပ်ငွေ (ကျပ်ထောင်ပေါင်း) ၂၂၃,၁၂၃ ဖြစ်ပါသည်။

၁၃။ ရွှေ့ဆိုင်းထားသောအခွန်ရပိုင်ခွင့်များ

ရွှေ့ဆိုင်းထားသောအခွန်ကို အခွန်ဥပဒေအရ တွက်ချက်ရရှိသော မြေ၊ အဆောက်အဦ၊ စက်နှင့် စက်ပစ္စည်းကိရိယာနှင့် ထိတွေ့ကိုင်တွယ်၍မရသော ရရန်ပိုင်ခွင့်များ၏ သယ်ဆောင်တန်ဖိုး မြန်မာကျပ် ၃,၁၆၄,၄၆၇,၀၀၁ (၂၀၂၅ ခုနှစ်၊ မတ်လ (၃၁) ရက်: မြန်မာကျပ် ၁,၂၈၇,၆၆၃,၀၃၂) ထဲမှ ဘဏ္ဍာရေးရှင်းတမ်းရှိ သယ်ဆောင်တန်ဖိုး မြန်မာကျပ် ၃,၁၁၄,၃၉၇,၆၅၅ (၂၀၂၅ ခုနှစ်၊ မတ်လ (၃၁) ရက်: မြန်မာကျပ် ၁,၂၃၇,၇၈၉,၄၇၂) ကို နှုတ်ပယ်ပြီးနောက် ရရှိလာသော ယာယီကွာခြားချက် မြန်မာကျပ် ၅၀,၀၆၉,၃၄၆ (၂၀၂၅ ခုနှစ်၊ မတ်လ (၃၁) ရက်: မြန်မာကျပ် ၄၉,၈၇၃,၅၆၀) အပေါ်တွင် ဝင်ငွေခွန်နှုန်းထား ၁၇% ဖြင့် တွက်ချက်ထားပါသည်။

ရွှေ့ဆိုင်းထားသောအခွန်ကို အခွန်ဥပဒေအရ တွက်ချက်ရရှိသော မြေ၊ အဆောက်အဦ၊ စက်နှင့် စက်ပစ္စည်းကိရိယာ၊ ထိတွေ့ကိုင်တွယ်၍မရသော ရရန်ပိုင်ခွင့်နှင့် ရင်းနှီးမြှုပ်နှံထားသောပိုင်ဆိုင်ပစ္စည်းများ၏ သယ်ဆောင်တန်ဖိုး မြန်မာကျပ် ၅,၃၆၇,၇၅၈,၇၈၉.၆၉ (၂၀၂၅ ခုနှစ်၊ မတ်လ (၃၁) ရက်: မြန်မာကျပ် ၇,၁၆၁,၁၆၅,၇၄၅.၉၉) ထဲမှ ဘဏ္ဍာရေးရှင်းတမ်းရှိ သယ်ဆောင်တန်ဖိုး မြန်မာကျပ် ၅,၇၆၆,၁၂၉,၆၇၄.၈၂ (၂၀၂၅ ခုနှစ်၊ မတ်လ (၃၁) ရက်: မြန်မာကျပ် ၆,၇၃၂,၅၂၁,၂၉၉.၈၁) ကို နှုတ်ပယ်ပြီးနောက် ရရှိလာသော ယာယီကွာခြားချက် မြန်မာကျပ် ၃၉၈,၃၇၀,၈၈၅.၁၃ (၂၀၂၅ ခုနှစ်၊ မတ်လ (၃၁) ရက်: မြန်မာကျပ် ၄၂၈,၆၄၄,၄၄၆.၁၈) အပေါ်တွင် ဝင်ငွေခွန်နှုန်းထား ၂၂% (၂၀၂၅ ခုနှစ်၊ မတ်လ (၃၁) ရက်: ၁၁%) ဖြင့် တွက်ချက်ထားပါသည်။

ကုမ္ပဏီအုပ်စုတွင် သုံးနှစ်အထိ သယ်ဆောင် အသုံးပြုနိုင်သော အသုံးမပြုရသေးသည့် အခွန်ခုနှိမ်နိုင်သော အရှုံးငွေများ ရှိပါသည်။ ကုမ္ပဏီ၌ ရှေ့သို့ သယ်ဆောင် အသုံးပြုနိုင်သော အသုံးမပြုရသေးသည့်အခွန်ခုနှိမ်နိုင်သော အရှုံးငွေပမာဏမှာ ၂၀၂၆ ခုနှစ်၊ မတ်လ (၃၁) ရက်နေ့တွင် မြန်မာကျပ် ၃၁၇,၁၂၃,၂၇၇.၂၆ (၂၀၂၅ ခုနှစ် မတ်လ (၃၁) ရက်: မြန်မာကျပ် ၆၈၂,၆၇၆,၀၃၅.၀၅) ရှိပါသည်။

ရွှေဆိုင်းထားသော အခွန်များသည် တူညီသော ဘဏ္ဍာရေးနှစ် အခွင့်အာဏာနှင့် သက်ဆိုင်သောအခါနှင့် နှစ်အတွင်း ဝင်ငွေခွန်ရပိုင်ခွင့်ကို ဝင်ငွေခွန်ပေးရန်တာဝန်ဖြင့် တရားဝင်ခိုင်မာသော ခုနှိမ်ခွင့်ရှိသောအခါ ရွှေဆိုင်းထားသော ဝင်ငွေရပိုင်ခွင့်များနှင့် ပေးရန်တာဝန်များကို ခုနှိမ်ပါသည်။ သင့်လျော်သော ခုနှိမ်မှုပြုလုပ်ပြီးနောက် ငွေပမာဏမှာ ဘဏ္ဍာရေးအခြေအနေပြရှင်းတမ်းတွင် အောက်ပါအတိုင်းဖော်ပြပါသည်။

မြန်မာကျပ်ငွေ (ကျပ်ထောင်ပေါင်း)	**မြေ၊ အဆောက်အဦ၊ စက်နှင့် စက်ပစ္စည်းကိရိယာနှင့် ထိတွေ့ကိုင်တွယ်၍ မရသောရပိုင်ခွင့်အပေါ် အခွန်တန်ဖိုးလျော့**	**ရင်းနှီးမြှုပ်နှံထားသော ပိုင်ဆိုင်ပစ္စည်းအပေါ် အခွန်တန်ဖိုးလျော့**	**အသုံးမပြုရသေးသည့်အခွန်ခုနှိမ်နိုင်သောအရှုံးငွေများ**	**စုစုပေါင်း**
၂၀၂၅ ခုနှစ်၊ ဧပြီလ (၁) ရက်နေ့ရှိ စာရင်းဖွင့်လက်ကျန်	၁၄,၁၆၃	၄၁,၄၆၇	၇၅,၀၉၄	၁၃၀,၇၂၄
အခွန်နှုန်းထား ပြောင်းလဲခြင်း၏ သက်ရောက်မှု	၅,၆၈၄	၄၁,၄၆၇	၇၅,၀၉၄	၁၂၂,၂၄၅
အရှုံးအမြတ်စာရင်းတွင် စာရင်းတင်ခြင်း (မှတ်စု ၂၉)	(၁၁,၂၆၄)	၄,၆၃၆	(၈၀,၄၂၁)	(၈၇,၀၄၉)
၂၀၂၆ ခုနှစ်၊ မတ်လ (၃၁) ရက်နေ့ရှိ စာရင်းပိတ်လက်ကျန်	၈,၅၈၃	၈၇,၅၇၀	၆၉,၇၆၇	၁၆၅,၉၂၀
၂၀၂၄ ခုနှစ်၊ ဧပြီလ (၁) ရက်နေ့ရှိ စာရင်းဖွင့်လက်ကျန်	၁၄,၃၁၃	၃၆,၂၇၀	-	၅၀,၅၈၃
အရှုံးအမြတ်စာရင်းတွင် စာရင်းတင်ခြင်း (မှတ်စု ၂၉)	(၁၅၀)	၅,၁၉၇	၇၅,၀၉၄	၈၀,၁၄၁
၂၀၂၅ ခုနှစ်၊ မတ်လ (၃၁) ရက်နေ့ရှိ စာရင်းပိတ်လက်ကျန်	၁၄,၁၆၃	၄၁,၄၆၇	၇၅,၀၉၄	၁၃၀,၇၂၄

၁၄။ အရစ်ကျရောင်းချခြင်းမှ အသားတင်ရရန်ရှိ

ကုမ္ပဏီအုပ်စုသည် လူနေဆိုင်ခန်းများကို အရစ်ကျ အစီအစဉ်ဖြင့် ရောင်းချခဲ့ပါသည်။ အရစ်ကျရောင်းချခြင်းမှ ရရှိလာမည့် ပေးချေမှုများ၏ အသားတင်လက်ငင်းတန်ဖိုးကို ဝင်ငွေနှင့် ရရန်ရှိများတွင် စာရင်းဖော်ပြထားပါသည်။ အသားတင်လက်ငင်းတန်ဖိုးကို တိုင်းတာရန် ကုမ္ပဏီအုပ်စုသည် စာချုပ်တွင်ပါသော သွယ်ဝိုက်အတိုးနှုန်းကို လျှော့ပေးနှုန်း (discount rate) အဖြစ် အသုံးပြုထားသည်။ ရောင်းချထားသည့် လူနေဆိုင်ခန်းများကို ကုန်လက်ကျန်စာရင်းမှ ပယ်ဖျက်ပြီး ၎င်း၏ သယ်ဆောင်တန်ဖိုးကို ကုန်ရောင်းတန်ဖိုးတွင် စာရင်းသွင်းထားပါသည်။ ဝင်ငွေနှင့် ကုန်ရောင်းတန်ဖိုးတို့၏ ခြားနားချက်သည် အရစ်ကျ ရောင်းချခြင်းမှ ရရှိသည့် အမြတ်ဖြစ်သည်။

ကုမ္ပဏီအုပ်စုသည် အရစ်ကျရောင်းချခြင်းမှ ရရှိလာသည့် အတိုးကို အရစ်ကျပေးချေမှုကာလအလိုက် ခွဲဝေပြီး အတိုးဝင်ငွေအဖြစ် စာရင်းဖော်ဆောင်ပါသည်။

(က) အရစ်ကျရောင်းချခြင်းမှ ရရန်ရှိ

မြန်မာကျပ်ငွေ (ကျပ်ထောင်ပေါင်း)	၂၀၂၆	၂၀၂၅
အရစ်ကျရောင်းချခြင်းမှ အကြမ်းရရန်ရှိ	**၁,၄၂၁,၄၄၄**	၃၀၉,၅၅၆
မရရှိသေးသော အတိုးဝင်ငွေ	**(၁၉၉,၀၆၉)**	(၁၂,၄၅၆)
	၁,၂၂၂,၃၇၅	၂၉၇,၁၀၀
လက်ငင်းရရန်ရှိ (မှတ်စု ၁၈)	**(၄၃၅,၇၆၁)**	(၁၃၄,၁၄၂)
	၇၈၆,၆၁၄	၁၆၂,၉၅၈

(ခ) လျှော့ပေးခြင်းမပြုလုပ်ရသေးသော (undiscounted) ရရန်ရှိ အရစ်ကျငွေ

မြန်မာကျပ်ငွေ (ကျပ်ထောင်ပေါင်း)	၂၀၂၆	၂၀၂၅
တစ်နှစ်အတွင်း	**၅၃၁,၉၇၇**	၁၄၂,၈၇၂
တစ်နှစ်နှင့် အထက်	**၈၈၉,၄၆၇**	၁၆၆,၆၈၄
	၁,၄၂၁,၄၄၄	၃၀၉,၅၅၆

၁၅။ အခြားရပိုင်ခွင့်များ

မြန်မာကျပ်ငွေ (ကျပ်ထောင်ပေါင်း)	၂၀၂၆	၂၀၂၅
Logistics Dependent Industrial Area	**၈၆,၇၀၆**	၈၆,၇၀၆
Gyo Gone Redevelopment Project	**၂၂၇,၈၆၀**	၂၂၃,၀၆၀
AGRO-Industrial Park	**၄၆,၇၅၀**	၄၆,၇၅၀
	၃၆၁,၃၁၆	၃၅၆,၅၁၆

၁၆။ ထုတ်ယူခွင့်ကန့်သတ်ထားသောစာရင်းသေအပ်ငွေ

ထုတ်ယူခွင့်ကန့်သတ်ထားသောစာရင်းသေအပ်ငွေဆိုသည်မှာ ချေးငွေများအတွက် အာမခံအဖြစ် ပေါင်နှံထားသည့် အပ်ငွေများကို ဆိုလိုသည်။ ၂၀၂၆ ခုနှစ်၊ မတ်လ ၃၁ ရက်နေ့အထိ ကုမ္ပဏီသည် ၎င်း၏ ဘဏ်ချေးယူငွေနှင့် ပတ်သက်၍ CB Bank PCL တွင် အမေရိကန်ဒေါ်လာ ၁.၄၀ သန်း တန်ဖိုးရှိ စာရင်းသေအပ်ငွေတစ်ခုကို အာမခံအဖြစ် ပေါင်နှံထားရှိပါသည်။

အဆိုပါ စာရင်းသေအပ်ငွေကို လအလိုက် သက်တမ်းတိုးသွားမည်ဖြစ်ပြီး ချေးငွေသက်တမ်းတစ်ခုလုံးအတွက် ငွေထုတ်ချေးသူ၏အကျိုးစီးပွားအလို့ငှာပေါင်နှံထားခြင်းဖြစ်ပါသည်။ သို့ဖြစ်ပါ၍ ၎င်းအပ်ငွေကို ကုမ္ပဏီအနေဖြင့် အထွေထွေအသုံးပြုရန်အတွက် ရယူသုံးစွဲနိုင်မည် မဟုတ်ပါ။

စာရင်းသေအပ်ငွေအပေါ် ကန့်သတ်ထားမှုကို သက်ဆိုင်ရာချေးယူငွေအားလုံးကို အပြေအကြေပြန်လည်ပေးဆပ်ပြီးချိန်တွင် ပြန်လည်ဖြေလျှော့ပေးလိမ့်မည်ဟု မျှော်မှန်းထားပြီး၊ ယင်းသို့ ပြန်လည်ပေးဆပ်ရန်မှာ လာမည့် ၁၂ လအတွင်း

ဖြစ်ပေါ်လာနိုင်ဖွယ်မရှိပါ။ ထို့ကြောင့် အဆိုပါအပ်ငွေကို လက်ငင်းမဟုတ်သောရပိုင်ခွင့်အဖြစ် အမျိုးအစားခွဲခြားသတ်မှတ်ထားပါသည်။

၁၇။ ငွေနှင့် ငွေသားညီမျှခြင်းများ

မြန်မာကျပ်ငွေ (ကျပ်ထောင်ပေါင်း)	၂၀၂၆	၂၀၂၅
ငွေလက်ကျန်	၂၃,၄၉၄	၁၈,၂၈၀
ဘဏ်လက်ကျန်	၈,၇၄၉,၀၇၆	၁၇,၇၁၄,၇၃၂
	၈,၇၇၂,၅၇၀	၁၇,၇၃၃,၀၁၂

၁၈။ ကုန်သွယ်မှုနှင့် အခြားရရန်ရှိများ

မြန်မာကျပ်ငွေ (ကျပ်ထောင်ပေါင်း)	၂၀၂၆	၂၀၂၅
ကုန်သွယ်မှုရရန်ရှိများမှ		
-ဆက်နွယ်သောပုဂ္ဂိုလ်၊ အဖွဲ့အစည်းများ* (မှတ်စု ၃၁ (ခ))	၂,၄၄၇	၄၀၅,၇၆၀
-ဆက်နွယ်မှုမရှိသောပုဂ္ဂိုလ်၊ အဖွဲ့အစည်းများ	၅၁,၅၄၅	၆၉,၂၀၆
ဆက်နွယ်မှုမရှိသောပုဂ္ဂိုလ်၊ အဖွဲ့အစည်းများမှ အခြားရရန်ရှိများ	၃၂၂,၆၇၅	၂၆၈,၂၃၂
အရစ်ကျရောင်းချခြင်းမှ အသားတင်ရရန်ရှိ (မှတ်စု ၁၄)	၄၃၅,၇၆၁	၁၃၄,၁၄၂
ဆက်နွယ်မှုမရှိသောပုဂ္ဂိုလ်၊ အဖွဲ့အစည်းများမှ ရရန်ရှိဝင်ငွေ	၁၂၁,၃၁၀	၃၅၀,၇၀၈
စရန်ငွေ	၂၂၁,၈၃၀	၂၂၁,၈၃၀
ကြိုတင်ငွေ	၅,၆၄၄	၁,၄၇၄,၂၀၀
ကြိုတင်ပေးစရိတ်များ	၅၁,၉၈၂	၄၃,၆၉၄
ကြိုတင်ဝင်ငွေခွန်	၈၅၈,၇၃၅	၇၃၅,၉၇၀
ကြိုတင်ကုန်သွယ်ခွန်**	၄၇၈,၈၂၂	၅၀၇,၄၆၉
	၂,၅၅၀,၇၅၁	၄,၂၁၁,၂၁၁

*မြန်မာကျပန်သီလဝါဖွံ့ဖြိုးရေးလီမိတက် (MJTD) ထံမှ ရရန်ရှိသော စီမံခန့်ခွဲမှုအခကြေးငွေများနှင့် အသုံးစရိတ်များ ပါဝင်ပါသည်။

**ကြိုတင်ပေးကုန်သွယ်ခွန် မြန်မာကျပ် ၉၄၉,၉၆၇,၉၅၈.၀၈ (၂၀၂၅ ခုနှစ်၊ မတ်လ (၃၁) ရက်: မြန်မာကျပ် ၈၉၁,၂၃၅,၇၇၇.၄၉) နှင့် ကုန်သွယ်ခွန်ပေးရန်ရှိ မြန်မာကျပ် ၄၇၁,၁၄၅,၉၄၇.၉၈ (၂၀၂၅ ခုနှစ်၊ မတ်လ (၃၁) ရက်: မြန်မာကျပ် ၃၈၃,၇၆၇,၁၆၇.၉၉) တို့အား ခုနှစ်မပြီးနောက် ကျန်ရှိသော စာရင်းလက်ကျန်များကို ဖော်ပြပါသည်။

၁၉။ ကုန်လက်ကျန်များ

ကုန်လက်ကျန်များတွင် သီလဝါအထူးစီးပွားရေးဇုန်အတွင်းရှိ လူနေအိမ်ယာနှင့် စီးပွားရေးဧရိယာဖွံ့ဖြိုးရေးအတွက် မြန်မာကျပန်သီလဝါဖွံ့ဖြိုးရေးလီမိတက် (MJTD) ထံမှ ဝယ်ယူထားသော မြေတန်ဖိုးနှင့် မြေယာဖော်ထုတ်သည့် ကုန်ကျစရိတ်တို့ ပါဝင်ပါသည်။ ထို့အပြင် မြေပြုပြင်မှုများ၊ ဆောက်လုပ်ရေးလုပ်ငန်းများ၊ လူနေဆိုင်ခန်း (၁၀) ခန်း၊ လူနေဆိုင်ခန်းဆောက်လုပ်ခြင်းလုပ်ငန်းများ၊ ဘောလုံးကွင်း၊ ပြပွဲဧရိယာ နှင့် MSME Project အတွက် ကုန်ကျစရိတ်များ ပါဝင်ပါသည်။

၂၀၂၆ ခုနှစ်၊ မတ်လ (၃၁) ရက်ကုန်ဆုံးသောနှစ်တွင် ကုန်လက်ကျန်များ မြန်မာကျပ် ၉၂၅,၀၅၃,၀၆၅.၃၁ (၂၀၂၅ ခုနှစ်၊ မတ်လ (၃၁) ရက်: မြန်မာကျပ် မရှိ)ကို ဘဏ္ဍာရေးနှစ်အတွင်း အသုံးစရိတ် အနေဖြင့် အသိအမှတ်ပြု စာရင်းရေးသွင်းခဲ့ပြီး ရောင်းရကုန်တန်ဖိုးတွင် ပါဝင်ခဲ့ပါသည်။

ထို့အပြင် ၂၀၂၆ ခုနှစ်၊ မတ်လ (၃၁) ရက်ကုန်ဆုံးသောနှစ်တွင် ကုန်လက်ကျန်များ မြန်မာကျပ် ၉၂,၆၉၂,၅၀၀.၀၀ (၂၀၂၅ ခုနှစ်၊ မတ်လ (၃၁) ရက်: မြန်မာကျပ် မရှိ) ကို ကုန်လက်ကျန်စာရင်းမှ ပယ်ဖျက်ခဲ့ပါသည်။ ဤကဲ့သို့ စာရင်းမှပယ်ဖျက်ခဲ့သော အသုံးစရိတ်များကို စီမံခန့်ခွဲမှုစရိတ်များတွင် ပါဝင်ခဲ့ပါသည်။

၂၀။ ထုတ်ဝေပေးသွင်းပြီး အစုရှယ်ယာရင်းနှီးငွေ

မြန်မာကျပ်ငွေ (ကျပ်ထောင်ပေါင်း)	ထုတ်ဝေထားသောသာမန် အစုရှယ်ယာအရေအတွက်		ထုတ်ဝေပေးသွင်းပြီး အစုရှယ်ယာရင်းနှီးငွေ	
	၂၀၂၆	၂၀၂၅	၂၀၂၆	၂၀၂၅
ဘဏ္ဍာရေးနှစ်အစ	**၃၈,၉၂၉,၁၅၀**	၃၈,၉၂၉,၁၅၀	**၃၈,၉၂၉,၁၅၀**	၃၈,၉၂၉,၁၅၀
အစုရှယ်ယာ ထုတ်ဝေခြင်း	–	–	–	–
ဘဏ္ဍာရေးနှစ်အဆုံး	**၃၈,၉၂၉,၁၅၀**	၃၈,၉၂၉,၁၅၀	**၃၈,၉၂၉,၁၅၀**	၃၈,၉၂၉,၁၅၀

၂၁။ ချေးယူငွေ

မြန်မာကျပ်ငွေ (ကျပ်ထောင်ပေါင်း)	၂၀၂၆	၂၀၂၅
ဘဏ္ဍာရေးနှစ်အစ	–	၄၄၀,၀၀၀
နှစ်အတွင်းလက်ခံရရှိငွေ	**၈,၀၀၀,၀၀၀**	၃၈၅,၀၀၀
နှစ်အတွင်းပြန်ဆပ်ငွေ	–	(၈၂၅,၀၀၀)
ဘဏ္ဍာရေးနှစ်အဆုံး	**၈,၀၀၀,၀၀၀**	–
လက်ငင်းပေးရန်ရှိ	**(၃၀၀,၀၀၀)**	–
	၇,၇၀၀,၀၀၀	–

ဘဏ်စာရင်းပိုငွေထုတ်ချေးငွေကို လုပ်ငန်းလှည့်လည်ရင်းနှီးငွေလိုအပ်ချက်များအတွက် အသုံးပြုမည်ဖြစ်ပြီး လက်ငင်းပေးရန်တာဝန်များအောက်တွင် အမျိုးအစားခွဲထားမည်ဖြစ်ပါသည်။ ဤချေးငွေကို မရွှေ့ပြောင်းနိုင်သောပစ္စည်း (အဆောက်အဦ) ဖြင့် အပေါင်ထားရှိပါသည်။ တစ်နှစ်လျှင် ၁၁.၅% ရှိသော အတိုးနှုန်းဖြင့် လက်ကျန်ငွေစာရင်းအပေါ်တွင် တွက်ချက်မည်ဖြစ်ပြီး ထိရောက်သော အတိုးနည်းလမ်းကို အသုံးပြု၍ စုပေါင်းဝင်ငွေအလုံးစုံပါဝင်သော ရှင်းတမ်းတွင် ကုန်ကျစရိတ်အဖြစ် အသိအမှတ်ပြုစာရင်းရေးသွင်းပါသည်။ ချေးငွေသဘောတူစာချုပ်ကို ၂၀၂၃ ခုနှစ်၊ ဩဂုတ်လ (၂၅) ရက်နေ့တွင် ချုပ်ဆိုခဲ့ပါသည်။ သဘောတူစာချုပ်ချုပ်ဆိုသောနေ့မှ ပထမ ၁၂ လအတွင်း ပမာဏကို ထုတ်ယူနိုင်မည် ဖြစ်ပြီး နှစ်စဉ်သက်တမ်းတိုးမှုများနှင့်အတူ သုံးနှစ်အထိ ရရှိမည်ဖြစ်ပါသည်။ ဘဏ်စာရင်းပိုငွေထုတ်ချေးငွေကို ၂၀၂၅ ခုနှစ်၊ မတ်လ (၃၁) ရက် ကုန်ဆုံးသော နှစ်အတွင်းအပြည့်အဝပြန်လည်ပေးဆပ်ခဲ့ပါသည်။

ချေးငွေဆိုင်ရာ သဘောတူညီချက်ကို ၂၀၂၅ ခုနှစ်၊ အောက်တိုဘာလ ၁၅ ရက်နေ့တွင် လက်မှတ်ရေးထိုးချုပ်ဆိုခဲ့ပါသည်။ ကုမ္ပဏီသည် CB Bank PCL ထံမှ မြန်မာကျပ်ငွေ ၈ ဘီလီယံ ပမာဏရှိသော ဘဏ်ချေးငွေကို ရယူခဲ့ပါသည်။ အဆိုပါချေးငွေအတွက် တစ်နှစ်လျှင် အတိုးနှုန်း ၁၄% သတ်မှတ်ထားပြီး၊ သဘောတူညီထားသည့် ပြန်လည်ပေးဆပ်မှု

အစီအစဉ်အတိုင်း ငါးနှစ်တာကာလအတွင်း ပြန်လည်ပေးဆပ်ရမည်ဖြစ်ပါသည်။ (ယင်းကာလတွင် သုံးနှစ်သက်တမ်းရှိ စီမံကိန်းအခြေပြု ငွေကြေးထောက်ပံ့မှု ချေးငွေနှင့်အတူ ထပ်ဆောင်းနှစ်နှစ် သက်တမ်းတိုးနိုင်ခွင့်ရွေးချယ်ခွင့်တို့ ပါဝင်ပါသည်)။

အဆိုပါ ချေးငွေအတွက် မှတ်စု (၁၆) တွင် ဖော်ပြထားသည့်အတိုင်း စာရင်းသေအပ်ငွေဖြင့် အာမခံထားရှိပါသည်။

၂၂။ ကုန်သွယ်မှုနှင့် အခြားပေးရန်ရှိများ

မြန်မာကျပ်ငွေ (ကျပ်ထောင်ပေါင်း)	၂၀၂၆	၂၀၂၅
ဆက်နွယ်မှုမရှိသောပုဂ္ဂိုလ်၊ အဖွဲ့အစည်းများသို့ ကုန်သွယ်မှုပေးရန်ရှိများ	**၃၂,၀၃၉**	၃၆,၈၈၇
အခြားပေးရန်ရှိများ		
- ဆက်နွယ်သောပုဂ္ဂိုလ်၊ အဖွဲ့အစည်းများ (မှတ်စု ၃၁ (ခ))	**–**	၁၈၃,၃၉၅
- ဆက်နွယ်မှုမရှိသောပုဂ္ဂိုလ်၊ အဖွဲ့အစည်းများ	**၂၄၉,၃၃၃**	၅၀,၉၅၅
ကန်ထရိုက်တာထံမှ စရန်ငွေ	**၈,၁၃၉**	၈,၁၃၉
ပေးရန်ရှိအတိုး	**၂၃၃,၂၀၅**	–
ပေးရန်ရှိအသုံးစရိတ်များ	**၂၀၀,၇၈၉**	၁,၁၇၅,၁၉၈
မပေးရသေးသောအမြတ်ဝေစု	**၁,၅၃၉,၇၉၀**	၁,၃၃၅,၇၂၉
ရွှေဆိုင်းထားသော ငှားရမ်းခဝင်ငွေ - ဆက်နွယ်မှုမရှိသော ပုဂ္ဂိုလ်၊ အဖွဲ့အစည်းများ	**၅၃,၃၈၉**	၆၉,၃၈၁
ကုန်သွယ်လုပ်ငန်းခွန်*	**၁၀**	၂,၆၈၆
	၂,၃၁၆,၆၉၄	၂,၈၆၂,၃၇၀

*ကြိုတင်ပေးကုန်သွယ်ခွန် မြန်မာကျပ် ၃၇၇,၇၃၄,၅၉၃.၉၆ (၂၀၂၅ ခုနှစ်၊ မတ်လ (၃၁) ရက်: မြန်မာကျပ် ၁၂,၅၆၁,၇၅၅.၅၂) နှင့် ကုန်သွယ်ခွန်ပေးရန်ရှိ မြန်မာကျပ် ၃၇၇,၇၄၄,၅၂၈.၉၈ (၂၀၂၅ခုနှစ်၊ မတ်လ (၃၁) ရက်: မြန်မာကျပ် ၁၅,၂၄၇,၃၄၈.၂၀) တို့အား ခုနှစ်မပြီးနောက် ကျန်ရှိသော စာရင်းလက်ကျန်များကို ဖော်ပြပါသည်။

၂၃။ ပေါ်ကောင်းပေါ်လာနိုင်သည့်ပေးရန်တာဝန်

၂၀၂၅ ခုနှစ်၊ အောက်တိုဘာလ ၁၅ ရက်နေ့တွင် ကုမ္ပဏီသည် အဆိုပါနေ့ရက်စွဲပါ CB Bank PCL နှင့် ချုပ်ဆိုထားသော ချေးငွေဆိုင်ရာသဘောတူညီချက်အရ လက်အောက်ခံကုမ္ပဏီ၏ ငွေကြေးဆိုင်ရာတာဝန်များအတွက် ကော်ပိုရိတ်အာမခံချက် ပေးအပ်ခဲ့ပါသည်။ ထိုအာမခံချက်သည် မြန်မာကျပ် သန်း ၈,၀၀၀ ထက်မကျော်လွန်သော ချေးငွေအပါအဝင် အတိုးငွေများ၊ ပျက်ကွက်မှုကြောင့် ဖြစ်ပေါ်လာသောအတိုးများ၊ အခကြေးငွေများ၊ ကုန်ကျစရိတ်များနှင့် သဘောတူညီချက်အရ ပေးချေရမည့် အခြားကုန်ကျစရိတ်များအားလုံး ပါဝင်ပါသည်။ အစီရင်ခံစာတင်ပြသည့်နေ့အထိ၊ ဒါရိုက်တာအဖွဲ့ဝင်များအနေဖြင့် စီးပွားရေးဆိုင်ရာအရင်းအမြစ်များ အပြင်သို့စီးထွက်ရန် အလားအလာမရှိဟု ယူဆသောကြောင့် ဤအာမခံချက်နှင့်စပ်လျဉ်း၍ လျာထားချက် တစ်စုံတစ်ရာကိုမျှ စာရင်းတွင် အသိအမှတ်ပြုစာရင်းရေးသွင်းခြင်း မရှိပါ။

၂၄။ ဝင်ငွေ

မြန်မာကျပ်ငွေ (ကျပ်ထောင်ပေါင်း)	၂၀၂၆	၂၀၂၅
စီမံခန့်ခွဲမှု အခကြေးငွေ (မှတ်စု ၃၁ (က))	**၃,၄၄၉,၄၆၆**	၃,၃၉၅,၄၈၃
(၁၀) နှစ်မြောက် စီမံခန့်ခွဲမှုအခကြေးငွေ (မှတ်စု ၃၁ (က))	**၂,၉၇၈,၂၄၀**	–
အရောင်းကိုယ်စားလှယ် ကော်မရှင်ခ (မှတ်စု ၃၁ (က))	**၃၄၁,၃၄၆**	၃၈၁,၈၂၄
ကော်မရှင်ဝင်ငွေ	**၇၇၅,၃၀၁**	–
အဆောက်အဦရောင်းရငွေ	**၂,၁၆၀,၀၀၀**	–
ကုန်ရောင်းခြင်း	**–**	၁၅,၆၀၀,၀၀၀
ငှားရမ်းခ	**၂၈၅,၂၃၅**	၂၃၈,၁၁၅
ဆက်သွယ်ရေးမှရရှိသည့် ဝင်ငွေ	**၅,၅၉၂**	၃,၅၃၇
ရေ၊ မီး သုံးစွဲမှု၊ ထိန်းသိမ်းမှုအတွက် ဝင်ငွေ	**၇၃၉,၇၉၂**	၄၇၆,၈၈၁
	၁၀,၇၃၄,၉၇၂	၂၀,၀၉၅,၈၄၀

စီမံခန့်ခွဲမှုအခကြေးငွေ

စီမံခန့်ခွဲမှုအခကြေးငွေကို အောက်ပါပုဂ္ဂိုလ်များက MJTD အား စီမံခန့်ခွဲမှုဆောင်ရွက်ပေးခြင်းအတွက် ရရှိခဲ့ပါသည်။

(၁) ဥက္ကဋ္ဌ

(၂) ဒုဥက္ကဋ္ဌ

(၃) ဘဏ္ဍာရေးအရာရှိချုပ်

(၄) စီမံနှင့် လူစွမ်းအားအရင်းအမြစ်အရာရှိချုပ်

(၅) ပြည်သူ့ဆက်ဆံရေး အရာရှိချုပ်

အရောင်းကိုယ်စားလှယ် ကော်မရှင်ခ

MJTD ၏ မြေရောင်းချခြင်းနှင့်စပ်လျဉ်း၍ MJTD ထံမှ ရရှိသော ကော်မရှင်ခများကို ဖော်ပြပါသည်။

ကော်မရှင်ဝင်ငွေ

ဆိုလာပြားများ ရောင်းချမှုအတွက် ကုန်ပစ္စည်းရောင်းချသူထံမှ ရရှိသော ကော်မရှင်ဝင်ငွေကို ဖော်ပြပါသည်။

အဆောက်အဦရောင်းရငွေ

လူနေဆိုင်ခန်းများရောင်းချခြင်းကို ဖော်ပြပါသည်။

ကုန်ရောင်းခြင်း

ပြည်တွင်းရှိ ဖောက်သည်တစ်ဦးအား ပဲများရောင်းချမှုကို ဖော်ပြပါသည်။

ငှားရမ်းခ

ငှားရမ်းခဝင်ငွေတွင် ကြော်ငြာဆိုင်းဘုတ်ငှားရမ်းခြင်းနှင့် အခန်းငှားရမ်းခြင်း၊ စားသောက်ဆိုင်နှင့် ဆိုင်ခန်းငှားရမ်းခြင်းများ ပါဝင်ပါသည်။

ဆက်သွယ်ရေးမှရရှိသည့် ဝင်ငွေ

ဆက်သွယ်ရေးမှ ရရှိသည့် ဝင်ငွေတွင် ဖိုင်ဘာအော့(ပ်)တစ်ကေဘယ်လိုင်းကို ဆက်သွယ်ရေးဝန်ဆောင်မှုပေးသူအား အသုံးပြုခွင့်ပေးခြင်းအတွက် ပုံသေနှုန်းဖြင့် ရရှိခြင်းနှင့် ဝင်ငွေကို ခွဲဝေခြင်းနည်းဖြင့် ရရှိခြင်းတို့ ဖော်ပြပါသည်။

ရေ၊ မီး သုံးစွဲမှု၊ ထိန်းသိမ်းမှုအတွက် ဝင်ငွေ

ရေ၊ မီးသုံးစွဲမှု၊ ထိန်းသိမ်းမှုအတွက် ဝင်ငွေတွင် ဘဏ်များ၊ လူနေဆိုင်ခန်းများ၊ ငှားရမ်းထားသောဆိုင်များနှင့် စားသောက်ဆိုင်များမှ ရေ၊ မီးသုံးစွဲမှုနှင့် အများသုံးဧရိယာထိန်းသိမ်းမှုများအတွက် အခကြေးငွေများ ပါဝင်ပါသည်။

၂၅။ အမျိုးအစားအလိုက်ကုန်ကျစရိတ်များ

မြန်မာကျပ်ငွေ (ကျပ်ထောင်ပေါင်း)	၂၀၂၆	၂၀၂၅
အခန်းငှားရမ်းမှုအတွက်ကုန်ကျစရိတ်	**၂၂၃,၁၂၃**	၃၁၆,၇၅၆
အဆောက်အဦကုန်ကျစရိတ် - လူနေဆိုင်ခန်း	**၁,၀၁၀,၆၂၂**	–
ရေ၊ မီး သုံးစွဲမှု၊ ထိန်းသိမ်းခြင်းစရိတ်	**၅၈၉,၆၇၅**	၃၇၇,၀၃၁
စီမံခန့်ခွဲမှုအခကြေးငွေ၏ကုန်ကျစရိတ်	**၆၈၉,၈၉၃**	၆၇၉,၀၉၆
(၁၀) နှစ်မြောက် စီမံခန့်ခွဲမှုအခကြေးငွေ၏ကုန်ကျစရိတ်	**၇၂၄,၈၈၀**	–
ရောင်းချခဲ့သောပဲ ကုန်ကျစရိတ်	–	၁၂,၂၁၃,၉၆၀
မြေယာပြုပြင်ခြင်း	**၇၃,၈၃၂**	–
လူစွမ်းအား	**၆၃,၆၂၉**	–
မြေ၊အဆောက်အအုံ၊စက်နှင့် စက်ပစ္စည်းကိရိယာပယ်ဖျက်ခြင်း (မှတ်စု ၈)	**၂,၃၅၃**	၅၃
ကုန်လက်ကျန်များ ပယ်ဖျက်ခြင်း	**၉၂,၆၉၃**	–
မြေ၊အဆောက်အဦ၊စက်နှင့် စက်ပစ္စည်းကိရိယာတန်ဖိုးလျော့ (မှတ်စု ၈)	**၁၈၈,၁၄၁**	၂၃၄,၆၅၈
ရင်းနှီးမြှုပ်နှံထားသော ပိုင်ဆိုင်ပစ္စည်းတန်ဖိုးလျော့ (မှတ်စု ၁၂)	**၁၁၆,၄၅၀**	၁၂၆,၀၇၉
ထိတွေ့ကိုင်တွယ်၍မရသော ရရန်ပိုင်ခွင့်တန်ဖိုးလျော့ (မှတ်စု ၉)	**၂၀၄**	၂၀၁
ဝန်ထမ်းအကျိုးအမြတ်စရိတ်များ (မှတ်စု ၂၅ (က))	**၉၄၀,၄၃၂**	၆၈၅,၆၈၄
အဓိကအရေးပါသောစီမံအုပ်ချုပ်သူနှင့်ဒါရိုက်တာခံစားခွင့်များ (မှတ်စု ၃၁ (ဂ))	**၁,၅၆၂,၀၉၂**	၁,၄၇၀,၉၄၉
အရောင်း၊ ဈေးကွက်ရှာဖွေရေးနှင့် လုပ်ငန်းဖွံ့ဖြိုးမှုအတွက် စရိတ်များ	**၉၈,၄၄၈**	၄၉,၆၂၆
သယ်ယူပို့ဆောင်ရေးစရိတ်	**၁၂၃,၆၃၅**	၆၂,၀၇၆
စာရင်းဝင်စရိတ်	**၁၃,၃၁၂**	၇,၁၉၅
အခြားစရိတ်များ	**၅၂၀,၉၃၁**	၁,၅၁၀,၃၂၁
မပေါ်ပေါက်ခဲ့သောအမြတ်စာရင်းညှိနှိုင်းမှု	**(၂၀,၉၄၀)**	(၂၇,၀၃၄)
စုစုပေါင်းကုန်ရောင်းစရိတ်များ၊ အရောင်း၊ ဈေးကွက်ရှာဖွေရေးနှင့် လုပ်ငန်း ဖွံ့ဖြိုးမှုအတွက် ကုန်ကျစရိတ်များ နှင့် စီမံခန့်ခွဲမှုစရိတ်များ	**၇,၀၁၃,၄၀၅**	၁၇,၇၀၆,၆၅၁

၂၅-က။ ဝန်ထမ်းအကျိုးအမြတ်စရိတ်များ

မြန်မာကျပ်ငွေ (ကျပ်ထောင်ပေါင်း)	၂၀၂၆	၂၀၂၅
လုပ်ခနှင့် လစာများ	၆၁၁,၅၄၇	၄၉၅,၂၃၃
အခြားအကျိုးအမြတ်များ	၃၂၈,၈၈၅	၁၉၀,၄၅၁
	၉၄၀,၄၃၂	၆၈၅,၆၈၄

၂၆။ အခြားဝင်ငွေ

မြန်မာကျပ်ငွေ (ကျပ်ထောင်ပေါင်း)	၂၀၂၆	၂၀၂၅
အထွေထွေဝင်ငွေ	၁၈,၇၃၉	၁၁,၃၄၃
တင်ဒါရောင်းရငွေ	–	၇၀၀
	၁၈,၇၃၉	၁၂,၀၄၃

၂၇။ အခြားအမြတ်၊ (အရှုံး) များ

မြန်မာကျပ်ငွေ (ကျပ်ထောင်ပေါင်း)	၂၀၂၆	၂၀၂၅
နိုင်ငံခြားငွေအမြတ်၊ (အရှုံး) များ	၈၇,၁၆၆	၇,၂၃၉,၀၃၃
မြေ၊အဆောက်အအုံ၊စက်နှင့် စက်ပစ္စည်းကိရိယာ ရောင်းချမှုမှ မြတ်စွန်းငွေ	၁၃၆,၅၅၂	–
	၂၂၃,၇၁၈	၇,၂၃၉,၀၃၃

၂၈။ ဘဏ္ဍာရေးဝင်ငွေ

မြန်မာကျပ်ငွေ (ကျပ်ထောင်ပေါင်း)	၂၀၂၆	၂၀၂၅
ငွေရေးကြေးရေးဆိုင်ရာအဖွဲ့အစည်းများတွင် အပ်နှံထားငွေများမှ ရရှိသော အတိုးဝင်ငွေ	၁,၀၃၆,၁၄၇	၆၇၉,၃၁၆
ငှားရမ်းခြင်းမှ အတိုးဝင်ငွေ	၃၉,၄၅၄	၁၃,၈၄၀
အခြားရရန်ရှိများအပေါ် အတိုးဝင်ငွေ	၄၀,၆၁၈	၃၅,၂၂၅
	၁,၁၁၆,၂၁၉	၇၂၈,၃၈၁

၂၉။ ဝင်ငွေခွန်စရိတ်

မြန်မာကျပ်ငွေ (ကျပ်ထောင်ပေါင်း)	၂၀၂၆	၂၀၂၅
လက်ရှိအခွန်စရိတ်/ (ဝင်ငွေ)	၇၅၀,၁၃၅	၁,၅၈၉,၃၉၀
ယခင်နှစ်နှင့်ဆိုင်သော ညှိနှိုင်းချက်များ	–	၅,၈၈၂
ရွှေ့ဆိုင်းထားသော အခွန်စရိတ်/ (ဝင်ငွေ) (မှတ်စု ၁၃)	(၃၅,၁၆၆)	(၈၀,၁၄၁)
	၇၁၄,၉၃၉	၁,၅၁၅,၁၃၁

ဘဏ္ဍာရေးနှစ်အတွက် လက်ရှိအခွန်စရိတ်ကို ဝင်ငွေခွန်နှုန်းထား ၁၇% နှင့် ၂၂% (၂၀၂၅ ခုနှစ်၊ မတ်လ (၃၁) ရက်: ၁၇% နှင့် ၁၁%) ကိုအသုံးပြု၍ တွက်ချက်ပါသည်။ အခွန်နှုန်းထားများကို ပြည်ထောင်စုအခွန်အကောက်ဥပဒေနှင့် မြန်မာအထူးစီးပွားရေးဇုန် ဥပဒေ ၂၀၁၄ တို့ဖြင့် ပြဋ္ဌာန်းခဲ့ပါသည်။

ဝင်ငွေခွန်စရိတ်နှင့် စာရင်းအရအမြတ်အကြားကိုက်ညီချက်

မြန်မာကျပ်ငွေ (ကျပ်ထောင်ပေါင်း)	**၂၀၂၆**	၂၀၂၅
စာရင်းအရအမြတ်	**၁၂,၁၁၉,၇၉၅**	၁၄,၇၁၉,၃၃၀
သက်ဆိုင်သည့်အခွန်နှုန်း - ၁၇%, ၂၂% နှင့် ၁၁%	**၂,၀၈၈,၇၇၈**	၂,၄၂၁,၆၄၅
အခွန်ဝင်ငွေတွက်ချက်ရာတွင် ခုနှိမ်ခွင့်မရှိသော/ (အခွန်မပေးဆောင်ရသော) အခွန်သက်ရောက်မှု စရိတ်/ (ဝင်ငွေ):		
တွဲဖက်ကုမ္ပဏီ၏ အချို့းကျအသားတင်အမြတ်	**(၁,၂၀၀,၂၈၃)**	(၇၄၆,၇၅၄)
ကုမ္ပဏီမှ ကျခံထားသော ဝင်ငွေခွန်	–	၃၅,၄၇၅
စီးပွားရေးဆိုင်ရာကုန်ကျစရိတ်များ	**၁,၃၆၁**	၆၂
ဧည့်ခံစရိတ်	**၆၄**	၁,၅၅၈
လူဒါန်းငွေ	**(၁၃,၇၈၆)**	၃၂,၆၈၄
အမှန်မပေါ်ပေါက်ခဲ့သော ငွေကြေးလဲလှယ်မှု(အမြတ်)/ အရှုံးများ	**(၁၈,၂၅၈)**	(၂၃၁,၂၄၁)
မြေ၊ အဆောက်အဦ၊ စက်နှင့် စက်ပစ္စည်းကိရိယာ ရောင်းချခြင်းမှအမြတ်	**(၃၀,၀၄၂)**	–
အခွန်ထက် ပိုမိုသော/ (လျော့နည်းသော) စာရင်းစာအုပ်အရတန်ဘိုးလျော့ငွေ	**၃,၀၆၂**	၅,၅၃၇
ယခင် အသိအမှတ်ပြုစာရင်းရေးသွင်းခြင်းမပြုခဲ့သော အခွန်အရှုံး အသုံးပြုခဲ့ခြင်း၏အကျိုးသက်ရောက်မှု*	–	(၄,၆၇၀)
ရွှေ့ဆိုင်းထားသောအခွန်ရပိုင်ခွင့်အဖြစ် အသိအမှတ်ပြု စာရင်းရေးသွင်းခဲ့သော အခွန်အရှုံးများ	–	၇၅,၀၉၄
ယခင်နှစ်တွင် အသိအမှတ်ပြုရေးသွင်းခဲ့သော အခွန်အရှုံးများအား အသုံးပြုခြင်း	**(၈၀,၇၆၁)**	–
လက်ရှိအခွန်စရိတ်/ (ဝင်ငွေ)	**၇၅၀,၁၃၅**	၁,၅၈၉,၃၉၀
ယခင်နှစ်နှင့်ဆိုင်သော ညှိနှိုင်းချက်	–	၅,၈၅၂
ရွှေ့ဆိုင်းထားသောအခွန်ရပိုင်ခွင့် စာရင်းဖွင့်လက်ကျန်အပေါ်တွင် အခွန်နှုန်းထားပြောင်းလဲခြင်း၏ အကျိုးသက်ရောက်မှု (ပြန်လည်တိုင်းတာခြင်း)	**(၁၂၂,၂၄၅)**	-
ခုနှိမ်ခွင့်ရှိသော ယာယီကွာခြားချက်ကို အသိအမှတ်ပြုစာရင်း ရေးသွင်းရာတွင် ပြောင်းလဲမှုများ	**၈၇,၀၄၉**	(၈၀,၁၄၁)
စုစုပေါင်းဝင်ငွေခွန်စရိတ်	**၇၁၄,၉၃၉**	၁,၅၁၅,၁၃၁

*၂၀၂၅ ခုနှစ်၊ မတ်လ (၃၁) ရက်နေ့ကုန်ဆုံးသောနှစ်တွင် ကုမ္ပဏီသည် အခွန်စည်းကြပ်နိုင်သော အမြတ်ငွေများ ဖြစ်ပေါ်ခဲ့ပြီး ၂၀၂၄ ခုနှစ်၊ မတ်လ (၃၁) ရက်နေ့ကုန်ဆုံးသောနှစ်တွင်အသိအမှတ်ပြုစာရင်းရေးသွင်းခြင်းမရှိခဲ့သည့် အသုံးမပြုရသေးသည့် အခွန်ခုနှိမ်နိုင်သော အရှုံးငွေ မြန်မာကျပ် ၂၇,၄၇၃,၄၃၁ ကို အသုံးပြုခဲ့ပါသည်။ အဆိုပါ အသုံးပြုခဲ့မှု၏ အကျိုးအမြတ်သည် ယခုနှစ်အတွက် လက်ရှိအခွန်စရိတ်ကို လျော့နည်းမှုအဖြစ် ထင်ဟပ်ပါသည်။ အဆိုပါအရှုံးများနှင့်စပ်လျဉ်း၍ ရွှေ့ဆိုင်းထားသောအခွန်ရပိုင်ခွင့်ကို ယခင်ကအသိအမှတ်ပြု စာရင်းရေးသွင်းခြင်းမပြုခဲ့သောကြောင့် အသုံးပြုမှုသည် ရွှေ့ဆိုင်းထားသောအခွန်လက်ကျန်များအပေါ် သက်ရောက်မှုမရှိခဲ့ပါ။

၃၀။ အစုရှယ်ယာတစ်စု၏ ဝင်ငွေ

အစုရှယ်ယာတစ်စု၏ အခြေခံဝင်ငွေ

အစုရှယ်ယာတစ်စု၏ အခြေခံဝင်ငွေကို ဘဏ္ဍာရေးနှစ်အတွင်း ကုမ္ပဏီ၏ ပိုင်ရှင်များသို့ ခွဲဝေပေးရသော အသားတင် အမြတ်ကို ဘဏ္ဍာရေးနှစ်အတွင်းအချိန်နှင့် ပျမ်းမျှယူထားသော သာမန်အစုရှယ်ယာအရေအတွက်ဖြင့် စားပြီး တွက်ချက် ထားပါသည်။

အစုရှယ်ယာတစ်စု၏ အားပျော့စေသောဝင်ငွေ

အစုရှယ်ယာတစ်စု၏ အားပျော့စေသောဝင်ငွေကို ကုမ္ပဏီ၏ ပိုင်ရှင်များသို့ ခွဲဝေနိုင်သောအမြတ်ကို အချိန်နှင့် ပျမ်းမျှယူ ထားသော သာမန်အစုရှယ်ယာအရေအတွက်နှင့် dilutive ရှယ်ယာစုစုပေါင်းဖြင့် စားပြီး တွက်ချက်ထားပါသည်။

မြန်မာကျပ်ငွေ (ကျပ်ထောင်ပေါင်း)	၂၀၂၆	၂၀၂၅
ကုမ္ပဏီ၏ပိုင်ရှင်များသို့ ခွဲဝေပေးနိုင်သော အသားတင်အမြတ် (မြန်မာကျပ်ငွေထောင်ပေါင်း)	**၁၁,၃၀၅,၁၁၀**	၁၂,၉၄၇,၄၂၂
အချိန်နှင့် ပျမ်းမျှယူထားသော သာမန်အစုရှယ်ယာ အရေအတွက် (အစုရှယ်ယာထောင်ပေါင်း)	**၃၈,၉၂၉**	၃၈,၉၂၉
အချိန်နှင့် ပျမ်းမျှယူထားသော သာမန်အစုရှယ်ယာ အရေအတွက် နှင့် dilutive ရှယ်ယာ (အစုရှယ်ယာထောင်ပေါင်း)	**၃၈,၉၂၉**	၃၈,၉၂၉
အစုရှယ်ယာတစ်စု၏ အခြေခံဝင်ငွေ	**၂၉၀**	၃၃၃
အစုရှယ်ယာတစ်စု၏ အားပျော့စေသောဝင်ငွေ	**၂၉၀**	၃၃၃
အစုရှယ်ယာတစ်စု၏တန်ဖိုး (မြန်မာကျပ်)	**၁,၀၀၀**	၁,၀၀၀

၃၁။ ဆက်နွယ်သော ပုဂ္ဂိုလ်၊အဖွဲ့အစည်းများအကြား စီးပွားရေးလုပ်ဆောင်ချက်များ

စုပေါင်းဘဏ္ဍာရေးရှင်းတမ်းများရှိ အခြားနေရာများတွင် ဖော်ပြထားသော အချက်အလက်များအပြင် အောက်ပါ လုပ်ငန်းလုပ်ဆောင်ချက်များသည် ကုမ္ပဏီနှင့် ဆက်နွယ်သောပုဂ္ဂိုလ်၊ အဖွဲ့အစည်းများအကြားတွင် သဘောတူညီချက် များနှင့်အညီ ပေါ်ပေါက်ခဲ့ပါသည်။

(က) ဆက်နွယ်သော ပုဂ္ဂိုလ်၊အဖွဲ့အစည်းများအကြား စီးပွားရေးလုပ်ဆောင်ချက်များ

မြန်မာကျပ်ငွေ (ကျပ်ထောင်ပေါင်း)	၂၀၂၆	၂၀၂၅
တွဲဖက်ကုမ္ပဏီထံမှရရှိခဲ့သော စီမံခန့်ခွဲမှု အခကြေးငွေ (မှတ်စု ၂၄)	**၃,၄၄၉,၄၆၆**	၃,၃၉၅,၄၈၃
(၁၀) နှစ်မြောက် စီမံခန့်ခွဲမှုအခကြေးငွေ (မှတ်စု ၂၄)	**၂,၉၇၈,၂၄၀**	–
တွဲဖက်ကုမ္ပဏီထံမှရရှိခဲ့သော အရောင်းကိုယ်စားလှယ် ကော်မရှင်ခ (မှတ်စု ၂၄)	**၃၄၁,၃၄၆**	၃၈၁,၈၂၄

(ခ) ဘဏ္ဍာရေးနှစ်ကုန်ဆုံးချိန်ရှိ စာရင်းလက်ကျန်များ

မြန်မာကျပ်ငွေ (ကျပ်ထောင်ပေါင်း)	၂၀၂၆	၂၀၂၅
ဆက်နွယ်သောပုဂ္ဂိုလ်၊ အဖွဲ့အစည်းများမှ ကုန်သွယ်မှုရရန်ရှိများ (မှတ်စု ၁၈)		
တွဲဖက်ကုမ္ပဏီ	၂,၄၄၇	၄၀၅,၇၆၀
ဆက်နွယ်သောပုဂ္ဂိုလ်၊ အဖွဲ့အစည်းများသို့ အခြားပေးရန်ရှိများ (မှတ်စု ၂၂)		
အခြားဆက်နွယ်သောပုဂ္ဂိုလ်၊ အဖွဲ့အစည်းများ	–	၁၈၃,၃၉၅

အခြားဆက်နွယ်သောပုဂ္ဂိုလ်၊ အဖွဲ့အစည်းများတွင် ကုမ္ပဏီ၏ ဒါရိုက်တာအဖွဲ့ဝင်များ ပါဝင်ပါသည်။

(ဂ) အဓိကအရေးပါသော စီမံအုပ်ချုပ်သူနှင့် ဒါရိုက်တာ ခံစားခွင့်များ

မြန်မာကျပ်ငွေ (ကျပ်ထောင်ပေါင်း)	၂၀၂၆	၂၀၂၅
ဒါရိုက်တာ အခကြေးငွေ	**၉၆,၀၀၀**	၉၆,၀၀၀
ဒါရိုက်တာ ဆုကြေး		
- ၂၀၂၃ ခုနှစ်၊ ဧပြီလမှ ၂၀၂၄ ခုနှစ်၊ မတ်လ	–	၁၇,၀၉၃
- ၂၀၂၄ ခုနှစ်၊ ဧပြီလမှ ၂၀၂၅ ခုနှစ်၊ မတ်လ	–	၁၈၃,၃၉၅
အဓိကအရေးပါသော စီမံအုပ်ချုပ်သူများ အခကြေးငွေ	**၁,၂၅၆,၆၄၀**	၁,၁၁၃,၀၃၇
အဓိကအရေးပါသော စီမံအုပ်ချုပ်သူများ ဆုကြေး	**၂၀၉,၄၅၂**	၆၁,၄၂၄
	၁,၅၆၂,၀၉၂	၁,၄၇၀,၉၄၉

(ဃ) ဆက်နွယ်သော ပုဂ္ဂိုလ်၊ အဖွဲ့အစည်းများအကြား အရေးပါသောသဘောတူညီချက်များ

စီမံခန့်ခွဲမှုအခကြေးငွေ

ကုမ္ပဏီသည် စီမံခန့်ခွဲမှုဆိုင်ရာ ဝန်ဆောင်မှုများပေးရန်အတွက် မြန်မာဂျပန်သီလဝါ ဒီဗလော့မန့် လီမိတက်နှင့် စီမံခန့်ခွဲမှုဆိုင်ရာ သဘောတူညီမှုများ ပြုလုပ်ခဲ့ပါသည်။ အဆိုပါသဘောတူညီချက်များအရ ကုမ္ပဏီသည် သဘောတူညီချက်တွင် သတ်မှတ်ထားသည့်အတိုင်း စီမံခန့်ခွဲမှုအခကြေးငွေကို ရပိုင်ခွင့်ရှိပါသည်။ ၎င်းသဘောတူညီချက်သည် ၂၀၂၇ ခုနှစ်၊ ဒီဇင်ဘာလတွင် သက်တမ်းကုန်ဆုံးမည်ဖြစ်ပါသည်။

၃၂။ စုပေါင်းဘဏ္ဍာရေးရှင်းတမ်းများအတည်ပြုခြင်း

ကုမ္ပဏီအုပ်စု၏ ၂၀၂၆ ခုနှစ်၊ မတ်လ (၃၁) ရက်နေ့ ကုန်ဆုံးသော ဘဏ္ဍာရေးနှစ်အတွက် စုပေါင်းဘဏ္ဍာရေးရှင်းတမ်းများကို ၂၀၂၆ ခုနှစ်၊ ဧပြီလ (၁၂) ရက်နေ့တွင် ကုမ္ပဏီ၏ ဒါရိုက်တာဘုတ်အဖွဲ့ဝင်များ၏ ဆုံးဖြတ်ချက်အရ ထုတ်ပြန်ရန် အတည်ပြုခဲ့ပါသည်။

DIRECTORY

RESPONSIBLE ENTITY

MYANMAR THILAWA SEZ HOLDINGS PUBLIC CO., LTD.

Company Registration No. 151830293

SHWE ZABU RIVER VIEW COMPLEX, 23G–1, NO.3B

TOWER (A), PENTHOUSE–01 & 02, STRAND ROAD, AHLONE TOWNSHIP, YANGON, MYANMAR

ASSOCIATE

MYANMAR JAPAN THILAWA DEVELOPMENT LIMITED

Company Registration No. 103789656

ADMINITRATION BUILDING, MJTD OFFICE, DAGON THILAWA ROAD, THILAWA SEZ,

KYAUK TAN TOWNSHIP, YANGON.

SUBSIDARY

THILAWA PROPERTY DEVELOPMENT LIMITED

Company Registration No. 101952428

TPD OPERATION CENTRE, THILAWA SPECIAL ECONOMIC ZONE, R&C AREA, ZONE (A),

KYAUK TAN TOWNSHIP, YANGON, MYANMAR.

AUDITOR

WIN THIN & ASSOCIATE (CERTIFIED PUBLIC ACCOUNTANT)

ROOM (2B/2C) 1ST FLOOR, ROSE CONDOMINIUM, NO. (182/194), BOTAHTAUNG PAGODA ROAD,

PAZUNDAUNG TOWNSHIP, YANGON.

INVESTOR INQUIRES

MYANMAR THILAWA SEZ HOLDINGS PUBLIC CO., LTD.

SHWE ZABU RIVER VIEW COMPLEX, 23G–1, NO.3B TOWER (A), PENTHOUSE–01 & 02, STRAND ROAD,

AHLONE TOWNSHIP, YANGON, MYANMAR

TEL: +95 1 2301772,2301773, 2301853

WEB: www.mtshmyanmar.com

